# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ သီတင်းကျွတ်လပြည့်ကျော် (၄) ရက် ၊ ကြာသပတေးနေ့ ၊ (2-11-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၁၈၆)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# လုံခြုံစိတ်ချ၍ တည်ငြိမ်ကောင်းမွန်ကြံ့ခိုင်သော ဆိုက်ဘာနယ်ပယ်တစ်ခုတည်ဆောက်နိုင်ရန်အတွက် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ အထောက်အပံ့ပစ္စည်းများနှင့် နည်းပညာများကို မဟာဗျူဟာမြောက် ချမှတ်ဆောင်ရွက်သွားကြရမည်ဖြစ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ဆိုက်ဘာလုံခြုံရေးဆိုင်ရာမူဝါဒရှင်းလင်းဆွေးနွေးပွဲနှင့် ဆိုက်ဘာလုံခြုံရေးအသိပညာပေးဗီဒီယိုပြိုင်ပွဲ တက္ကသိုလ်အဆင့် ဆုပေးပွဲတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁**

ဆိုက်ဘာလုံခြုံရေးဆိုင်ရာ မူဝါဒရှင်းလင်းဆွေးနွေးပွဲနှင့် ဆိုက်ဘာလုံခြုံရေး အသိပညာပေးဗီဒီယိုပြိုင်ပွဲ တက္ကသိုလ်အဆင့် ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနန၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက မြန်မာနိုင်ငံတွင် ၂၀၁၃ ခုနှစ်၌ ဆက်သွယ်ရေးဥပဒေကိုပြဋ္ဌာန်းခဲ့ပြီးနောက် ဆက်သွယ်ရေးကဏ္ဍကို လွတ်လပ်သောဈေးကွက်အဖြစ် **စာမျက်နှာ ၁၆ ကော်လံ ၁** ⇨

အင်းလေးဒေသရှိ ဖောင်တော်ဦးမြတ်စွာဘုရား မူလစံကျောင်းတော်ဝင်ပွဲနှင့် အင်းသားရိုးရာလှေပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ ပြုလုပ် စာမျက်နှာ - ၂၀

နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်ကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ လာရောက်ပေးအပ် စာမျက်နှာ - ၁၉

တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့်မြစ်ရေယာဉ်(စကု) ညောင်တုန်းမြို့ မြို့ပေါ်ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ စတင်ဆောင်ရွက် စာမျက်နှာ - ၁၉






ရတနာပုံ
၂၀၁၃ ခုနှစ် နိုဝင်ဘာ ၂ ရက်

အယ်ဒီတာ့အာဘော်

# အောင်မြင်ခဲ့သော အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး

(၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) (MICC-II) ၌ အောက်တိုဘာ ၂၄ ရက်မှ အောက်တိုဘာ ၃၁ ရက်ထိ အောင်မြင်စွာကျင်းပကာ ဆုချီးမြှင့်ခဲ့သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ အစိုးရလက်ထက် ၂၀၂၂ ခုနှစ်တွင် (၂၃)ကြိမ်မြောက်အဖြစ် စတင်ကျင်းပခဲ့ရာ ပြိုင်ပွဲကြီး တွင် ဗဟိုအဆင့်ပြိုင်ပွဲဝင်အင်အား ၁၈၃၈ ဦးရှိခဲ့ပြီး ယခုနှစ် (၂၄)ကြိမ်မြောက် ဗဟိုအဆင့်တွင် ပြိုင်ပွဲဝင်အင်အား ၂၃၀၆ ဦးရှိသည့်အတွက် ယခင်နှစ်ကထက် ၄၆၈ ဦး ပိုမိုပါဝင်လာသည်ကို ဝမ်းမြောက်ဖွယ်တွေ့ရသည်။ ပြီးခဲ့သည့်နှစ်က ရွှေတံဆိပ်ဆွတ်ခူးရရှိသူ ၁၈၁ ဦး၊ ငွေတံဆိပ် ဆွတ်ခူးရရှိသူ ၁၄၃ ဦး၊ ကြေးတံဆိပ်ဆွတ်ခူးရရှိသူ ၁၂၁ ဦး၊ နှစ်သိမ့်ဆုရရှိသူ ၅၆ ဦးနှင့် အထူးဆုရရှိသူ နှစ်ဦး စုစုပေါင်း ၅၀၃ ဦးရှိခဲ့ရာ ယခုနှစ်ပြိုင်ပွဲတွင် ရွှေတံဆိပ် ၁၇၁ ဦး၊ ငွေတံဆိပ် ၁၅၆ ဦး၊ ကြေးတံဆိပ် ၁၅၆ ဦးနှင့် နှစ်သိမ့်ဆုနှင့် အထူးဆုများ ချီးမြှင့်ပေးခဲ့သည့်အတွက် ယခင်နှစ် ကထက် ဆုအရေအတွက် ပိုမိုချီးမြှင့်ခဲ့သည်။

(၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဆုတံဆိပ် ရရှိမှုများမှာ ရန်ကုန်တိုင်းဒေသကြီးက ၁၄၃ ဆု၊ မန္တလေးတိုင်းဒေသကြီးက ၈၁ ဆု၊ ဧရာဝတီတိုင်း ဒေသကြီးက ၅၆ ဆု၊ ကရင်ပြည်နယ်က ၃၁ ဆု၊ စစ်ကိုင်းတိုင်းဒေသကြီးက ၃၂ ဆု၊ ပဲခူးတိုင်း ဒေသကြီးက ဆု ၄၀၊ မွန်ပြည်နယ်က ၃၂ ဆု၊ ရခိုင်ပြည်နယ်က ၁၇ ဆု၊ တနင်္သာရီတိုင်းဒေသကြီး က ၁၉ ဆု၊ ကချင်ပြည်နယ်က ၁၉ ဆု၊ ကယားပြည်နယ်က ၁၆ ဆု၊ ရှမ်းပြည်နယ်က ၁၅ ဆု၊ ချင်း ပြည်နယ်က ၁၄ ဆုနှင့် မကွေးတိုင်းဒေသကြီးက ၁၆ ဆုတို့ရရှိကြောင်း ဝမ်းမြောက်ဂုဏ်ယူဖွယ် တွေ့ရပေသည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် အနာဂတ်နိုင်ငံတော် အတွက် တည်ငြိမ်အေးချမ်းမှု၊ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်သွေးစည်းမှု၊ နိုင်ငံသားများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ပေါင်းစုံက ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ အခြားတစ် ဖက်မှလည်း နိုင်ငံတော်၏ အနာဂတ်ကို ဖန်တီးကြမည့်လူငယ်များကို ဗလငါးတန်နှင့်ပြည့်စုံသည့် နိုင်ငံတော်၏ သားကောင်းရတနာ၊ သမီးကောင်းရတနာမျိုးဆက်သစ်များဖြစ်လာစေရန် ပြုစုပျိုး ထောင်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေး မှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ် များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွား နေစေရေး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှု အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး စသည့်ဦးတည်ချက်လေးရပ်ဖြင့် အောင်မြင်စွာကျင်းပနိုင်ခဲ့သော (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှတစ်ဆင့် တိုင်းရင်းသားပြည်သူအပေါင်း စစ်မှန်သော မျိုးချစ်စိတ်ဓာတ်များဆက် လက်ရှင်သန်လာမည်ဖြစ်ပါကြောင်း ဝမ်းမြောက်စွာဂုဏ်ပြုရေးသားလိုက်ရပါသည်။

# မန္တလေးဆိပ်ကမ်းမှ ရန်ကုန်၊ ဗန်းမော်မြို့တို့သို့ အောက်တိုဘာလက ကုန်ကြမ်းတင်ပို့သည့် ကုန်တင်သင်္ဘော ၁၆၆ စီးထိရှိ



**မန္တလေး နိုဝင်ဘာ ၁**

မန္တလေးဆိပ်ကမ်းမှ ရန်ကုန်၊ ဗန်းမော်မြို့တို့သို့ အောက်တိုဘာလက ကုန်ကြမ်းတင်ပို့သည့်ကုန်တင်သင်္ဘော ၁၆၆ စီးထိရှိကြောင်း ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန မန္တလေးတိုင်းဒေသကြီးမှ ဒုတိယဦးစီးမှူး ဒေါ်တင်တင်ထွန်းက ပြောပြ၍ သိရသည်။

မန္တလေးဆိပ်ကမ်းမှ ရန်ကုန်၊ ဗန်းမော်မြို့တို့သို့ အောက်တိုဘာလက ပြောင်းဆန်၊ သကြား၊ ဘိလပ်မြေ၊ ကျောက်မီးသွေး၊ ဆားစသည့်ကုန်ကြမ်းပစ္စည်းများတင်ပို့သည့် ကုန်တင်သင်္ဘော ၁၆၆ စီးထိရှိခဲ့ကြောင်း သိရသည်။

"အခုတစ်လော မန္တလေးဆိပ်ကမ်းမှာ ကုန်ကြမ်းရရှိမှု အနည်းငယ်ပြန်ပြီး များပြားလာတယ်။ ဘိလပ်မြေ၊ ကျောက်မီးသွေး၊ ဆားစတဲ့ကုန်ကြမ်းတွေကအများဆုံးဖြစ်နေတယ်"ဟု ဒေါ်တင်တင်ထွန်းက ပြောပြသည်။

အဆိုပါ မန္တလေးဆိပ်ကမ်းမှ ရန်ကုန်၊ ဗန်းမော်မြို့တို့သို့ အောက်တိုဘာလအတွင်းတင်ပို့နိုင်ခဲ့သည့် ကုန်တန်ချိန်များမှာ ဘိလပ်မြေ ၉၀၂၄၅ ဒသမ ဝ၂ တန်၊ ကျောက်မီးသွေးတန်ချိန် ၄၇၅၂၀၊ ပြောင်းဆန် ၆၆၆၂ ဒသမ ၄ တန်၊ အထပ်သားပြားအချပ် ၁၉၀၊ သကြား ၁၇၂၅ တန်၊ ဆား ၅ ဒသမ ၄၅ တန်၊ ထုံး ၂၅၅ တန်၊ ဒီဇယ် ၁၈၇ တန်၊ စဥ့်အိုး အလုံး ၃၀၀၀ တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

မန္တလေးဆိပ်ကမ်းတွင် ယခုလက်ရှိတင်ပို့ရသည့် ကုန်စည်များ ပြားလာခြင်းကြောင့် ရေယာဉ်များပေါ်တွင် ကုန်စည်များကိုသတ်မှတ်တန်ချိန်ထက်ပိုမိုတင်ဆောင်မှုများ မပြုလုပ်ကြရန် လိုအပ်ကြောင်း၊ ရေယာဉ်၏ အရွယ်အစားနှင့်မချိန်ဘဲ ကုန်များကိုတင်ဆောင်ကာ မြစ်အတွင်းသွားလာပါက ရေယာဉ်များ အန္တရာယ်ရှိနိုင်ကြောင်း သိရသည်။

ယခုလက်ရှိ ဧရာဝတီမြစ်အတွင်း မန္တလေးဆိပ်ကမ်းမှသွားလာကြမည့်ရေယာဉ်များ အန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရန် ရေပေါ်၊ ကမ်းပေါ်တွင် စိုက်ထူပြသပေးထားသည့် ရေလမ်းညွှန်အမှတ်အသားများကို အထူးဂရုပြုသွားလာကြရန် လိုအပ်ကြောင်း သိရသည်။

(၁၈၄)

# မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် ရှမ်းပြည်နယ်မှထွက်ရှိသည့် ခရမ်းသီးများ အရောင်းအဝယ်ကောင်းနေ

**မန္တလေး နိုဝင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းရှိ သီရိမာလာကုန်စိမ်းဈေးတွင် ရှမ်းပြည်နယ်မှ ထွက်ရှိသည့် ခရမ်းသီးများ အရောင်းအဝယ်ကောင်းနေကြောင်း အဆိုပါ ဈေးအတွင်းရှိ အောင် ပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

အဆိုပါ ခရမ်းသီးများသည် ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် (မြောက်ပိုင်း)မှထွက်ရှိပြီး မန္တလေးမြို့ သီရိမာလာကုန်စိမ်းဈေးသို့ တစ်ရက်လျှင် ခြောက်ဘီးကား ငါးစီးမှ ခြောက်စီးထိ ပုံမှန်ဝင်ရောက်လျက်ရှိကြောင်း၊ ယခုလက်ရှိ ခရမ်းသီးဈေးနှုန်းများမှာ တစ်ပိဿာလျှင် အမျိုးအစားအလိုက် ငွေကျပ် ၁၁၀၀ မှ ၁၃၀၀ ဈေးဖြင့်အရောင်းအဝယ်ကောင်းနေကြောင်း မန္တလေးမြို့မှ အောင် ပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြသည်။

"လက်ရှိ ခရမ်းသီး အဓိက စိုက်ပျိုးတဲ့ ရှမ်းပြည်နယ်ဒေသဘက်က ခရမ်းသီးတွေ ဈေးကွက်ကို အများဆုံး ဝင်ရောက်လာတာပါ။ ဝင်ရောက်လာတဲ့ ခရမ်းသီးတွေကတော့ အရောင်းအဝယ်တွေကောင်းနေပါတယ်။ ကျန်တဲ့ဒေသတွေက ထွက်ရှိမှုမရှိသေးပါဘူး။ ရှမ်းပြည်နယ် (တောင်ပိုင်း)နဲ့ (မြောက်ပိုင်း) က ခရမ်းသီးတွေပဲ ထွက်ရှိပြီး အရောင်းအဝယ်ကောင်းနေပါတယ်။ ကျန်တဲ့ကုန်စိမ်းသီးနှံတွေလဲ ပုံမှန်အရောင်းအဝယ်ကောင်းနေပါတယ်"ဟု ဦးအောင်မိုးနိုင်က ပြောပြသည်။

သီရိမာလာကုန်စိမ်းဈေးတွင် ခရမ်းသီးအပြင် ကျန်သည့်ကုန်စိမ်းသီးနှံများဖြစ်သော ပန်းမုန်လာ၊ ဂေါ်ဖီထုပ်၊ ဗိုလ်စားပဲ၊ မုန်ညင်းဖြူ၊ ခရမ်းချဉ်သီး၊ ဂေါ်ရခါးသီး၊ အာလူးနှင့် ကြက်သွန်များလည်း အရောင်းအဝယ် ကောင်းနေကြောင်း သိရသည်။

(၁၈၅)

# မန္တလေးတိုင်းဒေသကြီးရှိ လူမှုဖူလုံရေးရုံးခွဲများတွင် လူမှုဖူလုံရေးအာမခံထားရှိမှု များပြားလာ

**မန္တလေး နိုဝင်ဘာ ၁**

ယခုဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လူမှုဖူလုံရေးရုံးခွဲများတွင် လူမှုဖူလုံရေးအာမခံထားရှိမှု များပြားလာကြောင်း မန္တလေးတိုင်းဒေသကြီး လူမှုဖူလုံရေးအဖွဲ့ရုံးမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးသန်းနိုင်ဦးက ပြောပြ၍ သိရသည်။

လက်ရှိတွင် လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရရှိမှုများ၊ သေဆုံးမှုနှင့် မီးဖွားမှုများ စသည်ဖြင့် ရသင့်သည့်ငွေကြေးအကျိုးခံစားခွင့်များ တင်ပြတောင်းခံပြီး အကျိုးခံစားခွင့်များကိုပေးနေကြောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း ပြီးခဲ့သည့်ဘဏ္ဍာနှစ်က လူမှုဖူလုံရေးအာမခံထားရှိသူဦးရေ ၁၀၇၀၀၀ ကျော်ရှိခဲ့ရာမှ ယခုဘဏ္ဍာနှစ်တွင် အာမခံထားရှိသူဦးရေမှာ ၁၁၅၀၀၀ ကျော်ရှိလာကြောင်း၊ ယခုဘဏ္ဍာနှစ်အတွင်း၌ အာမခံထားရှိသည့် အလုပ်သမားဦးရေ တိုးလာပြီး ဆက်လက်၍ အာမခံထားရှိသူဦးရေ တိုးလာမည်ဖြစ်ကြောင်း သိရသည်။

"အကျုံးဝင်မှတ်ပုံတင်သူတွေ စိတ်ဝင်စားမှု ပိုများနေပါတယ်။ အကျိုးခံစားခွင့်တွေအတွက် ထိထိရောက်ရောက် ပေးနိုင်ပါတယ်။ ကျန်ရစ်သူအကျိုးခံစားခွင့်တွေကိုလဲ အခမ်းအနားနဲ့ ပြုလုပ်ပေးပါတယ်။ အကျိုးခံစားခွင့်တွေက လူမှုဘဝအဆင်ပြေစေပါတယ်။ အခုနောက်ပိုင်းမှာ အလုပ်သမားတွေက စိတ်ဝင်စားမှုများလာကြတာ တွေ့ရှိရပါတယ်။ အကျိုးခံစားခွင့်မှန်သမျှကိုလဲ ခေတ်စနစ်နဲ့ လျော်ညီအောင် ဆောင်ရွက်ပေးနိုင်ပါတယ်" ဟု မန္တလေးတိုင်းဒေသကြီး လူမှု ဖူလုံရေးအဖွဲ့ရုံးမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးသန်းနိုင်ဦးက ပြောပြသည်။

လူမှုဖူလုံရေးအဖွဲ့သို့ အကျုံးဝင်မှတ်ပုံတင်ထားသော အာမခံအလုပ်သမားများအနေဖြင့် မကျန်းမာမှု၊ မီးဖွားမှု၊ သေဆုံးမှုနှင့်လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရရှိမှုစသည့် ကိစ္စများဖြစ်ပွားပါက ဆေးကုသမှုပေးခြင်းနှင့် ငွေကြေးအကျိုးခံစားခွင့်များရှိကြောင်း၊ အဆိုပါဆေးကုသခြင်းနှင့် ငွေကြေးခံစားခွင့်များကို သက်ဆိုင်ရာ လူမှုဖူလုံရေးအဖွဲ့ရုံးများနှင့် လူမှုဖူလုံရေးဆေးပေးခန်းများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# အင်းဝမြို့တည်နန်းတည်စာတမ်းများ (၆)

ပိုလ်ရှိတ်(ရတနာပူရ)

အင်းဝမြို့တွင် သတိုးမင်းဖျားစတည်သည်မှစ၍ နောက်ဆုံး ဘကြီးတော်စစ်ကိုင်းမင်းစိုးစံခဲ့သည့်အတွင်း မြို့နန်းတည်ခဲ့သောမင်းများအကြောင်းနှင့် ၎င်းမင်းတို့တည်ထားခဲ့သော နန်းတော်၊ မြို့တော်များအကြောင်းကို ဖော်ပြခဲ့ပြီးဖြစ်သည်။ ယခုအခါ ဆက်လက်၍ အင်းဝမြို့တည်နန်းတည်စာတမ်းများအကြောင်းကို ဖော်ပြပါမည်။ အင်းဝမြို့တွင်တည်ခဲ့သော မြို့တော်၊ နန်းတော်များအကြောင်းကို ရှေးအခါက ပြည့်စုံစွာရေးသားမှတ်တမ်းတင်ခဲ့ကြမည်မှာ သေချာပေသည်။ မြို့တော်လေးကြိမ်တည်လျှင် လေးကြိမ်တည်ခဲ့ကြောင်း၊ နန်းတော် ၁၀ ကြိမ်တည်လျှင် နန်းတော် ၁၀ ကြိမ်တည်ခဲ့ကြောင်းကို ပေ၊ ပုရပိုက်များဖြင့်သေချာစွာရေးသားမှတ်တမ်းတင်ခဲ့ကြမည်ဖြစ်သည်။ သို့သော် ယခုအခါတွင် အင်းဝမြို့နန်းတည်ခဲ့သလောက် မှတ်တမ်းများမှာ ကျန်ရှိခြင်းမရှိတော့ပေ။ တချို့ပျက်စီးကုန်၏။ တချို့တိမ်မြုပ်နေ၏။ မြို့တည်နန်းတည်စာတမ်းအားလုံးကို ရှာဖွေတွေ့ရှိရန်မလွယ်ပေ။ သို့ဖြစ်သောကြောင့် အင်းဝမြို့တည်နန်းတည်စာတမ်းများကို ရှာဖွေတွေ့ရှိရသလောက်သာ ဖော်ပြပါမည်။

**မြို့တည်နန်းတည်စာတမ်းရေးသားသည့်ပုံစံ**

မြန်မာစာကို ရေးသားရာတွင် အဓိကအားဖြင့် စကားပြေနှင့်လင်္ကာဟူ၍ နှစ်မျိုးရှိသည်။ ကျမ်းပြုသူပညာရှင်များသည် မိမိတို့နှစ်သက်သည့်အရေးအသားပုံစံနစ်များဖြင့် ကျမ်းများကိုရေးသားပြုစုခဲ့ကြသည်။ မြို့တည်နန်းတည်စာတမ်းများကို ရေးသားကြရာတွင် လင်္ကာ၊ စကားပြေ နှစ်မျိုးစလုံးဖြင့် ရေးသားထားကြသည်ကို တွေ့ရသည်။ ရှာဖွေတွေ့ရှိထားသမျှ အင်းဝမြို့တည်နန်းတည်စာတမ်းများကို လင်္ကာ၊ စကားပြေ နှစ်မျိုးစလုံးဖြင့် ရေးသားထားသည်ကို တွေ့ရသည်။ လင်္ကာမှာလည်း ရေးဖွဲ့သည့်ပုံစံအမျိုးမျိုးရှိသည်။ ကဗျာ၊ လင်္ကာဖြင့်တွေ့ရသမျှ အင်းဝမြို့တည်နန်းတည်စာတမ်းများမှာ လင်္ကာပုံစံ၊ မော်ကွန်းပုံစံတို့ဖြင့် ရေးသားခဲ့သည်ကို တွေ့ရသည်။ ထို့ကြောင့် တွေ့ရသမျှ အင်းဝမြို့တည်နန်းတည်စာတမ်းများမှာ လင်္ကာ၊ မော်ကွန်း၊ စကားပြေ ပုံစံသုံးမျိုးဖြင့် ရေးသားခဲ့သည်ကို တွေ့ရသည်။

**အင်းဝမြို့တည်နန်းတည်စာတမ်းစာရင်း**

အင်းဝမြို့တည်နန်းတည်စာတမ်းများကို ကျွန်တော်ရှာဖွေစုဆောင်းထားသည်မှာ ကြာပြီဖြစ်သည်။ တွေ့ရသမျှ ပေ၊ ပုရပိုက်များမှ ရသမျှကူးသည်။ လက်ရေးမူဖြင့်စုသည်။ အင်းဝမြို့တည်နန်းတည်စာတမ်းများကို ထိုသို့စုဆောင်းထားရာ ယခုအခါ ကျွန်တော့်ထံတွင် ကိုးစောင်မျှ စုဆောင်းရရှိခဲ့သည်။ ကျွန်တော်စုဆောင်းထားသော မြို့တည်နန်းတည်စာတမ်းများအပြင် မြောင်လှမြို့စား ဦးခြိမ့်ပိုင်ဆိုင်သော စာစာရင်းပုရပိုက်တစ်ဆူ၊ အင်းဝမြို့တည်နန်းတည်စာတမ်းတစ်စောင်တွေ့ရသည်။ တွေ့ရသမျှ အင်းဝမြို့တည်နန်းတည်စာတမ်းများကို စာရင်းပြုကြည့်ရာ အောက်ပါအတိုင်း တွေ့ရသည်။

၁။ ရတနာပူရ အင်းဝမြို့နန်းတည်စာတမ်း။ ၆၇၄ ခု- သီဟသူ၊ ၇၂၆ သတိုးမင်းဖျား။
၂။ အဝမြို့နန်းတည်အခမ်းအနားကျောက်စာ (ရွှေနန်းကြော့ရှင်နန်းတော်)
၃။ ရွှေနန်းတည်မော်ကွန်း (ရှင်မဟာသီလဝံသဆို)
၄။ ညောင်ရမ်းမင်းတရားကြီး ဒုတိယရွှေဝမြို့တည်စာတမ်း။ သက္ကရာဇ် ၉၅၉ ခု။
၅။ ရွှေနန်းတော်တည် ရွှေနန်းတော်သိမ်းစာတမ်း(တနင်္ဂနွေမင်း)
၆။ သစ်တပ်တည်မော်ကွန်း (မြင်းခွာရွာစားနဝဒေးဆို)
၇။ နန်းဘွင့်မော်ကွန်း (မြင်းခွာရွာစားနဝဒေးဆို)
၈။ အဝရွှေနန်းတော်တည်စာတန်း (မြေဒူးမင်းနန်းတော်)
၉။ ရွှေနန်းဘွင့်မော်ကွန်း(ဝက်မစွတ်နဝဒေး)
၁၀။ အင်းဝရွှေမြို့တော်တည်သမိုင်းလင်္ကာ (ဦးခြိမ့်ပိုင်စာစာရင်း၌ တွေ့ရသည်။ ယခုစာမူမတွေ့သေးပေ။)

အင်းဝမြို့တည်နန်းတည်စာတမ်းများမှာ အထက်တွင်ဖော်ပြခဲ့သည့် ၁၀ စောင်သာတွေ့ရသည်။ ၁၀ စောင်တွင်လည်း "အင်းဝရွှေမြို့တော်တည်သမိုင်းလင်္ကာ"သည် စာရင်းသာတွေ့ရပြီး စာမူရှာမတွေ့သေးပါ။ ပျောက်ဆုံးနေဆဲဖြစ်သည်။ အထက်တွင်ဖော်ပြခဲ့သော မြို့တည်နန်းတည်စာရင်း ၁၀ စောင်တွင် ဘကြီးတော်စစ်ကိုင်းမင်းလက်ထက် မြို့တည်နန်းတည်စာတမ်းမပါသေးပေ။ ဝက်မစွတ်နဝဒေးရေးသည့် ရွှေနန်းဘွင့်မော်ကွန်းသာတွေ့ရသည်။ ဝက်မစွတ်နဝဒေးရေးသည့် ရွှေနန်းဘွင့်မော်ကွန်းသည် ဘကြီးတော်စစ်ကိုင်းမင်း၏ ရွှေနန်းတော်အကြောင်းကို ရေးသားထားသော မော်ကွန်းဖြစ်သည်။ ရွှေနန်းဘွင့်မော်ကွန်းပင်ရှိလျှင် မြို့တည်နန်းတည်စာတမ်းလည်းရှိရပေမည်။ သို့သော် ယခုအချိန်ထိ ဘကြီးတော်စစ်ကိုင်းမင်း၏ အင်းဝမြို့တည်နန်းတည်စာတမ်းကို ရှာဖွေ၍မတွေ့ရသည်မှာ ဝမ်းနည်းဖွယ်ကောင်းလှပြီး မြန်မာ့သမိုင်း၊ နန်းဓလေ့သမိုင်းအတွက်လည်း ဆုံးရှုံးမှုကြီးတစ်ရပ်ဖြစ်သည်။ ယခုအခါတွင် ရှာဖွေတွေ့ရသမျှ အင်းဝမြို့တည်နန်းတည်စာတမ်းများအကြောင်းကိုသာ ဆက်၍ ဖော်ပြပါမည်။

**ရတနာပူရအင်းဝမြို့နန်းတည်စာတမ်း၊ ၆၇၄ ခု သီဟသူ၊ ၇၂၆ သတိုးမင်းဖျား**

ဤမြို့တည်နန်းတည်စာတမ်းသည် အင်းဝမြို့ကို ပထမဆုံးတည်ထောင်ခဲ့သည့် သတိုးမင်းဖျား၏ အင်းဝမြို့တည်နန်းတည်သည့် အကြောင်းအရာကိုဖော်ပြထားသော စာတမ်းဖြစ်သည်။ သတိုးမင်းဖျား၏ မြို့တည်နန်းတည်စာတမ်းဖြစ်သော်လည်း အစပိုင်းတွင်တစ်စီးရှင် သီဟသူမင်း၏ ပင်းယမြို့တည်နန်းတည်သည့် အကြောင်းအရာကို ဖော်ပြထားသည်။ မြို့တည်နန်းတည်စာတမ်းမှာ "ဇိနစက္ကာဘိသာသနံ၊ ဗသျှစတုဇေကစမ္မာ"ဟူသောပါဠိစကားဖြင့် အစချီထားသည်။ ထိုပါဠိဂါထာသည် မဟာဝိဇိတာဝမ္မဂုရုဆရာတော်က သတိုးမင်းဖျားထံ ဆက်သွင်းသောဂါထာဖြစ်သည်။ ထိုဂါထာပြီးသောအခါတွင် တစ်စီးရှင်သီဟသူ ပင်းယမြို့တည်သည့်အကြောင်း၊ သတိုးမင်းဖျား ကြခတ်ဝရာရွာက ချီလာ၍ ပင်းယတွင်မင်းပြုပြီး အင်းဝကိုဆက်လက်တည်ထားစိုးစံကြောင်း ဖော်ပြထားသည်။ ဤမြို့တည်နန်းတည်စာတမ်းမှာ နန်းတော်၊ မြို့တော်တည်ဆောက်ပုံ၊ အကျယ်အဝန်း၊ ကုန်ကျအုတ် စသည်တို့ကိုအသေးစိတ်ဖော်ပြမထားပေ။ အင်းဝမြို့ကိုတည်ပြီး စိုးစံကြောင်းကိုသာ ဖော်ပြထားသည်။ ဤမြို့တည်နန်းတည်စာတမ်းမှာ အကျယ်တဝင့်ဖော်ပြသောကျမ်းမဟုတ်ပေ။ အကျဉ်းချုပ်သာ ရေးသားထားသောကျမ်းဖြစ်သည်။ ဤကျမ်းမှာ ပုံနှိပ်မှုဖြင့်မရှိသေးပေ။ လက်ရေးမူဖြင့် တိမ်မြုပ်နေသောစာတမ်းတစ်စောင်သာဖြစ်သည်။

**အင်းဝမြို့တည်အခမ်းအနားကျောက်စာ**

အင်းဝမြို့တည်အခမ်းအနားကျောက်စာသည် ရွှေနန်းကြော့ရှင် နရပတိရေးထိုးခဲ့သောကျောက်စာဖြစ်သည်။ ရွှေနန်းကြော့ရှင်နရပတိသည် သက္ကရာဇ် ၈၇၂ ခုနှစ်တွင် ရွှေနန်းတော်ကို အသစ်တည်ဆောက်ခဲ့သည်။ ထိုနန်းတော် တည်ဆောက်ခဲ့သည့်အကြောင်းကို ကျောက်စာရေးထိုးမှတ်တမ်းတင်ခဲ့ခြင်းဖြစ်သည်။

အင်းဝမြို့နန်းတည်အခမ်းအနားကျောက်စာသည် တစ်မျက်နှာထိုးကျောက်စာဖြစ်ပြီး ကြောင်းရေ ၈၉ ကြောင်းပါရှိသည်။ ကျောက်စာမှာ တချို့စာကြောင်းများသည် အလွှာလွှာကွာကျနေသောကြောင့် အပြည့်အစုံဖတ်ရရန်မလွယ်တော့ပေ။ ကျောက်စာတွင် နန်းဓလေ့အစီအစဉ်များကို အသေးစိတ်ခြယ်မှုန်းရေးသားထားသည်ကို တွေ့ရသည်။ နန်းတော်တည်ဆောက်သည့်ဓလေ့များကို ထုတ်နုတ်ပြရလျှင်-

၁။ နန်းတော်သစ်တို့ကို မြို့အရှေ့မြောက်ထောင့် ဒေသန်အရပ်တွင်ထားခြင်း၊ ထားရာတွင် သစ်ရင်းကိုအနောက် သစ်ဖျားကို အရှေ့ထားခြင်း။
၂။ ထောပတ်၊ ပျား၊ ဆီဦးတို့ဖြင့် ပူဇော်ခြင်း။
၃။ မြေမြူတာ၊ ကြေးမြူတာ၊ ငွေမြူတာ၊ ရွှေမြူတာတို့ဖြင့် မြစ်ဆုံ၌ ရေခပ်သည့်အစီအစဉ်စီရင်ခြင်း။
၄။ ကြငှန်းတိုင်၊ သည်တိုင်၊ ထုတ်၊ လျောက် စသည်တို့ကို ထွင်ခြင်း။
၅။ ကြငှန်းတိုင်၊ ဦးရှုတိုင်ထူခြင်း

စသည့် အစီအရင်များကို ပြည့်စုံစွာရေးထိုးထားပေသည်။ ဤကျောက်စာကိုအပျက်အစီးမရှိဘဲ အကောင်းပကတိအတိုင်းသာ ဖတ်ရှု၍ရပါက ရွှေနန်းကြော့ရှင်၏ အင်းဝနန်းတော်ပုံစံကို ပညာရှင်များက ပြန်ဆောက်နိုင်သည်ထိ ကိုးကားနိုင်ပေသည်။

ရွှေနန်းကြော့ရှင်နရပတိ၏ အဝမြို့နန်းတည်အခမ်းအနားကျောက်စာ အလွှာလွှာကွာကျ၍ ပျက်စီးခဲ့ရခြင်းမှာ ၁၁၈၈ ခုနှစ်တွင် တောက်လောင်ခဲ့သောမီးကြောင့်ဖြစ်သည်။ ၁၁၈၈ ခုနှစ်တွင် လောင်မြိုက်ခဲ့သောမီးသည် အင်းဝမြို့ မြို့ကလေးတောင်မျက်နှာ ရွှေမုဋ္ဌောဘုရားမှစတင်၍လောင်ခဲ့ရာ ဆင်တဲကျောင်းတိုက် ရွှေနန်းတည်အခမ်းအနားကျောက်စာတို့ကိုပါ မီးခပျက်စီးခဲ့ခြင်းဖြစ်သည်။ မီးအပူရှိန်ကြောင့် ကျောက်သားအလှပ်လှပ် ကွာကျခဲ့ခြင်းကြောင့်ဖြစ်သည်။ မူလအတိုင်းသာတည်ရှိပါက များစွာတန်ဖိုးရှိသော ကျောက်စာဖြစ်သည်။

အဝရွှေနန်းတည်အခမ်းအနားကျောက်စာသည် ယခုအခါ အင်းဝမြို့ မယ်နုအုတ်ကျောင်းအနီး ထီးလှိုင်ရှင်ဘုရားအနောက်ဘက် ခြသေ့်နှစ်ကောင်မုခ်ဦးအနီး၌ တည်ရှိသည်။ ရှေးဟောင်းသုတေသနဌာနက ကျောက်စာဂူပြုလုပ်၍ ထိန်းသိမ်းထားသည်။

ဤတွင် စိတ်ဝင်စားစရာကောင်းသော အဝနန်းတည်အခမ်းအနားကျောက်စာသည် ထီးလှိုင်ရှင်ဘုရားတံတိုင်းအတွင်းသို့ ရောက်နေရခြင်းမှာ အကြောင်းရှိသည်။ ၈၈၈ ခုနှစ်တွင် သိုဟန်ဘွားသည် အင်းဝမြို့သို့ လာတိုက်သည်။ ထိုစစ်ပွဲအတွင်း၌ ရွှေနန်းကြော့ရှင်နရပတိနတ်ရွာစံခဲ့သည်။ သိုဟန်ဘွား အင်းဝ၌ မင်းလုပ်အုပ်ချုပ်သောအခါတွင် ရွှေနန်းတည်ကျောက်စာကြီးကိုနုတ်ပြီးလျှင် နောင်မင်းအဆက်ဆက်တို့သုံး၍မရအောင် ထီးလှိုင်ရှင်ဘုရား၌လှူပစ်ခဲ့သည်။ ထို့ကြောင့် အဝနန်းတည်အခမ်းအနားကျောက်စာသည် ထီးလှိုင်ရှင်ဘုရားတံတိုင်းအတွင်းသို့ ရောက်ရှိနေခြင်းဖြစ်သည်။ ထို့ကြောင့် နောက်မင်းအဆက်ဆက်တို့သည်လည်း အဝနန်းတည်အခမ်းအနားကျောက်စာပါ အမှတ်အသားများအတိုင်း နန်းတော်တည်ဆောက်ခြင်းများကို မပြုလုပ်ကြတော့ပေ။

ဤနေရာ၌ စကားစပ်လျဉ်း၍ ဆိုပါဦးမည်။ ဗုဒ္ဓဘာသာဝင်မြန်မာမင်းအဆက်ဆက် မြန်မာလူမျိုးတို့သည် ဘုရား၌လှူထားသောပစ္စည်းများကို အသုံးမပြုကြချေ။ ရှောင်ကြဉ်ကြသည်။ အင်းဝမြို့ကို ဒုတိယအကြိမ်တည်ထောင်သော ညောင်ရမ်းမင်းတရားကြီးလက်ထက်က ပညာရှိများသည် ရွှေနန်းကြော့ရှင်၏ နန်းတည်အခမ်းအနားကျောက်စာအတိုင်း ဆောက်လုပ်ကြရန် အကြံပြုသည်။ သို့သော် ဘားမဲ့ဆရာတော်၊ မုနိသယ်ရာဇာဆရာတော်၊ လောကုတ္တရာဆရာတော်တို့က လက်မခံခဲ့ပေ။ ထိုအကြောင်းကို သခင်ကိုယ်တော်မှိုင်း၏ မှာတော်ပုံဝတ္ထုကြီးတွင် "ထို့နောက် ရွှေနန်းတော်တည်မည်ရှိရာ ရွှေနန်းကျော့ရှင်၏နန်းတည်ကျောက်စာအတိုင်း နန်းတည်အစီအရင်ကိုပြုရမည်ဟု အချို့ပညာရှိတို့က ပြောကြရာ ဘားမဲ့ဆရာတော်၊ မုနိသယ်ရာဇာဆရာတော်၊ လောကုတ္တရာဆရာတော်တို့ကို သက္ကရာဇ် ၈၆၃ ခုနှစ်တွင် နန်းတည်တော်မူသော ရွှေနန်းကျော့ရှင်နရပတိသည် နောင်လာမင်းတို့ ရွှေနန်းဆောက်လျှင် အစဉ်အဆက်အသုံးအဆောင်ဖြစ်ရအောင် ကျောက်စာထိုးထားခဲ့ရာ သက္ကရာဇ် ၈၈၈ ခုနှစ်တွင် သိုဟန်ဘွားက ရွှေနန်းကျော့ရှင်၏ နန်းတည်ကျောက်စာကိုနုတ်ပြီးလျှင် နောင်မင်းတို့မသုံးရအောင် ထီးလှိုင်ရှင်ဘုရားအနောက်စောင်းတန်းနားမှာ စိုက်ထူ၍ ဘုရားအားလှူခဲ့ပြီးဖြစ်သည်။ ဘုရားအားလှူပြီးသောကျောက်စာကို ကူး၍ထီးနန်းမစီရင်သင့်၊ ငါတို့လေးပါးရှိလေပြီ။ ထီးနန်းတည်ဖို့ရာ နည်းနိဿျအတွက် ကြောင့်ကြစရာမရှိဆိုပြီး ရှေးစာဟောင်းများအတိုင်း ထီးနန်းအသစ်ဆောက်လုပ်ရသည်။ ဤသို့လျှင် ရှေးမင်းများသည် ဘုရားလှူပြီး ဘုရားပစ္စည်းဆိုလျှင် ရိုသေခံ့ညား၍ရှောင်ကြဉ်တော်မူကြလေသည်" ဟူ၍ ဖော်ပြထားသည်။ ဤမှာ အဝနန်းတည်အခမ်းအနားကျောက်စာနှင့်စပ်လျဉ်း၍ သိမှတ်ဖွယ်ရာများဖြစ်သည်။

❖ မြန်မာစာကိုရေးသားရာတွင် အဓိကအားဖြင့် စကားပြေနှင့် လင်္ကာဟူ၍ နှစ်မျိုးရှိသည်။ ကျမ်းပြုသူပညာရှင်များသည် မိမိတို့နှစ်သက်သည့် အရေးအသားပုံစံနစ်များဖြင့် ကျမ်းများကို ရေးသားပြုစုခဲ့ကြသည်။ မြို့တည်နန်းတည်စာတမ်းများကို ရေးသားကြရာတွင် လင်္ကာ၊ စကားပြေနှစ်မျိုးစလုံးဖြင့် ရေးသားထားကြသည်ကို တွေ့ရသည်။ ရှာဖွေတွေ့ရှိထားသမျှ အင်းဝမြို့တည်နန်းတည်စာတမ်းများကို လင်္ကာ၊ စကားပြေ နှစ်မျိုးစလုံးဖြင့် ရေးသားထားသည်ကိုတွေ့ရသည်။ လင်္ကာမှာလည်း ရေးဖွဲ့သည့်ပုံစံအမျိုးမျိုးရှိသည်။ ကဗျာ၊ လင်္ကာဖြင့်တွေ့ရသမျှ အင်းဝမြို့တည်နန်းတည်စာတမ်းများမှာ လင်္ကာပုံစံ၊ မော်ကွန်းပုံစံတို့ဖြင့် ရေးသားခဲ့သည်ကို တွေ့ရသည်။ ❖

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လောက်သာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ် ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# လွမ်းအညာ လွမ်းတမာ

- မန်ကျည်းငုတ်တို ဆီးကုက္ကို
  စိမ်းညိုစိုလန်း တမာတန်း
  လွမ်းတယ်လေ့ လွမ်းတယ်လေး။

- ချိုးသံ ခါသံ ဆက်ရက်သံ
  ငှက်သံထုံမွှမ်း တမာတန်း
  လွမ်းတယ်လေ့ လွမ်းတယ်လေး။

- ကြေးစည်ထုသံ သာခုသံ
  နိဗ္ဗာန်ဆီမှန်း တမာတန်း
  လွမ်းတယ်လေ့ လွမ်းတယ်လေး။

- ဘုရားဆူဆူ ထုံးဖြူဖြူ
  ကုန်းမူရိပ်နန်း တမာတန်း
  လွမ်းတယ်လေ့ လွမ်းတယ်လေး။

- ရေချမ်းစင်မှာ ထန်းလက်ကာ
  မေတ္တာပက်ဖျန်း တမာတန်း
  လွမ်းတယ်လေ့ လွမ်းတယ်လေး။

- ဆံကျားသွားကြွေ အိုရှာပေ
  အိုပေသော်လည်း အားမာန်ခဲ
  မြေပဲစိုက်ကာ နှမ်းစိုက်ကာ
  နှစ်ဖြာဖမိ နားခိုသည့်
  ဇာတိဌာနေ အညာမြေ
  ကြာရှည်မရောက် ခရီးထောက်
  ရောက်ပါချင်စမ်း ခါခါတမ်း
  လွမ်းတယ်လေ့ လွမ်းတယ်လေး။ ။

**မြင်းမူမောင်နိုင်မိုး**

# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၂၅၃၃ ဧက စိုက်ပျိုးပြီးစီး

**မုံရွာ နိုဝင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၂၅၃၃ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးအောင်ကြည်ဝင်းက ပြောပြ၍ သိရသည်။

နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၂၆၀၆ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ်မေလမှစ၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၅၃၃ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ စားဖိုဆောင်သီးနှံ ဧက ၂၆၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ပြီး ဧက ၂၅၀၀ ကျော်ထိ စိုက်ပျိုးနိုင်ခဲ့တယ်။ စားဖိုဆောင်သီးနှံတွေကို GAP စနစ်နဲ့စိုက်ပျိုးဖို့၊ စိုက်နည်းစနစ်တွေမှန်ကန်စေဖို့၊ ပိုးမွှားကျရောက်မှုမရှိစေဖို့ ဆောင်ရွက်ပေးနေပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးအောင်ကြည်ဝင်းက ပြောပြသည်။

နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် စားဖိုဆောင်သီးနှံများ စိုက်ပျိုးထားရှိမှုအနေဖြင့် လေရှီးမြို့နယ်တွင် ငရုတ် ၁၄၉ ဧက၊ အာလူး ၁၅၅ ဧက၊ ဟင်းခတ်အမွှေးအကြိုင် ၃၆ ဧက၊ ဆွမ္မရာမြို့တွင် ငရုတ်သုံးဧက၊ အာလူး ၁၄၅ ဧက၊ ဟင်းခတ်အမွှေးအကြိုင် တစ်ဧက၊ လဟယ်မြို့နယ်တွင် ငရုတ်ဧက ၁၅၀၊ အာလူးဧက ၄၀၊ ဟင်းခတ်အမွှေးအကြိုင် ဧက ၄၇၀၊ ထန်ပါခွေမြို့တွင် ငရုတ်ဧက ၃၀၊ အာလူးကိုးဧက၊ ဟင်းခတ်အမွှေးအကြိုင် ၂၅ ဧက၊ နန်းယွန်းမြို့နယ်တွင် ငရုတ် ၁၇၁ ဧက၊ ကြက်သွန်နီ ၁၀၅ ဧက၊ အာလူး ၄၅ ဧက၊ ဟင်းခတ်အမွှေးအကြိုင် ၂၆၅ ဧက၊ ဒုံဟီးမြို့တွင် ငရုတ် ၁၈၂ ဧက၊ ကြက်သွန်နီ ၉၃ ဧက၊ အာလူး ၁၉ ဧက၊ ဟင်းခတ်အမွှေးအကြိုင် ၁၂၉ ဧက၊ ပန်ဆောင်မြို့တွင် ငရုတ် ၈၇ ဧက၊ ကြက်သွန်နီ ၁၃၃ ဧက၊ အာလူး ၂၁ ဧက၊ ဟင်းခတ်အမွှေးအကြိုင် ဧက ၇၀ စုစုပေါင်း ၂၅၃၃ ဧကဖြစ်ကြောင်း သိရသည်။

နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် စားဖိုဆောင်သီးနှံစိုက်ပျိုး တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အထွက်နှုန်းကောင်းရန်၊ ဈေးကွက်ရရှိရန်စိုက်ပျိုးနည်းစနစ်များနည်းပညာပေးခြင်း၊ GAP စနစ်များ၊ ပိုးမွှားကာကွယ်နှိမ်နင်းရန်နည်းပညာပေးခြင်း၊ မြေဆီလွှာအာဟာရဖွံ့ဖြိုးတိုးတက်ရန် နည်းပညာပေးခြင်းတို့ကို ဆောင်ရွက်ပေးနေကြောင်း သိရသည်။

(၂၀၆)



ယခင်နှစ်က ကြက်သွန်နီစိုက်ခင်းကို တွေ့ရစဉ်။

# ရေကြည်မြို့နယ် မအူကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရေကြည် နိုဝင်ဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ရေကြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ မအူကုန်းကျေးရွာ၊ ကျောင်းစုကျေးရွာ၊ စံပြကျေးရွာနှင့် ရုံးစုကျေးရွာတို့အတွက် နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက မအူကုန်းကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဈေးဦးစွာ ကျုံပျော်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးတင်မောင်ဌေး၊ ရေကြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးဒေါ်သန်းသန်းဆွေနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၆ ဒသမ ၁၈ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက မအူကုန်းကျေးရွာ၊ ကျောင်းစုကျေးရွာ၊ စံပြကျေးရွာနှင့် ရုံးစုကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ကိုင်သူ ၂၅၂ ဦးကို ငွေကျပ် ၃၆ ဒသမ ၁၈ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သံသာ**

# ပွင့်ဖြူမြို့နယ် ဘုရားကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ပွင့်ဖြူ နိုဝင်ဘာ ၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် သရက်အုပ်ကျေးရွာအုပ်စု ဘုရားကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို အောက်တိုဘာ ၃၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းမြတ်သိန်း၊ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးလှဌေးမောင်နှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာတို့က ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ဘုရားကုန်းကျေးရွာ၌ အရှည်ပေ ၈၄၀၊ အကျယ် ၁၂ ပေ၊ အမြင့်ခြောက်လက်မ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များကို ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၅၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ် ၄၉ သိန်း စုစုပေါင်းငွေကျပ် ၁၉၉ သိန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏စီမံခန့်ခွဲမှုဖြင့် ယခုနှစ် စက်တင်ဘာလ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းထံမှ သိရသည်။

**ဝင်းမာ**

# SCIENCE AND TECHNOLOGY

## မြေကမ္ဘာလေ့လာရေးဂြိုဟ်တုတစ်စင်း လွှတ်တင်နိုင်ရေးအတွက် နာဆာနှင့် အိန္ဒိယအာကာသအေဂျင်စီ ပူးပေါင်းဆောင်ရွက်မည်



**နယူးဒေလီ နိုဝင်ဘာ ၁**

အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့် အာကာသစီမံ ခန့်ခွဲရေးအေဂျင်စီ(နာဆာ) နှင့် အိန္ဒိယအာကာသအေဂျင်စီသည် မြေကမ္ဘာလေ့လာရေးဂြိုဟ်တုတစ်စင်း လွှတ်တင်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း အောက်တိုဘာ ၃၁ ရက် သတင်းများအရ သိရသည်။

နာဆာနှင့် အိန္ဒိယအာကာသ အေဂျင်စီသည် NISAR အမည်ရှိ မြေကမ္ဘာလေ့လာရေး ဂြိုဟ်တုတစ်စင်းကို ၂၀၂၄ ခုနှစ်အတွင်း လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

လွှတ်တင်ပြီးနောက်တွင် NISAR ဂြိုဟ်တုသည် ကမ္ဘာဂြိုဟ် မျက်နှာပြင်ကို ရေဒါဖြင့် ပုံရိပ်ဖော်၍ ကမ္ဘာမြေမျက်နှာသွင်ပြင် အပြောင်းအလဲများကို လေ့လာစောင့်ကြည့်မည်ဖြစ်သည်။

အဆိုပါဂြိုဟ်တုသည် ကမ္ဘာကုန်းမြေထုနှင့် ရေခဲပြင်များကို ၁၂ ရက်လျှင် နှစ်ကြိမ် ရေဒါစနစ်ဖြင့် ပုံရိပ်ဖော်လေ့လာနေမည်ဖြစ်ကြောင်း သိရသည်။

NISAR ဂြိုဟ်တုတွင် ကမ္ဘာမြေကို မတူညီသော လှိုင်းအလျားများဖြင့် လေ့လာနိုင်မည့် ရေဒါစနစ်နှစ်ခု တပ်ဆင်ထားကြောင်း သိရသည်။

အဆိုပါဂြိုဟ်တုကို ၂၀၂၄ ခုနှစ် အစောပိုင်းတွင် အိန္ဒိယအာကာသ အေဂျင်စီ၏ ဆာတစ်ရှ်ဒါဝန် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်မည်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## ကမ္ဘာဦးသွေးစုပ်ငါးနှစ်ကောင်၏ ကျောက်ဖြစ်ရုပ်ကြွင်းများကို တရုတ်နိုင်ငံမြောက်ပိုင်း၌ ရှာဖွေတွေ့ရှိထား


**ပေကျင်း နိုဝင်ဘာ ၁**

ထူးထူးဆန်းဆန်းအရွယ်အစားကြီးမားသော ကမ္ဘာဦးသွေးစုပ်ငါးနှစ်ကောင်၏ ကျောက်ဖြစ်ရုပ်ကြွင်းများကို တရုတ်နိုင်ငံ မြောက်ပိုင်း၌ ရှာဖွေတွေ့ရှိထားကြောင်း အောက်တိုဘာ ၃၁ ရက် သတင်းများအရ သိရသည်။

မေးရိုးပါဝင်မှုမရှိဘဲ ငါးရှဉ့်များနှင့်တူသည့် အဆိုပါ ကမ္ဘာဦးသွေးစုပ်ငါးများသည် သားကောင်ကိုတွယ်ကပ်၍ သွေးစုပ်တတ်သည့် သက်ရှိများဖြစ်ကြကြောင်း သိရသည်။

Lamprey ခေါ် အဆိုပါသွေးစုပ်ငါးများသည် ယနေ့ထိ ဆက်ရှိနေဆဲဖြစ်သော်လည်း ၎င်းတို့၏ ကမ္ဘာဦးဘိုးဘေးများ၏ သဘာဝကိုမူ ကျောက်ဖြစ်ရုပ်ကြွင်းအထောက်အထားကင်းမဲ့မှုကြောင့် ရှင်းပြနိုင်မှု မရှိသေးပေ။

သို့ရာတွင် တရုတ်နှင့် ပြင်သစ် သိပ္ပံပညာရှင်များသည် ကိုယ်ခန္ဓာအလျား ၁၂ လက်မထိရှိသည့် Lamprey နှစ်ကောင်၏ ကျောက်ဖြစ်ရုပ်ကြွင်းများကို တရုတ်နိုင်ငံ မြောက်ပိုင်း အတွင်းမွန်ဂိုလီးယားဒေသ၌ တူးဖော်တွေ့ရှိထားကြောင်း သိရသည်။



အဆိုပါကျောက်ဖြစ်ရုပ်ကြွင်းများ၏ သက်တမ်းမှာ နှစ်ပေါင်းသန်း ၁၆၀ ထိရှိပြီဖြစ်ကြောင်း တရုတ်နှင့် ပြင်သစ်သိပ္ပံပညာရှင်များက ပြောကြားသည်။

ကျောက်ဖြစ်ရုပ်ကြွင်းအထောက်အထားများအရ Lamprey သွေးစုပ်ငါးများသည် ဂျူရက်အစ်ဘူမိခေတ်အတွင်းမှာပင် သားရဲသတ္တဝါများဖြစ်လာကြကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

**Ref : Xinhua News**
**Trs : KKO**

## လွန်ခဲ့သောနှစ်ပေါင်း ၆၆ သန်းက ဒိုင်နိုဆောသတ္တဝါများ မျိုးသုဉ်းပျောက်ကွယ်ခဲ့ရမှု၏ အဓိကအကြောင်းရင်းမှာ ဖုန်မှုန့်တိမ်တိုက်များကြောင့်ဖြစ်

**ဘရပ်ဆဲလ် နိုဝင်ဘာ ၁**

လွန်ခဲ့သောနှစ်ပေါင်း ၆၆ သန်းက ဒိုင်နိုဆောသတ္တဝါများ မျိုးသုဉ်းပျောက်ကွယ်ခဲ့ရမှု၏ အဓိကအကြောင်းရင်းမှာ ဂြိုဟ်သိမ်ဝင်တိုက်မှုကြောင့် ထွက်ပေါ်လာသည့် ဖုန်မှုန့်တိမ်တိုက်များကြောင့်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက အောက်တိုဘာ ၃၁ ရက်တွင် ပြောကြားသည်။

ဘယ်လ်ဂျီယံသိပ္ပံပညာရှင်များ၏ ကွန်ပျူတာစံပြပုံစံ ဖန်တီးလေ့လာမှုများအရ ဒိုင်နိုဆောများ မျိုးသုဉ်းရမှု အဓိကအကြောင်းရင်းမှာ ဂြိုဟ်သိမ်ဝင်တိုက်ပြီးချိန်တွင် လေထုလွှာအတွင်းရောက်ရှိလာသည့် ဖုန်မှုန့်တိမ်တိုက်ကြီးများကြောင့်ဖြစ်ကြောင်း သိရသည်။

လွန်ခဲ့သောနှစ်ပေါင်း ၆၆ သန်းက ကမ္ဘာကိုဝင်တိုက်ခဲ့သည့် ဂြိုဟ်သိမ်ကြောင့် လေထုလွှာအတွင်းရောက်ရှိခဲ့သည့် ဖုန်မှုန့်ပမာဏမှာ ဂီဂါတန်ပေါင်း ၂၀၀၀ ခန့်ရှိပြီး ဧဝရက်တောင်တစ်ခုလုံး၏ အလေးချိန်ထက် ၁၁ ဆ ပိုမြင့်မားကြောင်း သိပ္ပံပညာရှင်များက တွက်ချက်ထားသည်။

အဆိုပါ ဖုန်မှုန့်များကြောင့် ကမ္ဘာတစ်ဝန်း ချူကလီးယားဆောင်းရာသီဝင်ရောက်ခဲ့ပြီး ဒိုင်နိုဆောသတ္တဝါများ မျိုးသုဉ်းပျောက်ကွယ်ခြင်းဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

ချစ်ဆူးလက်အမည်ရှိ ဂြိုဟ်သိမ်ဝင်တိုက်မှုကြောင့် ထွက်ပေါ်လာသည့်ဖုန်မှုန့်များသည် နေကို ၁၅ နှစ်ကြာ ဖုံးကွယ်ထားခဲ့ရာ အပင်များ၏အလင်းဖြင့် အစာချက်လုပ်မှုဖြစ်စဉ် ထိခိုက်ပျက်စီးခဲ့ရပြီး ကမ္ဘာပေါ်ရှိ သက်ရှိ ၇၅ ရာခိုင်နှုန်း ပျောက်ကွယ်ခဲ့ရကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

# HEALTH

## HIV ပိုးကူးစက်ခံထားရသူများကို မျိုးဗီဇတည်းဖြတ်မှုဖြင့် ကုသပေးနိုင်ဖွယ်ရှိ

**နယူးယောက် နိုဝင်ဘာ ၁**

မျိုးဗီဇတည်းဖြတ်မှုနည်းပညာဖြင့် မကြာမီကာလအတွင်း ခုခံအားကျဆင်းမှုရောဂါပိုးရပ် (HIV ပိုး) ကူးစက်ခံထားရသည့်လူနာများကို ကုသပေးနိုင်ဖွယ်ရှိကြောင်း အောက်တိုဘာ ၃၁ ရက် သတင်းများအရ သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် လက်တွေ့စမ်းသပ်မှုလုပ်ငန်းစဉ်အတွင်း HIV ပိုး ကူးစက်ခံထားရသည့် လူနာသုံးဦးတို့ကို CAS 9 အမည်ရှိ အင်ဇိုင်းတစ်မျိုးနှင့်အတူ မျိုးဗီဇပစ္စည်းများ ထိုးနှံထည့်သွင်း၍ လေ့လာစောင့်ကြည့်လျက်ရှိသည်။

ကနဦး စမ်းသပ်မှုရလဒ်များအရ CAS 9 အင်ဇိုင်းသည် လူ့ဆဲလ်များအတွင်း အောင်းနေသည့် HIV ပိုးများကို ရှင်းလင်းပေးနိုင်ကြောင်း သိရသည်။

အဆိုပါစမ်းသပ်မှုမှ ထွက်ပေါ်လာမည့်ရလဒ်များကို လာမည့်နှစ်အတွင်း သိရှိနိုင်မည်ဖြစ်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

CRISPER ခေါ် မျိုးဗီဇတည်းဖြတ်မှု နည်းပညာသည် HIV ပိုး ကုထုံးသစ်တစ်ရပ်ကဲ့သို့ မျှော်လင့်ထားသည်ထက်စော၍ ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း သုတေသနပညာရှင်များက မျှော်လင့်ထားသည်။

HIV ပိုး ကူးစက်ခံထားရသည့် လူနာသုံးဦးဖြင့် လက်ရှိပြုလုပ်နေသည့် မျိုးဗီဇကုထုံးစမ်းသပ်မှုမှာ ကုထုံး၏ဘေးကင်းလုံခြုံမှုကို ဆန်းစစ်ရန်ရည်ရွယ်သော စမ်းသပ်မှုဖြစ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

**Ref : Xinhua News**
**Trs : KKO**

## လေထုညစ်ညမ်းမှုကြောင့် အမျိုးသမီးများ၌ ရင်သားကင်ဆာဖြစ်နိုင်ခြေ မြင့်မားနိုင်

**ပဲရစ် နိုဝင်ဘာ ၁**

လေထုညစ်ညမ်းမှုအဆင့်မြင့်မားသည့် မြို့တော်ကြီးများ၌ နေထိုင်ကြရသူ အမျိုးသမီးများသည် မူလတွေးထင်ထားခဲ့ကြသည်ထက် ပို၍ ရင်သားကင်ဆာရောဂါဖြစ်နိုင်ခြေမြင့်မားနိုင်ကြောင်း သုတေသနပညာရှင်များက အောက်တိုဘာ ၃၁ ရက်တွင် ပြောကြားသည်။

ယခင်ပြုလုပ်ခဲ့သည့် သုတေသနလေ့လာချက်များအရ လေထုညစ်ညမ်းသည့် မြို့ပြဒေသနေ အမျိုးသမီးများသည် ကျေးလက်ဒေသနေ အမျိုးသမီးများထက် ရင်သားကင်ဆာဖြစ်နိုင်ခြေ ရှစ်ရာခိုင်နှုန်း ပိုမြင့်မားကြောင်း သိရသည်။

သို့ရာတွင် အဆိုပါပြဿနာမှာ ယခင်လေ့လာချက်များ၌ သုံးသပ်ခန့်မှန်းထားသည်ထက် ပို၍ကြီးမားနေဖွယ်ရှိကြောင်း ပြင်သစ်သုတေသနပညာရှင်များက ပြောကြားသည်။

ပြင်သစ် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ လေထုညစ်ညမ်းမှုအဆင့် မြင့်မားသော ဥရောပမြို့ကြီးများ၌နေထိုင်သူအမျိုးသမီးများ၏ ရင်သားကင်ဆာရောဂါဖြစ်နိုင်ခြေမှာ ပုံမှန်ထက် ၂၈ ရာခိုင်နှုန်းထိ ပို၍မြင့်မားနေနိုင်ကြောင်း သိရသည်။

သုတေသနပညာရှင်များသည် အမျိုးသမီး ၆၀၀၀ ခန့်၏ ၁၉၉၀ ပြည့်နှစ်နှင့် ၂၀၁၁ ခုနှစ်ကြားကာလ ကျန်းမာရေးမှတ်တမ်းများကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ခြင်းဖြစ်သည်။

သွေးလည်ပတ်မှုစနစ်အတွင်း ဝင်ရောက်လာသည့် လေထုညစ်ညမ်းရုပ်မှုန်များကြောင့် ရင်သားကင်ဆာဖြစ်နိုင်ခြေ မြင့်မားလာနိုင်ဖွယ်ရှိကြောင်း ပြင်သစ်သုတေသနပညာရှင်များက သုံးသပ်ထားသည်။

**Ref : Sputnik News**
**Trs : KKO**





နိုင်ငံတကာ
## အားကစားသတင်းများ

# နေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၉)တွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ နိုင်ပွဲကိုယ်စီရရှိ



**ရန်ကုန် နိုဝင်ဘာ ၁**

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၉)ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင်ကျင်းပခဲ့ရာ ရန်ကုန်ယူနိုက်တက် အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၉)အဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ YUSC အားကစားကွင်းတွင်ကစားခဲ့သည့် ရန်ကုန်ယူနိုက်တက် အသင်းနှင့် ရတနာပုံအက်ဖ်စီအသင်းတို့ပွဲစဉ်တွင် အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့သော်လည်း ရန်ကုန်ယူနိုက်တက် အသင်းက ဂိုးပေါက်ခြိမ်းခြောက်မှုအသာစီးဖြင့် ကစားနိုင်ခဲ့ကာ ပွဲချိန် ၂၅မိနစ်တွင် ဒေးဗစ်ထန်း၊ ပွဲချိန် ၂၆ မိနစ်နှင့် ၅၇ မိနစ်တွင် ရန်ကျော်ထွေးနှင့် ပွဲချိန် ၉၂ မိနစ်တွင် ဇော်ဝင်းသိန်းတို့က ရန်ကုန်ယူနိုက်တက်အသင်းအတွက် သွင်းဂိုးများအသီးသီး သွင်းယူနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ရန်ကုန်ယူနိုက်တက်အသင်းက ရတနာပုံအက်ဖ်စီအသင်းကို လေးဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

ဆက်လက်ပြီး ညနေ ၄ နာရီက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင်ကစားခဲ့သည့် ဟံသာဝတီယူနိုက်တက်အသင်းနှင့် မဟာယူနိုက်တက်အသင်းတို့ ပွဲစဉ်တွင် ဟံသာဝတီယူနိုက်တက်အသင်းက ခြေစွမ်းပိုင်းအသာဖြင့် ဖိအားပေးကစားနိုင်ခဲ့ပြီး မဟာယူနိုက်တက်အသင်းအနေဖြင့် ခက်ခက်ခဲခဲ ထိန်းချုပ်ခဲ့ရကာ ပွဲချိန် ၄၅ မိနစ်တွင် အောင်မြတ်သူ၊ ပွဲချိန် ၆၃ မိနစ်တွင် စိုးကျော်ကျော်နှင့်ပွဲချိန် ၇၈ မိနစ်တွင် အာကာတို့က ဟံသာဝတီယူနိုက်တက်အသင်းအတွက် သွင်းဂိုးများ အသီးသီးသွင်းယူနိုင်ခဲ့သောကြောင့် ပွဲပြီးဆုံးချိန်တွင် ဟံသာဝတီယူနိုက်တက်အသင်းက မဟာယူနိုက်တက်အသင်းကို သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

STA

# ဗင်နီစီးယပ်စ်ကို ၂၀၂၇ ခုနှစ်ထိ စာချုပ်သက်တမ်းတိုးခဲ့ကြောင်း ရီးရဲလ်မက်ဒရစ် တရားဝင်ထုတ်ပြန်

**မက်ဒရစ် နိုဝင်ဘာ ၁**

ရီးရဲလ်မက်ဒရစ်အသင်းသည် အသင်းတိုက်စစ်မှူး ဗင်နီစီးယပ်စ်အား သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်ရန် ကာလရှည်ကြိုးပမ်းခဲ့ရပြီး ယခုအခါ ၂၀၂၇ ခုနှစ်ထိသက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်ခဲ့ကြောင်း တရားဝင်ထုတ်ပြန်ခဲ့သည်။

ရီးရဲလ်မက်ဒရစ်အသင်းသည် တိုက်စစ်မှူး ဗင်နီစီးယပ်စ်ကို သက်တမ်းတိုးရန်အတွက် ပြီးခဲ့သည့် ၂၀၂၂ ခုနှစ် ဇူလိုင်လကတည်းက သဘောတူညီမှုရရှိခဲ့ပြီး ကလပ်အသင်းအနေဖြင့် လက်မှတ်ရေးထိုးရန် အချိန်ဆွဲနေခဲ့ကာ လက်ရှိအချိန်မှသာ အတည်ပြုကြေညာခဲ့ခြင်းဖြစ်သည်။

အသက် ၂၃ နှစ်ရှိ တိုက်စစ်မှူး ဗင်နီစီးယပ်စ်သည် ၂၀၁၈ ခုနှစ် ဇူလိုင်လက ရီးရဲလ်မက်ဒရစ်အသင်းသို့ရောက်ရှိခဲ့ပြီး အသင်းသို့ရောက်ခါစတွင် ၎င်းအနေဖြင့် လူငယ်အသင်းတွင်သာ ပါဝင်ခဲ့ရသော်လည်း ပုံစံကောင်းပြသနိုင်မှုကြောင့် အသင်းကြီးတွင်ပါဝင်ခွင့်ရခဲ့ကာ ပြိုင်ပွဲစုံ ၂၃၅ ပွဲတွင် သွင်းဂိုး ၆၃ ဂိုးသွင်းယူနိုင်ခဲ့ပြီး အသင်းနှင့်အတူ လာလီဂါဆုဖလားနှစ်ကြိမ်၊ ကိုပါဒယ်ရေးဖလားတစ်ကြိမ်၊ စပိန်စူပါဖလား နှစ်ကြိမ်၊ ချန်ပီယံလိဂ်ဖလား တစ်ကြိမ်၊ ဖီဖာကမ္ဘာ့ကလပ် ချန်ပီယံဖလားနှစ်ကြိမ် ဆွတ်ခူးခဲ့သည်။

၎င်းသည် ရီးရဲလ်မက်ဒရစ်အသင်းရှိ မျိုးဆက်သစ်ကစားသမားများဖြစ်သည့် ဗယ်ဗာဒီ၊ချူအာမန်နီ၊ ကာမာဗင်ဂါ၊ ရှိဒရီဂို၊ ဘယ်လင်ဟမ်တို့ထဲတွင် ဦးဆောင်နေသူဖြစ်ပြီး အသင်းတွင်ကစားခဲ့သည့်ကာလတွင် ၂၀၂၁-၂၀၂၂ ဘောလုံးရာသီ၌ လာလီဂါသွင်းဂိုး ၁၇ ဂိုး၊ ၂၀၂၂-၂၀၂၃ ဘောလုံးရာသီတွင် သွင်းဂိုး ၁၀ ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ယခုရာသီတွင် ဒဏ်ရာကြောင့် တစ်လခန့်အနားယူခဲ့ရသောကြောင့် အမှတ်ပေးပြိုင်ပွဲတွင် သွင်းဂိုး နှစ်ဂိုးသာ သွင်းယူနိုင်ခဲ့ကြောင်း သိရသည်။

Ref : RT

Trs : ML




# ဂျူဗင်တပ်အသင်းက သောမတ်ပါတေးကို အငှားစာချုပ်ဖြင့်ခေါ်ယူရန်ကြိုးပမ်း

**ရောမ နိုဝင်ဘာ ၁**

ဂျူဗင်တပ် အသင်းသည် အာဆင်နယ်အသင်းတွင် ပွဲကစားခွင့်ပျောက်ဆုံးနေသည့် ကွင်းလယ်ကစားသမား သောမတ်ပါတေးကို လာမည့် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် အငှားစာချုပ်ဖြင့် ခေါ်ယူရန် ကြိုးပမ်းခဲ့ကြောင်း သိရသည်။

ကွင်းလယ်ကစားသမားပါတေးသည် လက်ရှိတွင် ဒဏ်ရာမကြာခဏကြုံတွေ့နေသဖြင့် ပွဲကစားခွင့်ရရှိရန် ရုန်းကန်ခဲ့ရကာ ပြိုင်ပွဲစုံငါးပွဲသာ ပါဝင်ကစားခွင့်ရရှိထားသောကြောင့် အသင်းမှထွက်ခွာရန် ဆန္ဒရှိနေပြီး အာဆင်နယ်အသင်းကလည်း နွေရာသီအပြောင်းအရွှေ့ကာလကတည်းက ရောင်းချရန် စီစဉ်ခဲ့ကာ ပြောင်းရွှေ့ကြေး ယူရိုသန်း ၃၀ သတ်မှတ်ခဲ့ကြောင်း သိရသည်။

ဂျူဗင်တပ်အသင်း အနေဖြင့် အာဆင်နယ်အသင်းက သတ်မှတ်ထားသည့် ပြောင်းရွှေ့ကြေးကို ပေးချေရန်ဆန္ဒမရှိဘဲ ပါတေးကို အငှားစာချုပ်ဖြင့်သာ ခေါ်ယူရန် ကြိုးပမ်းနေပြီး လာမည့် ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် ခေါ်ယူနိုင်ရန် အာဆင်နယ်အသင်းနှင့် ဆွေးနွေးလျက်ရှိသည်။

ကွင်းလယ်ကစားသမားပါတေးသည် အာဆင်နယ်အသင်းနှင့် လာမည့် ၂၀၂၅ ခုနှစ် ဇွန်လမှ စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်သော်လည်း နည်းပြအာတီတာက ၎င်း၏ကစားကွက်နှင့် ကိုက်ညီမှုမရှိသည့်အတွက် ရောင်းချရန် ဆုံးဖြတ်ထားသကဲ့သို့ ကစားသမားကိုယ်တိုင်ကလည်း အသင်းမှ ထွက်ခွာရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

၎င်းသည် ၂၀၂၀ ပြည့်နှစ်က အေတီကိုအသင်းမှ အာဆင်နယ်အသင်းသို့ရောက်ရှိခဲ့ပြီး ပြိုင်ပွဲစုံ ၁၀၅ ပွဲ ပါဝင်ကစားခဲ့ရာတွင် သွင်းဂိုး ငါးဂိုးသွင်းယူ၍ ဂိုးဖန်တီးမှုလေးကြိမ်သာ ပြုလုပ်နိုင်ခဲ့ပြီး အသင်းနှင့်အတူ ကွန်မြူနတီဒိုင်းနှစ်ကြိမ်သာ ရရှိခဲ့ကြောင်း သိရသည်။

Ref : Sputnik

Trs : ML

## အားကစားသတင်း အတိုအထွာများ

- ဆော်ဒီအာရေဗျနိုင်ငံက ၂၀၃၄ ကမ္ဘာ့ဖလားပြိုင်ပွဲကို အိမ်ရှင်အဖြစ် ကျင်းပခွင့်ရရှိရန် လျှောက်ထားခဲ့မှုကို ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ အင်ဖန်တီနိုက အတည်ပြုခဲ့ပြီး လက်ရှိတွင် အိမ်ရှင်နိုင်ငံလျှောက်ထားမှုမှာ ဆော်ဒီအာရေဗျတစ်နိုင်ငံတည်းသာရှိကြောင်း သိရသည်။
- ဘာစီလိုနာအသင်းက ကွင်းလယ်ကစားသမား ရှိမီယူကို သုံးနှစ်စာချုပ်ဖြင့်ခေါ်ယူထားသော်လည်း ကစားသမားအနေဖြင့် လာမည့်ဘောလုံးရာသီကုန်တွင် ဂျီရိုနာအသင်းနှင့် ပြန်လည်ပူးပေါင်းနိုင်ကြောင်း သတင်းထွက်ပေါ်လျက်ရှိသည်။
- ပရီးမီးယားလိဂ်ကလပ်အသင်းများဖြစ်သည့် မန်စီးတီး၊ အဲဗာတန်အသင်းနှင့် ချဲလ်ဆီးအသင်းတို့သည် ဘဏ္ဍာရေးစည်းမျဉ်းချိုးဖောက်ခဲ့မှုများကြောင့် ပရီးမီးယားလိဂ်ဘောလုံးအဖွဲ့ချုပ်၏စစ်ဆေးမှုကိုခံနေရကြောင်း သိရသည်။

ML

# အေဗီလာအသင်းနှင့်အမှတ်ပေးပြိုင်ပွဲ ၃၅ ပွဲတွင် ရမှတ် ၇၁ မှတ်ထိ ရယူနိုင်သည့်နည်းပြအဖြစ် အမ်မရီ မှတ်တမ်းဝင်

**လန်ဒန် နိုဝင်ဘာ ၁**

နည်းပြအမ်မရီသည် အေဗီလာအသင်းသို့ ရောက်ရှိခဲ့ပြီးနောက် အသင်းကို တာဝန်ယူခဲ့သည့် အမှတ်ပေးပြိုင်ပွဲ ၃၅ ပွဲတွင် ရမှတ် ၇၁ မှတ်ထိ ရယူပေးနိုင်ခဲ့သဖြင့် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ကလပ်အသင်းနှင့် ပထမဆုံး ၃၅ ပွဲတွင် ရမှတ် ၇၁ မှတ်ရခဲ့သည့် ကိုးယောက်မြောက် နည်းပြအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

ပရီးမီးယားလိဂ် သမိုင်းတွင် အသင်းကို စတင်တာဝန်ယူခဲ့သည့် ပြိုင်ပွဲစုံ ၃၅ ပွဲတွင် ရမှတ်အများဆုံးရယူနိုင်ခဲ့သည့် နည်းပြများမှာ ချဲလ်ဆီးအသင်းနည်းပြဟောင်း မော်ရင်ဟိုက ရမှတ် ၈၈ မှတ်ဖြင့် ထိပ်ဆုံးတွင်ဦးဆောင်နေပြီး ၎င်းနောက်တွင် ချဲလ်ဆီးနည်းပြဟောင်း ကွန်တီက ရမှတ် ၈၄ မှတ်၊ ချဲလ်ဆီးနည်းပြဟောင်း အန်ဆယ်လော့တီက ရမှတ် ၇၇ မှတ်၊ မန်စီးတီးနည်းပြဟောင်း ပယ်လီဂရီနီက ရမှတ် ၇၇ မှတ်၊လက်စတာအသင်းနည်းပြဟောင်း ရာနီရေးနီက ရမှတ် ၇၆ မှတ်၊ ချဲလ်ဆီးအသင်းနည်းပြဟောင်း ဂရန့်က ရမှတ် ၇၄ မှတ်၊ ချဲလ်ဆီးအသင်းနည်းပြဟောင်းတူချယ်က ရမှတ် ၇၄ မှတ်၊ စပါးအသင်း နည်းပြဟောင်း ကွန်တီက ရမှတ် ၇၃ မှတ်၊ လက်ရှိ အေဗီလာအသင်းနည်းပြ အမ်မရီက ရမှတ် ၇၁ မှတ်ဖြင့် ကိုးယောက်မြောက်နည်းပြအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။



နည်းပြအမ်မရီသည် ၂၀၁၈-၂၀၁၉ ဘောလုံးရာသီက အာဆင်နယ်အသင်းကို တာဝန်ယူခဲ့သော်လည်း အောင်မြင်မှုရရှိရန် ရုန်းကန်ခဲ့ပြီး အသင်းမှထွက်ခွာခဲ့ရသော်လည်း ပြီးခဲ့သည့် နိုဝင်ဘာလက နည်းပြဂျရတ်နေရာတွင် အေဗီလာအသင်းကို တာဝန်ယူခဲ့ပြီးနောက် အသင်းအား ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည့်အပြင် မှတ်တမ်းကောင်းတစ်ရပ်ကို ရရှိခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : ML

# ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသား၊အမျိုးသမီးဘော်လီဘောပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်ကစား

**နေပြည်တော် နိုဝင်ဘာ ၁**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်တို့ပူးပေါင်းကျင်းပသည့် ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသား၊အမျိုးသမီးဘော်လီဘောပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်များကို ယနေ့နံနက် ၈ နာရီမှစတင်ပြီး နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(စီ)တွင် ကျင်းပခဲ့ကြောင်း သိရသည်။




ဦးစွာ အမျိုးသမီးပြိုင်ပွဲ ကွာတားဖိုင်နယ် ပွဲစဉ်များအဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ မန္တလေးတိုင်းဒေသကြီးအသင်းက သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ကယားပြည်နယ်အသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ ကချင်ပြည်နယ်အသင်းက သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းနှင့် ရခိုင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရှမ်းပြည်နယ်အသင်းက သုံးပွဲပြတ်ဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြသည်။

ဆက်လက်ပြီး အမျိုးသားပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်များအဖြစ် ကရင်ပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီး အသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ ကရင်ပြည်နယ်အသင်းက သုံးပွဲ နှစ်ပွဲဖြင့်လည်းကောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက သုံးပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းနှင့်ဧရာဝတီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မန္တလေးတိုင်းဒေသကြီးအသင်းက သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ ရှမ်းပြည်နယ်အသင်းက သုံးပွဲပြတ်ဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့ကြကြောင်း သိရသည်။

STA

# Australian PGA Championship ဂေါက်သီးရိုက်ပြိုင်ပွဲ၌ မိုက်ကယ်ဟန်ဒရီ ပါဝင်ယှဉ်ပြိုင်မည်

**ကွင်းစလန်း နိုဝင်ဘာ ၁**

သွေးကင်ဆာ ရောဂါကြောင့် ဂေါက်သီးရိုက်လောကမှ ခေတ္တအနားယူနေရသည့် နယူးဇီလန်ဂေါက်သီးရိုက် ကစားသမား မိုက်ကယ်ဟန်ဒရီက ရောဂါမှပြန်လည်သက်သာလာခဲ့ပြီးနောက် နိုဝင်ဘာ တတိယပတ်တွင် ဩစတြေးလျနိုင်ငံ ကွင်းစလန်းပြည်နယ်တွင် ကျင်းပသွားမည့် Australian PGA Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်ဟု ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၄၄ နှစ်ရှိ မိုက်ကယ်ဟန်ဒရီသည် ပြီးခဲ့သည့်ဧပြီလက နာမကျန်း၍ ဆေးစစ်မှုပြုလုပ်ခဲ့ရာ သွေးကင်ဆာရောဂါ ဝေဒနာခံစားနေရကြောင်း သိရှိခဲ့ရပြီးနောက် လိုအပ်သော ဆေးကုသမှုများ ပြုလုပ်ခဲ့သည်။

ယခုနှစ်အတွင်း Victoria Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုကို ဆွတ်ခူးခဲ့သည့် မိုက်ကယ်ဟန်ဒရီသည် ရက်သတ္တပါတ်ပတ်အကြာ ဆေးရုံတွင် ဆေးကုသမှု ပြုလုပ်ခဲ့ပြီးနောက် သွေးကင်ဆာရောဂါ ဝေဒနာ သက်သာလာခဲ့ပြီး ဂေါက်သီးရိုက်ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်သွားရန်ပြင်ဆင်လာခဲ့သည်။

မိုက်ကယ်ဟန်ဒရီသည် အောင်မြင်မှုရရှိရေးထက် ဆိုးရွားသည့် ကင်ဆာရောဂါဝေဒနာ ခံစားခဲ့ရသော်လည်း ရောဂါဝေဒနာပြန်လည်သက်သာလာနိုင်သလို အခြေအနေမပျက်ဘဲ ပြိုင်ပွဲဝင်နိုင်ကြောင်း ကင်ဆာရောဂါသည်များကိုခွန်အားပေးလိုသည့်အတွက် ပြိုင်ပွဲများတွင် ပြန်လည်ပါဝင်လာရန် ဆုံးဖြတ်ခဲ့ခြင်းလည်းဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : AZL




# တောင်အာဖရိက စူပါဖလိုင်းဝိတ်တန်း ချန်ပီယံစိန်ခေါ်ပွဲစဉ်အဖြစ် မာကိုဘာနှင့် ဖူမီလီလီတို့ယှဉ်ပြိုင်ထိုးသတ်မည်

**ဂျိုဟန်နက်စဘတ် နိုဝင်ဘာ ၁**

ကမ္ဘာ့လက်ဝှေ့ဖက်ဒရေးရှင်း (WBF) စူပါဖလိုင်းဝိတ်တန်း ချန်ပီယံ တောင်အာဖရိကလက်ဝှေ့သမားမာကိုဘာသည် အပြည်ပြည်ဆိုင်ရာ လက်ဝှေ့ဖက်ဒရေးရှင်း (IBF) စူပါဖလိုင်းဝိတ်တန်းချန်ပီယံ တောင်အာဖရိက လက်ဝှေ့သမား ဖူမီလီလီနှင့် တောင်အာဖရိကစူပါဖလိုင်းဝိတ်တန်း ချန်ပီယံစိန်ခေါ်ပွဲစဉ်အဖြစ် ဒီဇင်ဘာ ၁၆ ရက်တွင် တောင်အာဖရိကနိုင်ငံ၌ ထိုးသတ်မည်ဖြစ်ကြောင်း တောင်အာဖရိက လက်ဝှေ့အဖွဲ့ချုပ်က ထုတ်ပြန်ကြေညာခဲ့သည်ဟု ယနေ့တွင် ဖော်ပြခဲ့သည်။

မာကိုဘာနှင့် ဖူမီလီလီတို့သည် လက်ရှိတောင်အာဖရိက၏ စူပါဖလိုင်းဝိတ်တန်း လောကတွင် အကောင်းဆုံး လက်ဝှေ့သမားများအဖြစ်ရပ်တည်နေကြပြီး တောင်အာဖရိက၏ အကောင်းဆုံးစူပါဖလိုင်းဝိတ်တန်း ချန်ပီယံလုပွဲစဉ် ထိုးသတ်ကြမည်ဖြစ်သည့်အတွက် တောင်အာဖရိကလက်ဝှေ့လောကအတွက် အကောင်းဆုံးစိန်ခေါ်ပွဲများတွင် ပါဝင်လာနိုင်သည်။

တောင်အာဖရိက စူပါဖလိုင်းဝိတ်တန်း၏ အကောင်းဆုံးလက်ဝှေ့သမားများအဖြစ် ရပ်တည်နေကြသော်လည်း တောင်အာဖရိက လက်ဝှေ့အဖွဲ့ချုပ်၏ အဆင့်သတ်မှတ်ချက်အရ စူပါဖလိုင်းဝိတ်တန်းတွင် ဖူမီလီလီက အဆင့်(၁)နှင့် မာကိုဘာက အဆင့်(၅)နေရာ၌ ရပ်တည်နေသည်။

မာကိုဘာက "ကျွန်တော့်အနေနဲ့နည်းပြသစ်အဖြစ် အမ်သာလိန်းနဲ့ လက်တွဲအလုပ်လုပ်တော့မှာဖြစ်ပါတယ်။ လက်ရှိအချိန်ထိ စိန်ခေါ်ထိုးသတ်မဲ့သူ မရှိသေးတဲ့အတွက်ကြောင့် တောင်အာဖရိက စူပါဖလိုင်းဝိတ်တန်းချန်ပီယံခါးပတ်အတွက် ဖူမီလီလီနဲ့ထိုးသတ်သွားဖို့ စာချုပ်ချုပ်ဆိုခဲ့တာဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL

# Paris Masters ဒုတိယအဆင့်တွင် ဆာဖျူလင်က အယ်ကာရက်ဇ်ကိုအနိုင်ရရှိ

**ပဲရစ် နိုဝင်ဘာ ၁**

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ကျင်းပနေသည့် Paris Masters တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ရုရှားတင်းနစ်ကစားသမားဆာဖျူလင်နှင့် စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဆာဖျူလင်က (၆-၃ ၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိကာ တတိယအဆင့်သို့တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ကမ္ဘာ့အဆင့်(၂) နေရာတွင် ရပ်တည်နေသည့် အယ်ကာရက်ဇ်သည် ပြိုင်ပွဲတွင် နိုင်ခြေအဆင့်(၁) အဖြစ် သတ်မှတ်ခံထားရသည့် ကစားသမားတစ်ဦးဖြစ်သော်လည်း ဆာဖျူလင်ကို ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် အမှားများစွာကျူးလွန်ခဲ့ပြီး unforced errors ကို ၂၇ ကြိမ်ထိ ကျူးလွန်ခဲ့သည်။

စပေးဘော စတင်ပေးရသည့် ပွဲငယ်တွင်လည်း စပေးဘောမှ ရမှတ်လေးကြိမ်ထိ ဆုံးရှုံးခဲ့ရပြီး အယ်ကာရက်ဇ်အနေဖြင့် ဒဏ်ရာရာနှုန်းပြည့်ကောင်းမွန်ခြင်းမရှိသေးသည့်အခြေအနေတွင် ပြိုင်ပွဲဝင်ခဲ့ခြင်းကြောင့် ပုံစံကောင်းပျောက်ဆုံးနေခဲ့ခြင်းလည်းဖြစ်သည်။

အယ်ကာရက်ဇ်သည် ယခုနှစ် တင်းနစ်ရာသီတွင် ကမ္ဘာ့အဆင့်(၁)နေရာဖြင့် အဆုံးသတ်ခွင့်ရလိုသည့်အတွက် ဒဏ်ရာရာနှုန်းပြည့် ကောင်းမွန်ခြင်း မရှိသေးသည့် အခြေအနေတွင် ပြိုင်ပွဲဝင်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အယ်ကာရက်ဇ်ကို ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရရှိခဲ့သော ဆာဖျူလင်သည် တတိယအဆင့်တွင် ရုရှားတင်းနစ်ကစားသမားတစ်ဦးဖြစ်သည့် ကာချန်နိုဗ်နှင့် ယှဉ်ပြိုင် ကစားရမည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik

Trs : AZL

# မလေးရှားစူပါ-၁၀၀ ကြက်တောင်ပြိုင်ပွဲတွင် သက်ထားသူဇာက စင်ကာပူကြက်တောင်မယ်ကိုအနိုင်ယူ၍ (၁၆)ဦးရှုံးထွက်အဆင့်တက်ရောက်




**ရန်ကုန် နိုဝင်ဘာ ၁**

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ကျင်းပလျက်ရှိသည့် မလေးရှားစူပါ-၁၀၀ ကြက်တောင်ပြိုင်ပွဲ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ (၃၂)ဦးရှုံးထွက်အဆင့် ပွဲစဉ်အဖြစ် ကစားခဲ့သည့် မြန်မာကြက်တောင်မယ် သက်ထားသူဇာနှင့် စင်ကာပူကြက်တောင်မယ် အင်ဆာရီရက်ခမ်းတို့ပွဲစဉ်တွင် သက်ထားသူဇာက နှစ်ပွဲပြတ်ဖြင့်အနိုင်ရရှိခဲ့ပြီးနောက် (၁၆)ဦးရှုံးထွက်အဆင့်သို့ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကြက်တောင်ပြိုင်ပွဲတွင် ကမ္ဘာ့အဆင့်(၁၀၄)နေရာ၌ ရပ်တည်နေသည့် အင်ဆာရီရက်ခမ်းသည် လက်ရည်စစ်အဆင့်မှ (၃၂)ဦးရှုံးထွက်အဆင့်သို့ တက်ရောက်လာခဲ့ခြင်းဖြစ်ပြီး ကမ္ဘာ့အဆင့်(၄၀)နေရာတွင် ရပ်တည်နေသည့် သက်ထားသူဇာက (၃၂)ဦးရှုံးထွက်အဆင့်မှ စတင်ကစားခဲ့ရခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် သက်ထားသူဇာက အင်ဆာရီရက်ခမ်းကို လက်ရည်အသာစီးဖြင့် ဖိအားပေးကစားနိုင်ခဲ့သော်လည်း အင်ဆာရီရက်ခမ်းကလည်း အကောင်းဆုံးပြန်လည်တုံ့ပြန်ကစားနိုင်ခဲ့ပြီး ပထမပွဲငယ်တွင် ၂၁ မှတ် ၁၉ မှတ်ဖြင့် အမှတ်ကွာဟမှုမရှိခဲ့ဘဲ သက်ထားသူဇာကအနိုင်ရရှိခဲ့ကာ ဒုတိယပွဲငယ်တွင် ၂၁ မှတ် ၁၆ မှတ်ဖြင့် သက်ထားသူဇာက ထပ်မံအနိုင်ရရှိခဲ့သည့်အတွက် နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ပြီး (၁၆)ဦးရှုံးထွက်အဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

STA

# ငှက်ကလေးများကပေးသော ဘဝသင်ခန်းစာ

ဖျာပုံမောင်သုည

စာရေးသူမှာ မနက်စောစောအိပ်ရာနိုးတာနဲ့ ပြုလုပ်နေကျအကျင့်တစ်ခုရှိပါတယ်။ အဲဒါကတော့ စာကလေးတွေကို အစာကျွေးတာပါ။ ကျွေးလာတာ ကြာပြီဆိုတော့ မနက်မိုးလင်းတာနဲ့ ငှက်တွေကို အစာမကျွေးရသေးရင် စိတ်ထဲတစ်ခုခုလိုနေသလိုပါပဲ။ အကျင့်တစ်ခုလိုဖြစ်သွားတဲ့သဘောပါ။ စာကလေးတွေကို ကျွေးတယ်ဆိုပေမဲ့ ချိုး၊ ခို အစရှိတဲ့ငှက်တွေလဲ လာစားတာပါပဲ။ အဲဒီလိုလာစားတဲ့အခါ ငှက်ကြီးတွေက ငှက်ကလေးတွေကို အနိုင်ကျင့်တတ်ကြပါတယ်။ အဲဒီအခါ စာရေးသူက ငှက်ကြီးတွေကို မောင်းထုတ်ရပါတယ်။ မောင်းထုတ်လို့ ပျံသွားရင်လဲ သိပ်အဝေးကြီးမဟုတ်ပါဘူး။ မလှမ်းမကမ်းက ပိတောက်ပင်ပေါ်ကနေ ကြည့်နေကြတာပါ။ စာရေးသူပြန်သွားတာနဲ့ ပြန်ရောက်လာကြတာပါပဲ။ ဒါကတော့ စာရေးသူ မနက်ခင်းတိုင်း ကြုံတွေ့ဖြေရှင်းပေးရတဲ့ အလုပ်တစ်ခုပါပဲ။

ပြောချင်တာက ငှက်ကလေးတွေနဲ့ စာရေးသူရဲ့ ဆက်ဆံရေးပါ။ သူတို့ကို အစာကျွေးလာတာကြာတော့ ရင်းနှီးလာသလိုခံစားရပါတယ်။ ချိုး၊ ခို စတဲ့ ငှက်တွေက စာရေးသူကိုစိမ်းပေမဲ့ စာကလေးတွေကတော့ ယဉ်ပါးလာကြပါတယ်။ တစ်ခါတလေ စာရေးသူ အိပ်ရာထနောက်ကျတဲ့အခါ ပြတင်းမှန်တံခါးကို သူတို့နှုတ်သီးတွေနဲ့ လာလာခေါက်ကြတယ်။ ခေါက်တာကလဲ တစ်ကောင်၊ နှစ်ကောင်မဟုတ်ပါဘူး။ အုပ်စုလိုက်ကြီး ပြတင်းတံခါးပေါင်မှာ နားနေကြပြီး မှန်တံခါးကို မနားတမ်းခေါက်နေတာပါ။ သဘောကတော့ စာရေးသူ မနိုးမချင်းနှိုးနေတဲ့သဘောပါပဲ။ စာရေးသူက သူတို့ကို မနက် ၆ နာရီလောက်ဆို ပုံမှန်အစာကျွေးလေ့ရှိပါတယ်။ တစ်ခါတလေ အိပ်ရာထနောက်ကျတဲ့နေ့မျိုးဆိုရင်တော့ ဆက်အိပ်လို့မရအောင် ဆူညံနေတော့တာပါ။ ကြာလာတော့ သူတို့လဲယဉ်ပါးလာသလို စာရေးသူလဲ ငှက်ကလေးတွေကို သံယောဇဉ်ဖြစ်လာပါတယ်။ ခရီးရှည်တစ်ခုခုသွားဖို့တောင် နောက်ကြောင်းမဖြောင့်ဖြစ်နေသလိုပါပဲ။

အဲဒီငှက်တွေထဲက ငှက်ကလေးတစ်ကောင်ကို ပိုပြီးသတိထားမိတဲ့အချက်တစ်ခုက သူ့ရဲ့အစာစားပုံကိုပါ။ စာကလေးအများစုဟာ အစာစားနေရင်းနဲ့ ဟိုဟိုဒီဒီပျံသွားတတ်ပါတယ်။ ဒါပေမဲ့ သိပ်အဝေးကြီးတော့ မဟုတ်ပါဘူး။ အစာရှိရာအနီးအနားကိုပါပဲ။ အဲဒီလို ပျံသွားလိုက်၊ လာစားလိုက် လုပ်တတ်ကြပါတယ်။ စာရေးသူသတိထားမိတဲ့ ငှက်ကလေးလဲ အဲဒီလိုပါပဲ။ ဒါပေမဲ့ သူပျံသွားတာက အခြားငှက်ကလေးတွေလို နီးနီးနားနားမဟုတ်ပါဘူး။ မျက်စိတစ်ပြလောက်မှာ ရှိတဲ့ ကုက္ကိုပင်ကြီးရှိရာကိုပါ။ တစ်ခါပျံသွားရင်လဲ အနည်းဆုံး ၁၀ မိနစ်လောက် ကြာတတ်ပါတယ်။ အဲဒီလိုကြာပြီးမှ တစ်ခါပြန်လာပါတယ်။ ရောက်လာရင်လဲ ခဏလေးပါပဲ။ အစာတွေကို နှုတ်သီးနဲ့ ကောက်ပြီး ပျံသွားပြန်တာပါပဲ။ အဲဒီလို သုံး၊ လေးခေါက်လောက်လုပ်ပြီးရင်တော့ အစာဝန်းပေါ် နားပြီး အချိန်တော်တော်ကြာအောင် အစာစားပါတယ်။ စားပြီးရင်လဲ အခြားငှက်ကလေးတွေလို တစ်ကောင်နဲ့တစ်ကောင် ဆော့တာမျိုးမရှိပါဘူး။ ကုက္ကိုပင်ကြီးရှိရာကို ပျံသွားတာပါပဲ။ နေ့လယ်ပိုင်းတွေမှာလဲ အဲဒီငှက်ကလေးဟာ လာလေ့မရှိပါဘူး။ စာရေးသူက ငှက်ကလေးတွေကို တစ်နေ့ နှစ်ကြိမ် အစာကျွေးပါတယ်။ မနက်ပိုင်းတစ်ကြိမ်၊ နေ့လယ်ပိုင်းတစ်ကြိမ်ပါ။ နေ့လယ်ပိုင်းမှာတော့ ပုံးအစုတ်တစ်လုံးနဲ့ သူတို့ သောက်ဖို့ရေကိုပါ အမြဲထည့်ပေးပါတယ်။ ဒါပေမဲ့ မိမိသတိထားမိတဲ့ငှက်ကလေးကတော့ နေ့လယ်ပိုင်းတွေမှာ တစ်ခါမှမလာပါဘူး။ မနက်ပိုင်းတစ်ချိန်ပဲ လာပါတယ်။ ဒါကလဲ အဲဒီငှက်ကလေးကို စာရေးသူ သတိထားမိတဲ့အချက်တစ်ခုပါပဲ။

**❖ ငှက်ကလေးရဲ့အပြုအမူ၊ အပြောအဆိုတွေကတော့ လူသားဖြစ်တဲ့ ပုဏ္ဏားကြီးအဖို့ တစ်သက်လုံး အတုယူစရာသင်ခန်းစာတွေပါပဲ။ ဟုတ်ပါတယ်။ လူသားအားလုံးလဲ ဘုရားလောင်းငှက်ကလေးလို ဘဝတစ်ခုကို ဖြတ်သန်းသင့်ပါတယ်။ "ငါ့အတွက် ငါ့ဖို့"ဆိုပြီး အတ္တတွေများနေတဲ့ လူ့လောကကြီးထဲမှာ ဘုရားလောင်းကျေးမင်းလေးရဲ့ စိတ်ထားကတော့ လေးစားစရာပါ။ မိမိလဲဝအောင်စားတယ်။ မိဘနှစ်ပါးကိုလဲ ဝအောင်ကျွေးတယ်။ သားသမီးတွေကိုလဲ ဝအောင်ကျွေးတယ်။ ဒါတင်မက အလှူဒါနအနေနဲ့ သက်ကြီးရွယ်အိုကျေးအပေါင်းကိုပါ ရှာကျွေးပါသေးတယ်။ ဘယ်လောက်မွန်မြတ်တဲ့စိတ်ထားလဲဆိုတာ စဉ်းစားကြည့်ပါ။ ❖**

အဲဒီလို သတိထားမိနေရင်းနဲ့ တစ်နေ့တော့ အဲဒီငှက်ကလေး ပေါ်မလာပါဘူး။ အစပိုင်းတော့ စာရေးသူလဲ သတိမပြုမိပါဘူး။ သုံး၊ လေးရက်လောက် ပေါ်မလာတော့ စာရေးသူလဲ သတိပြုမိလာပါတယ်။ ဒါနဲ့ပဲ လေးရက်မြောက်နေ့ကိုရောက်တော့ စာရေးသူလဲ မနေနိုင်တော့ပါဘူး။ ငှက်ကလေးတွေအပေါ် ထားတဲ့ သံယောဇဉ်ကြောင့်ပဲထင်ပါရဲ့။ အဲဒီငှက်ကလေး ဘာဖြစ်နေလဲဆိုတာ သိချင်လာပါတယ်။ သိချင်နေတဲ့ စိတ်ကို တားမရတော့ ကျောင်းသားလေးနှစ်ယောက်ကိုခေါ်ပြီး အဲဒီငှက်ကလေးပျံသွားတတ်တဲ့ ကုက္ကိုပင်ကြီးရှိရာကို လိုက်သွားမိပါတယ်။ ကုက္ကိုပင်က အတော်လေးကြီးပါတယ်။ အပင်အောက်ရောက်တော့ ဟိုဟိုဒီဒီလိုက်ကြည့်တဲ့အခါ ကုက္ကိုပင်ရဲ့ခွဆုံတစ်ခုမှာ ငှက်သိုက်လေးတစ်ခု တွေ့ပါတယ်။ ကောက်ရိုးတွေနဲ့ ဖွဲ့ထားတဲ့ပုံပါ။ ဒါနဲ့ စာရေးသူလဲ ကျောင်းသားလေးတွေကို အပင်ပေါ်တက်ကြည့်ခိုင်းပါတယ်။ ကျောင်းသားလေး အပင်ပေါ်တက်သွားပြီး သိပ်မကြာပါဘူး။

"ဘုန်းဘုန်း ဒီထဲမှာ ငှက်ပေါက်ကလေးတွေရှိတယ်" ဆိုတဲ့ ကျောင်းသားရဲ့အသံကိုကြားရပါတယ်။ အဲဒီထိတော့ စာရေးသူ မအံ့ဩမိသေးပါဘူး။ ငှက်သိုက်ထဲမှာ ငှက်ပေါက်စကလေးတွေရှိတာ အံ့ဩစရာမှ မဟုတ်ဘဲ။ တောမှာကြီးပြင်းခဲ့ရတဲ့ စာရေးသူအနေနဲ့ ဒါမျိုးကို ခဏခဏတွေ့ဖူးပါတယ်။ အံ့ဩစရာကောင်းတာက ကျောင်းသားလေးဆက်ပြောလိုက်တဲ့အသံပါ။

"ဘုန်းဘုန်း ဒီမှာ ဆန်စေ့တွေလဲရှိတယ်"။ "ဟေ" နှုတ်ကနေ အာမေဍိတ်သံထွက်သွားရတဲ့အထိပါပဲ။ ကျောင်းသားလေးပြောပြလို့သိရတာက ဆန်စေ့လေးတွေဟာ နို့ဆီဘူးတစ်ဝက်လောက်ရှိမဲ့ပုံပါပဲ။ ခဏနေတော့ ငှက်သိုက်လေးနဲ့ မလှမ်းမကမ်းသစ်ကိုင်းတစ်ခုကနေအော်နေတဲ့ ငှက်ကလေးကို တွေ့ရပါတယ်။ ပုံစံကြည့်ရတာ အဲဒီငှက်ကလေးဟာ စာရေးသူတို့သစ်ပင်အောက် စရောက်ကတည်းကရှိနေပုံပါ။ အခု သူ့အသိုက်ကိုတက်ကြည့်တဲ့အခါမှ ထအော်လိုက်ပုံရပါတယ်။ သူ့အသိုက်ကို ဖျက်ဆီးမှာစိုးရိမ်နေတဲ့ပုံစံပါ။ ငှက်ကလေးကိုအသေအချာကြည့်မိတော့ စာရေးသူသတိထားမိနေတဲ့ ငှက်ကလေးပါပဲ။ ဒါနဲ့ စာရေးသူလဲ ကျောင်းသားလေးတစ်ယောက်ပြန်လွှတ်ပြီး ရေတစ်ဝက်ထည့်ထားတဲ့ ရေသန့်ဘူးတစ်လုံးနဲ့ ဆန်အနည်းငယ်၊ ကတ်ကြေး၊ ကြိုး စတာတွေကို ပြန်ယူခိုင်းလိုက်ပါတယ်။ ရောက်လာတဲ့အခါမှာတော့ ရေသန့်ဘူးကို ခါးကဖြတ်ပြီး တစ်ဖက်ကို ရေထည့်၊ တစ်ဖက်ကို ဆန်ထည့်ပြီးတော့ ကြိုးနဲ့ချိတ်ဆွဲကာ အဲဒီငှက်ကလေးစားသောက်ဖို့ ပြုလုပ်ပေးခဲ့ပါတယ်။ ငှက်ကလေးကတော့ စာရေးသူတို့ပြန်တဲ့ထိ အသိုက်နဲ့မလှမ်းမကမ်းသစ်ကိုင်းလေးမှာ ရှိနေတုန်းပါပဲ။

အပြန်လမ်းမှာတော့ စာရေးသူဦးနှောက်ထဲ အတွေးတွေအများကြီးပါပဲ။ အဲဒီငှက်ကလေးဟာ သားပေါက်ချိန်မှာ ကလေးတွေကို စောင့်ရှောက်ရင်း စားဖို့ အဲဒီဆန်စေ့လေးတွေကို စုထားတာလား၊ ဒါမှမဟုတ် အဲဒီငှက်ပေါက်ကလေးတွေစားဖို့ စုထားတာလားဆိုတာ ဝေခွဲမရပါဘူး။ နောက်တစ်ခုက စာကလေးတွေအားလုံး ဒီလိုဝမ်းစာစုတတ်ကြသလား။ ဒါကိုတော့ စာရေးသူ အတိအကျမသိပါဘူး။ ပုရွက်ဆိတ်လေးတွေ၊ ပျားလေးတွေ ဝမ်းစာစုထားတတ်တာကိုတော့ တွေ့ဖူးပါတယ်။ ဘာပဲဖြစ်ဖြစ် ဒီလို အပြုအမူလေးဟာ ကောင်းတဲ့အပြုအမူလေးပါပဲ။ စာရေးသူသတိထားမိတဲ့ အဲဒီငှက်ကလေးရဲ့အပြုအမူတွေကိုကြည့်ပြီး ငါးရာ့ငါးဆယ်နိပါတ်ထဲက "သာလိကေဒါရ"လို့အမည်ရတဲ့ ဇာတ်တော်လေးကိုတောင် သတိရမိပါသေးတယ်။ အကြောင်းအရာလေးကလဲ ဆန်းကြယ်လွန်းလို့ပါ။

ဘုရားလောင်းပါရမီနစဉ်အခါက ဖြစ်ပါတယ်။ ရာဇဂြိုဟ်ပြည်မှာ မာဂဓမင်း မင်းပြုချိန် ဘုရားလောင်းက ကျေးငှက်ဘဝမှာဖြစ်ပါတယ်။ ကျေးငှက်ဆိုပေမဲ့လဲ ကျေးအပေါင်းကို အုပ်ချုပ်ရတာပါ။ ဆိုလိုတာက ကျေးငှက်တွေထဲမှာ ဘုရားလောင်းဟာ ခွန်အားဗလကော၊ အရောင်အဆင်းကော သာလွန်ပါတယ်။ ဒါကြောင့် အလွယ်ပြောရရင်တော့ ကျေးငှက်ဘုရင်ပေါ့။ ကောသိယဂေါတ္တလို့အမည်ရတဲ့ ပုဏ္ဏားတစ်ယောက်ရဲ့ လယ်မြေအနီးတောင်ပေါ်နေရာ လက်ပံတောကြီးထဲမှာ မိဘနှစ်ပါးကို လုပ်ကိုင်ကျွေးမွေးပြီး နေထိုင်ပါတယ်။ တစ်နေ့ ကျေးမင်းနဲ့ သူ့ပရိသတ်အပေါင်းဟာ ပုဏ္ဏားကြီးရဲ့လယ်မှာ မှည့်ဝင်းနေတဲ့သလေးစပါးတွေကို သွားရောက်စားသောက်ကြပါတယ်။ စားသောက်ပြီးလို့ပြန်တဲ့အခါ ကျေးမင်းဟာ သူထုံးစံအတိုင်း အရွယ်လွန်ပြီးသော မိဘ၊ အဘိုးအဘွား၊ သားငယ်၊ သမီးငယ်၊ အသက်အရွယ်ကြီးရင့်ကြပြီဖြစ်သော ကျေးသားအိုကြီးတွေအတွက် သလေးနှံတို့ကိုကိုက်ချီပြီးယူလာခဲ့ပါတယ်။ နောက်ရက်တွေမှာလဲ ဒီအတိုင်းပါပဲ။ ကျေးမင်းဟာ ကျေးပရိသတ်တွေနဲ့ စားသောက်ပြီးအပြန်မှာ သလေးစပါးနှံတွေကို ချီယူသွားတတ်ပါတယ်။ ဒါကို ပုဏ္ဏားကြီးရဲ့ လယ်စောင့်သူရင်းငှားကမြင်ပြီး လယ်ပိုင်ရှင်ပုဏ္ဏားကြီးကို ပြောကြားလိုက်ပါတယ်။ ပုဏ္ဏားကြီးက ကျေးသားအားလုံးထဲမှာ သလေးစပါးနှံကို ကိုက်ချီယူသွားလေ့ရှိတဲ့ အဲဒီကျေးမင်းကို မြင်းမြီးကျော့ကွင်းနဲ့ထောင်ဖမ်းဖို့ အမိန့်ပေးလိုက်ပါတယ်။ သူရင်းငှားလဲ ပုဏ္ဏားကြီးစေခိုင်းတဲ့အတိုင်း ထောင်ဖမ်းရာ ကျေးမင်းကိုမိပြီး ပုဏ္ဏားကြီးဆီ ယူလာခဲ့ပါတယ်။ ဇာတ်တော်ထဲမှာတော့ ပုဏ္ဏားကြီးဟာ ကျေးမင်းကို မြင်မြင်ချင်း ကွဲကွာနေတဲ့ဆွေမျိုးကို ပြန်တွေ့ရသလို ဝမ်းမြောက်ဝမ်းသာဖြစ်သွားတယ်လို့ဆိုပါတယ်။ ပုဏ္ဏားကြီးက ကျေးမင်းကို ချစ်ခင်နှစ်သက်တာကြောင့် ကျီစယ်တဲ့အနေနဲ့ "အို. . . အမောင်ကျေးမင်း သလေးစပါးနှံတွေကို အဘယ်ကြောင့်ယူသွားရပါသလဲ။ သင့်မှာ ကျွန်ုပ်တို့လို ကုန်ရောင်းကုန်သွယ်အမှုတွေရှိသလား။ ဒါမှမဟုတ် စပါးတွေကို သိုလှောင်သိမ်းထားစရာ စပါးကျီတွေရှိသလား" လို့ စနောက်လိုက်ပါတယ်။ ပုဏ္ဏားကြီးရဲ့စကားကို ကြားတော့ ကျေးမင်းက "အို. . . ပုဏ္ဏားကြီး ကျွန်ုပ်ဟာ လက်ပံတောကိုရောက်တဲ့အခါ ကြွေးမြီဟောင်းတွေကိုပေးဆပ်တာ၊ ကြွေးသစ်ချတာ၊ ရွှေအိုးမြှုပ်နှံတာ" စတဲ့အလုပ်တွေကို ပြုလုပ်ရပါတယ်လို့ ပြောလိုက်ပါတယ်။ ကျေးမင်းပြောတဲ့စကားကို ပုဏ္ဏားကြီးက နားမလည်ရှာပါဘူး။ အထူးသဖြင့် ကြွေးဟောင်းဆပ်တာ၊ ကြွေးသစ်ချတာ၊ ရွှေအိုးမြှုပ်တာ စတဲ့စကားတွေကိုပါ။ ဒီတော့မှ ကျေးမင်းက-


"ပုဏ္ဏား ကြွေးမြီဟောင်းတွေ ပေးဆပ်တယ်ဆိုတာ အရွယ်လွန်ပြီးသော မိဘနှစ်ပါးအဘိုးအဘွားတွေကို ရှာဖွေကျွေးမွေးတာဖြစ်ပေတယ်။ ကြွေးမြီသစ်ချတယ်ဆိုတာ သားသမီးငယ်တွေကို ပြုစုစောင့်ရှောက်ကျွေးမွေးတာဖြစ်ပေတယ်။ ကုသိုလ်ပွားလိုလို့ အခြားသောကျေးသားအိုကြီးတွေကို ရှာဖွေကျွေးမွေးနေတာဟာ ရွှေအိုးမြှုပ်နှံတယ်လို့ ဆိုခြင်းဖြစ်ပေတယ်"ဟု ရှင်းပြလိုက်ရာ ပုဏ္ဏားကြီးလဲ အလွန်နှစ်ထောင်း ဝမ်းမြောက်အားရစွာနဲ့ ကျေးမင်းကို အနှောင်အဖွဲ့မှ ဖြေလွှတ်ပေးပြီး မိမိရဲ့လယ်မှာ အလိုရှိတိုင်းလာရောက်စားသောက်ဖို့ ဖိတ်ခေါ်လှူဒါန်းလိုက်ပါတယ်။ ပုဏ္ဏားကြီးက သဒ္ဓါတရားကောင်းလို့ သူပိုင်တဲ့လယ်အားလုံးကိုလှူပေမဲ့ ကျေးမင်းက လက်မခံပါဘူး။ ရှစ်ပယ်သောလယ်မြေကိုပဲ လက်ခံတယ်လို့ စာမှာလာပါတယ်။

ကျေးဆိုတာ တကယ်တမ်းအရင်းစစ်ရင် ငှက်ကလေးတစ်ကောင်ပါပဲ။ ဒါပေမဲ့ ငှက်ကလေးရဲ့အပြုအမူ၊ အပြောအဆိုတွေကတော့ လူသားဖြစ်တဲ့ ပုဏ္ဏားကြီးအဖို့ တစ်သက်လုံး အတုယူစရာသင်ခန်းစာတွေပါပဲ။ ဟုတ်ပါတယ်။ လူသားအားလုံးလဲ ဘုရားလောင်းငှက်ကလေးလို ဘဝတစ်ခုကို ဖြတ်သန်းသင့်ပါတယ်။ "ငါ့အတွက် ငါ့ဖို့"ဆိုပြီး အတ္တတွေများနေတဲ့ လူ့လောကကြီးထဲမှာ ဘုရားလောင်းကျေးမင်းလေးရဲ့ စိတ်ထားကတော့ လေးစားစရာပါ။ မိမိလဲဝအောင်စားတယ်။ မိဘနှစ်ပါးကိုလဲ ဝအောင်ကျွေးတယ်။ သားသမီးတွေကိုလဲ ဝအောင်ကျွေးတယ်။ ဒါတင်မက အလှူဒါနအနေနဲ့ သက်ကြီးရွယ်အိုကျေးအပေါင်းကိုပါ ရှာကျွေးပါသေးတယ်။ ဘယ်လောက်မွန်မြတ်တဲ့စိတ်ထားလဲဆိုတာ စဉ်းစားကြည့်ပါ။ ကျေးမင်းလို စိတ်ဓာတ်မျိုး လူသားအားလုံးမှာသာရှိရင် ကမ္ဘာလောကကြီးဟာ သာယာလှပတဲ့ကမ္ဘာကြီးဖြစ်လာမှာပါပဲ။ ငှက်ကလေးတွေမှမဟုတ်ပါဘူး။ လူသားအားလုံးလဲ ကြွေးဟောင်းဆပ်တာ၊ ကြွေးသစ်ချတာ၊ ရွှေအိုးမြှုပ်တာ စတဲ့အမှုတွေကို ပြုလုပ်သင့်ပါတယ်။ ဒါမှလဲ ပြီးပြည့်စုံတဲ့ဘဝတစ်ခုဖြစ်မှာပါ။ မိမိလဲ အဆင်ပြေအောင်နေမယ်။ မိသားစုကိုလဲ အဆင်ပြေအောင်ထားမယ်။ အမြဲမဟုတ်တောင် တစ်ခါတလေမှာလဲ အလှူဒါနလေးတွေ အထိုက်အလျောက် ပြုမယ်ဆိုရင် တန်ဖိုးရှိတဲ့လူတစ်ယောက်ဖြစ်လာမှာပါ။ ဒါဟာ ငှက်ကလေးတွေကပေးတဲ့ ဘဝသင်ခန်းစာတစ်ခုပါပဲ။ ဒါကြောင့် ငှက်ကလေးတွေမှာလဲ လူသားတွေကိုပေးနိုင်တဲ့ အတုယူစရာသင်ခန်းစာတွေ ရှိတဲ့အကြောင်း သတိပေးရင်း သင်ခန်းစာတွေယူနိုင်ကြပါစေလို့ တိုက်တွန်းလိုက်ရပါတော့တယ်။

**ကိုးကား**

– **သာလိကေဒါရဇာတ်**
**ငါးရာ့ငါးဆယ်နိပါတ်**

# ဗဟန်းမြို့နယ် မန္တလေးပန်းချီပြခန်းတွင် ပန်းချီဆရာငါးဦး၏ ပဥ္စဂံ အွန်လိုင်းပန်းချီပြပွဲ ပြသလျက်ရှိ



**ရန်ကုန် နိုဝင်ဘာ ၁**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ မန္တလေးပန်းချီပြခန်းတွင် ပန်းချီဆရာငါးဦး၏ ပဥ္စဂံအွန်လိုင်း ပန်းချီပြပွဲ ပြသလျက်ရှိကြောင်း အဆိုပါပန်းချီပြပွဲတွင် ပါဝင်ပြသထားသူ ပန်းချီ မောင်ဦးက ပြောပြ၍ သိရသည်။

ပဥ္စဂံ အွန်လိုင်းပန်းချီပြပွဲကို ယနေ့မှစ၍ နိုဝင်ဘာ ၄ ရက်ထိ ပြသလျက်ရှိကြောင်း၊ ပန်းချီပြပွဲတွင် ပန်းချီ၊ ပန်းပုအနုပညာ အထက်တန်းကျောင်း (ရန်ကုန်)မှ ပန်းချီဆရာများဖြစ်ကြသည့် ပန်းချီ ဝင်းတင့်၊ ပန်းချီ မောင်ဦး၊ ပန်းချီ ပြည့်ဖြိုးဇော်၊ ပန်းချီ သိုက်အောင်၊ ပန်းချီ ခိုင်ဖူးပွင့်အောင်တို့၏ ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ်စသည်ဖြင့် အရောင်အသွေးစုံ ပန်းချီကားများကို ပြသရောင်းချလျက်ရှိကြောင်း သိရသည်။

"ပန်းချီဆရာ ငါးယောက်ရဲ့ ပန်းချီ လက်ရာတွေကို ရှုမြင်ခံစားရမှာဖြစ်တဲ့အတွက် ပဥ္စဂံလို့အမည်ပေးထားပါတယ်။ အကြောင်းအရာစုံအောင်၊ ရေးချက်စုံအောင်၊ မီဒီယမ်အမျိုးအစားစုံအောင် စုစည်းပြသထားပါတယ်။ ပြသမဲ့ရက်ကတော့ ဒီနေ့ကနေ နိုဝင်ဘာ ၄ ရက်ထိဖြစ်ပါတယ်။ ပြခန်းမှာ လာရောက် ကြည့်ရှုနိုင်အောင်လဲ စီစဉ်ပေးထားပါတယ်"ဟု ပန်းချီ မောင်ဦးက ပြောပြသည်။

အဆိုပါ အွန်လိုင်းပန်းချီပြပွဲတွင် ပြသနေသည့်ပန်းချီကားများ၏ အရွယ်အစားများမှာ (၃၆×၂၄) လက်မ၊(၂၄×၂၄)လက်မ၊(၁၈× ၂၄) လက်မ၊ (၁၈×၁၈) လက်မ စသည်ဖြင့် အရွယ်အစားအစုံပါဝင်ပြီး ဈေးနှုန်းမှာ အနည်းဆုံးငွေကျပ် ငါးသိန်းမှ အများဆုံးငွေကျပ် သိန်း ၂၀ ထိ ရှိကြောင်း သိရသည်။

ASH

# Snow White ဇာတ်ကားရုံတင်ရက် ဒစ္စနီးရုပ်ရှင်ကုမ္ပဏီ နောက်ဆုတ်ထား

**နယူးယောက် နိုဝင်ဘာ ၁**

Snow White ဇာတ်ကားရုံတင်ပြသမည့်ရက်ကို ဒစ္စနီးရုပ်ရှင်ကုမ္ပဏီက နောက်ဆုတ်ထားကြောင်း အောက်တိုဘာ ၃၁ ရက် သတင်းများအရ သိရသည်။

ဟောလိဝုဒ်သရုပ်ဆောင်များနှင့် ဇာတ်ညွှန်းရေးဆရာများ၏ သပိတ်ကြောင့် Snow White ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို ဒစ္စနီးကုမ္ပဏီက တစ်နှစ်တိတိ နောက်ဆုတ်ခဲ့ခြင်းဖြစ်သည်။

ဒစ္စနီးကုမ္ပဏီသည် မူလက Snow White ဇာတ်ကားကို ၂၀၂၄ ခုနှစ် မတ် ၂၂ ရက်တွင် ရုံတင်ပြသရန် စီစဉ်ထားကြောင်း၊ သို့ရာတွင် လက်ရှိအခြေအနေများအရ Snow White ဇာတ်ကားကို ၂၀၂၅ ခုနှစ် မတ် ၂၁ ရက်မှသာ ရုံတင်ပြသတော့မည်ဖြစ်ကြောင်း ဒစ္စနီးရုပ်ရှင်ကုမ္ပဏီ၏ကြေညာချက်၌ ဖော်ပြထားသည်ဟု သိရသည်။

Snow White ဇာတ်ကားသည် ဒစ္စနီး၏ကမ္ဘာကျော် Snow White ကာတွန်းဇာတ်ကားကို ရုပ်ရှင်ဇာတ်ကားအဖြစ် ပြန်လည်ရိုက်ကူးသည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ မာ့စ်ဝက်က တာဝန်ယူရိုက်ကူးပေးထားပြီး မင်းသမီး ရာချယ်ဇီဂလာနှင့် ဂဲလ်ဂါဒေါ့တို့က အဓိကဇာတ်ကောင်များအဖြစ် ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

**Ref: Xinhua News**

**Trs: KKO**



# ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်သို့ တောကြီးမြွေဟောက်ရုပ်များ ဝင်ရောက်လာ

**ရန်ကုန် နိုဝင်ဘာ ၁**

ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်သို့ တောကြီးမြွေဟောက်ရုပ်များ ဝင်ရောက်လာကြောင်း ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် တော်ဝင်မြန်မာ အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းစင်တာမှ မန်နေဂျင်း ဒါရိုက်တာ ဒေါ်ခင်မြင့်ခိုင်က ပြောပြ၍ သိရသည်။

အဆိုပါ တောကြီးမြွေဟောက်ရုပ်များမှာ ရင်းတိုက်သားဖြင့် ထုလုပ်ထားခြင်းဖြစ်ပြီး ပဲခူးတိုင်းဒေသကြီး ရွှေသာလျောင်းဘုရားကြီး ပန်းပုတန်းမှ ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်အတွင်းသို့ အောက်တိုဘာလ နောက်ဆုံးပတ်က ဝင်ရောက်လာခြင်းဖြစ်ကြောင်း သိရသည်။

"အောက်တိုဘာလ နောက်ဆုံးပတ်ကမှ ပဲခူးရွှေသာလျောင်းဘုရားကြီး ပန်းပုတန်းကနေ တောကြီးမြွေဟောက်ရုပ်တွေ ဈေးကွက်ထဲကို ဝင်လာပါတယ်။ အမြင်ဆန်းတဲ့



အပြင် လက်ရာကလေးကောင်းတဲ့အတွက် ဝယ်ယူသူများပါတယ်။ နှစ်ပတ်လောက်အတွင်းမှာ တောကြီးမြွေဟောက်ရုပ် ၁၅ ရုပ်လောက် ရောင်းရပါတယ်။ ဈေးနှုန်းနဲ့ အရွယ်အစားက တန်တဲ့အတွက်လဲ အရောင်းသွက်တာဖြစ်ပါတယ်"ဟု မန်နေဂျင်း ဒါရိုက်တာ ဒေါ်ခင်မြင့်ခိုင်က ပြောပြသည်။

အဆိုပါ တောကြီးမြွေဟောက်ရုပ်မှာ အလျား ခြောက်လက်မ၊ အမြင့် ၉ ဒသမ ၅ လက်မ အရွယ်အစားရှိပြီး တစ်ရုပ်လျှင် ငွေကျပ် ၅၀၀၀၀ ခန့်ဖြစ်ကာ အောက်တိုဘာလအတွင်း တောကြီးမြွေဟောက်အရုပ် ၅၀ ခန့် ဈေးကွက်အတွင်း ဝင်ရောက်ထားပြီး ၁၅ ရုပ် ရောင်းချထားကြောင်း သိရသည်။

ASH

# Killers of The Flower Moon ကမ္ဘာတစ်ဝန်းဝင်ငွေကန်ဒေါ်လာ ၈၇ သန်းကျော်ရရှိ

**နယူးယောက် နိုဝင်ဘာ ၁**

Apple စတူဒီယို၏ Killers of The Flower Moon ဇာတ်ကားသည် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၈၇ သန်းကျော်ရရှိထားကြောင်း အောက်တိုဘာ ၃၁ ရက် သတင်းများအရ သိရသည်။

စတင်ရုံတင်ပြီး ၁၀ ရက်မပြည့်မီမှာပင် Killers of The Flower Moon သည် ပြည်တွင်းဝင်ငွေအမေရိကန်ဒေါ်လာ ၄၀ ဒသမ ၆ သန်းနှင့် နိုင်ငံတကာဝင်ငွေ အမေရိကန်ဒေါ်လာ ၄၇ ဒသမ ၄ သန်းထိ ရရှိခဲ့ပြီး Apple စတူဒီယို၏ Killers of The Flower Moon ဇာတ်ကားကို အောက်တိုဘာ ၂၀ ရက်တွင် စတင်ရုံတင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါဇာတ်ကားကို ကမ္ဘာကျော်ဒါရိုက်တာ မာတင်စကော်စီစီက ရိုက်ကူးပေးခဲ့ပြီး မင်းသား လီယိုနာဒိုဒီကာပရီယို၊ ရောဘတ်ဒီနီရိုးနှင့် မင်းသမီး လီလီဂလက်စတုန်းတို့ပါဝင်သရုပ်ဆောင်ထားကြောင်း၊ Killers of The Flower Moon ဇာတ်ကားသည် သတင်းစာဆရာ ဒေးဗစ်ဂရန်း၏ အမည်တူမှတ်တမ်းဝတ္ထုကို အခြေခံရိုက်ကူးထားသည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

**Ref: Russia Today**

**Trs: KKO**




# ရောသမမွှေ ရုပ်ရှင်ဇာတ်ကား Red Carpet Show ကျင်းပပြုလုပ်

**ရန်ကုန် နိုဝင်ဘာ ၁**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ သမ္မတအဆင့်မြင့်ရုပ်ရှင်ရုံတွင် ရောသမမွှေ ရုပ်ရှင်ဇာတ်ကား Red Carpet Show ပွဲကို အောက်တိုဘာ ၃၁ ရက် ညနေပိုင်းက ကျင်းပပြုလုပ်ခဲ့ကြောင်း အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသူ Project K အဖွဲ့မှ အဆိုတော် ဝီလျံက ပြောပြ၍ သိရသည်။

ရောသမမွှေ ရုပ်ရှင်ဇာတ်ကား၏ ဇာတ်လမ်း၊ ဇာတ်ညွှန်းကို အဆိုတော် သားစိုးက ရေးသားထားပြီး ဒါရိုက်တာ ကိုဇော် (အရုဏ်ဦး)က တာဝန်ယူပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း၊ အဆိုပါရုပ်ရှင်ဇာတ်ကားကို နိုဝင်ဘာ ၃ ရက်မှစတင်ကာ မြန်မာတစ်နိုင်ငံလုံးရှိ ရုပ်ရှင်ရုံများတွင် ရုံတင်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

"ရုပ်ရှင်ထုတ်လုပ်ရေးက ဇာတ်ကားရုံတင်ခါနီး Red Carpet Show တက်ပေးဖို့ပြောတော့ မေ့တောင်မေ့နေတာ။ ဘယ်လောက်ထိကြာခဲ့ပြီလဲဆိုတော့ ၂၀၁၉ ခုနှစ်လောက်ကပါ။ ဒီဇာတ်ကားကြော်ငြာကြည့်တော့ တော်တော်လေးကောင်းတယ်။ စိတ်ဝင်စားဖို့လဲကောင်းတယ်။ ဒီဇာတ်ကားကို ကျွန်တော်တို့ Special Guest အနေနဲ့ ပါဝင်ထားတဲ့ ဇာတ်ဝင်ခန်းနည်းပေမဲ့ ပါဝင်သရုပ်ဆောင်ကြတဲ့ အနုပညာရှင်တွေကို ကြည့်ပြီး သိပ်ကိုပျော်ဖို့ကောင်းတယ်။ ပွင့်ပွင့်လင်းလင်း ပြောရရင် လုပ်ယူထားတာမဟုတ်ဘဲ တကယ့်ပေါ်တဲ့ဟာမျိုးလဲမဟုတ်ဘူး။ တကယ်စိတ်ဝင်စားစရာကောင်းတဲ့ Entertainment ပုံစံလေး တင်ဆက်ထားတာမို့ သဘောကျရပါတယ်"ဟု Project K အဖွဲ့မှ အဆိုတော် ဝီလျံက ပြောပြသည်။

အဆိုပါဇာတ်ကားတွင် သရုပ်ဆောင် လွှမ်းပိုင်၊ ရဲရင့်အောင်၊ သားစိုး၊ ရဲလေး၊ မိုးမိုး၊ ခင်လှိုင်၊ ဂျိုကာ၊ Project K၊ ကိုဘင်း၊ ကျော်ထက်၊ ဖွေးဖွေး၊ ဖြူဖြူထွေး၊ နော်ချိုမာ စသည့်အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Tourism service resumes for local travellers to Myeik archipelagos


Photo shows one of the islands in Myeik.

**Myeik November 1**

Tourism market at Myeik archipelagos resumes with tours of local travellers, according to Myeik District tourism entrepreneurs association.

Although the whole Myanmar is endowed with various destinations to arrange package tours, marine tourism service can be given to travellers at Myaik archipelagos only. The archipelago is formed with prominent attractive islands such as Lay island, Thameehla island, Don waterfall, Honnyaunghmaing, smart, Padan, Kyekleik and Bailey islands.

Myeik archipelago tourism service was launched in early 2015, and a large number of local and foreign tourists paid visits to the area in 2016. Unfortunately, outbreak of Covid-19 halted the acceleration of tourism service. In 2022, efforts were made to resurge tourism services in Myeik Archipelagos but number of travellers is still lesser due to various reasons.

In October this year, Myeik archipelago tourism service resumed wit attraction to travellers. The Myeik District tourism entrepreneurs association started observation around the islands.

This season, the district association set the service charge per individual. This year, eight of 20 local tour companies will launch their services.

The service charge for travellers are K200,000 to Lay island and Thameehla island, K250,000 to Don waterfall, Nyaunghmaing island including customs of Salon ethnic village and Smart island, K300,000 to Smart and Padan islands, and K350,000 to Kyelleik, Bailey and Smart islands. In this regard, travel charges are different to Smart island.

At present, tour companies launch services for travellers to Yangon, Mandalay, Bagan and Taunggyi. Myeik archipelagos will be the fifth tour services for marine tourism.

336

# Export of marine products earns more than US$700 million

**Yangon November 1**

The Yangon Region Fisheries Department stated that export of marine products to foreign countries earned more than US$700 million and more than 175,000 tons of fishery products was exported through land border and maritime trade from April to September.

During the period, export of 175,000 tons of fishery products crossed more than US$276 million.

Head of the region department U Myint Shwe said, "Fisheries go abroad by air, ship and land borders. We send freshwater and seawater fish to the foreign market, especially to China and Thailand. Export volume of marine products is equal between the before and after Covid-19 period. This financial year, we expect to pocket some US$800 million of incomes from the fishery export."


Boats loaded with fish at a border jetty.

Myanmar sends fishery products to Japan and European countries as usual and to China, Thailand and neighbouring countries through Muse, Myawady, Kawthoung, Sittway, Myeik and Maungtaw border trade camps.

ASH

# Hlawga bamboo plantation displays all kinds of bamboos that grow all over Myanmar

**Yangon November 1**

Hlawga watershed bamboo plantation is displayed 58 kinds of bamboos that grow all over Myanmar in one place, according to reports from the Yangon City Development Committee (YCDC).

The Playgrounds, Parks and Gardens Department under the YCDC, in accordance with the motto of "clean, green, clear and Yangon City", has been planting bamboo species native to Myanmar in Yangon, which is the economic hub of Myanmar, as a group of bamboo plantations under the guidance of the Yangon Region Government and the supervision of the YCDC for the people in Yangon to relax, to provide assistance to their health, to have general knowledge and to make the city green, clean and beautiful.

Bamboo is a perennial herbaceous plant. It absorbs the most carbon dioxide. In addition, a bamboo plantation produces 35 percent more oxygen than other forest plantations in the same area. Therefore, people can breathe clean air around the bamboo plantations.

336

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Fishery tasks suspended in storm Hamon resume at Hainggyi

**Hainggyi November 1**

Offshore fishery tasks resumed at Hainggyi of Ngaputaw Township in Ayeyawady Region although it was suspended in storm Hamon, said sea fishermen U Than Gyoung from Hainggyi.

All fishermen suspended their tasks to avoid impacts of storm Hamon which started in the Bay of Bengal in the second week of October Hainggyi. Now, the storm has finished, so they resumed their livelihoods.

"We suspended offshore fishing in the second week of October to evade impacts of storm. Now, we resume our fishing tasks in the fine weather. Offshore fishing depends on the climatic conditions. It is because we have taken a big lesson from the cyclonic storm Nargis. As we suspended our fishing tasks, we did not have any loss and waste. We did not let fishermen return home and did not reduce their wages. Now is offshore fishing period," he explained.

A total of seven to 15 fishermen are aboard in each trawler to do fishing in Hainggyi. They primarily capture fish and shrimp. They experienced a break in May this year due to outbreak of cyclonic storm Mocha in the Bag of Bengal.

Kyaw Kyaw Lin


Fishing boats seen at a jetty.

# Over 600 rural water supply tasks implemented until September in current 2023-2024 FY


Preparations being made for a water supply project.

**Nay Pyi Taw November 1**

More than 600 rural water supply operations were implemented until the end of September in the current 2023-2024 fiscal year, according to the Ministry of Cooperatives and Rural Development.

The Department of Rural Development under the ministry is implementing rural water supply tasks this year, so that all rural people can access good and safe drinking water.

Those tasks are being funded by the original fund, upgrading fund, the State fund, the UNICEF-funded project for supplying water to the arid zone and region/state funds.

As such, a total of 1,202 rural water supply tasks were implemented in the previous 2022-2023 FY.

This fiscal year also, 1,193 water supply tasks are being carried out.

Until September this fiscal, 613 rural water supply operations were performed. Therefore, the remaining 564 water supply tasks will continue to be implemented.

The implementation of those water supply tasks is set to be finished by the current 2023-2024 financial year. 336

# China delivers first two converted ARJ21 air freighters

**Beijing November 1**

The Commercial Aircraft Corporation of China, Ltd. (COMAC) delivered the first batch of two air freighters converted from ARJ21 passenger planes on Monday, a milestone in the conversion program for China's domestic regional jetliner.

The converted aircraft has a designed maximum payload of 10 tonnes and a flight range of 2,778 kilometers. It is primarily intended for transporting cargo, mail and express shipments on domestic routes and short-haul international routes, according to COMAC.

The ARJ21 freighter conversion program was officially initiated in May 2020. After going through phases of initial and detailed design, as well as conversion, the aircraft received its airworthiness approval from the Civil Aviation Administration of China in January 2023.

China is the largest air cargo market in Asia, with its booming e-commerce and express delivery industries imposing heightened demand on cargo transportation.

Industry insiders believe the ARJ21 cargo aircraft could be a new option to explore low-capacity and specialized cargo markets, as well as high plateau regions.

Xinhua

# Myanmar plans to export frozen meat to the international market officially

**Nay Pyi Taw November 1**

Myanmar is planning to officially export frozen meat produced by Myanmar to the international market, according to reports from the Livestock Breeding and Veterinary Department.

Now, the state is encouraging the farming and animal husbandry sectors, as well as providing the necessary support.

In addition, it is also working to increase the export of agricultural and livestock products to foreign customer markets.

Therefore, at present, agricultural products are exported from the agricultural sector, and fishery products and cattle are exported from the livestock sector.

In addition, Myanmar is planning to legally export frozen meat such as frozen beef, frozen goat meat, and frozen duck meat produced by Myanmar to foreign markets including China.


Frozen beef.

It is said that orders and instructions for the production of frozen meat in the country and the procedures to be followed will be issued soon.

Currently, there are discussions to build international-level slaughterhouses with those who want to invest in this industry. Animal disease control zones have also been established in Nay Pyi Taw, Bago and Meiktila.

336

# Israel sends more troops "deep in Gaza," conducts deadly airstrikes on refugee camp

**Jerusalem/Gaza November 1**

Israel intensified its ground offensive in the Gaza Strip on Tuesday, sending troops deep into the Palestinian territory and clashing with Hamas militants in fierce battles.

The Israel Defense Forces (IDF) said its soldiers had "fierce battles" with Hamas "deep in the Gaza Strip," adding that Israeli troops attacked hundreds of military targets of Hamas, including anti-tank missile and rocket launching posts below shafts and military compounds inside underground tunnels, and killed "numerous" Hamas militants.

Two Israeli soldiers were killed during a firefight in northern Gaza, the military said.

Hamas, the Islamic militant group that rules Gaza, said its fighters confronted the Israeli troops in several locations, including the Al-Tawam area and Al-Karama neighborhood in northern Gaza.

The Hamas-run Interior Ministry said some Israeli army vehicles advanced toward al-Rasheed Street, apparently trying to cut off Gaza City and the north from the south.

Xinhua


Caption: Israeli ground troops conduct operations in the Gaza Strip on Oct. 30, 2023. (IDF/Handout via Xinhua)

# Authorities plan to distribute agricultural water from Chauk Htaung solar-powered river water pumping project to 800 acres of rain-fed crops in next rainy season

**Magway November 1**

The Chauk Htaung solar-powered river water pumping project will distribute agricultural water to 800 acres of rain-fed crops in the coming rainy season of 2024, according to reports from the Department of Irrigation and Water Utilization Management of Magway Region.

The Chauk Htaung solar-powered river water pumping project is being implemented in Chauk Htaung Village, Kanma Township, Magway Region in order to adequately supply 800 acres of agricultural land in the region.

The project was implemented in the 2022-2023 FY and was implemented using 3.2 billion kyats from regional capital funds in 2022-2023 FY.

During the rainy season of this fiscal year, 300 acres of agricultural land were planned to be distributed. In the rain crop season of 2023-2024 FY, more than 400 acres of agricultural land were distributed with agricultural water. Therefore, in the coming summer, up to 600 acres of summer crops will be distributed with irrigation water.

336

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ဟီရိုရှီးမားဗုံးထက် ၂၄ ဆ ပိုမိုအားကောင်းသော နျူကလီးယားဗုံးကို အမေရိကန် တီထွင်ထုတ်လုပ်သွားမည်



ဒုတိယကမ္ဘာစစ်အတွင်းက ဟီရိုရှီးမားမြို့ပေါ်ကြဲချခဲ့သည့်ဗုံးထက် အဖျက်စွမ်းအား ၂၄ ဆ ပိုမိုအားကောင်းသော B61 နျူကလီးယားဗုံးအသစ်ကို တီထွင်ထုတ်လုပ်သွားမည်ဟု အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာခဲ့ကြောင်း ရုရှားနိုင်ငံပိုင် RT သတင်းဌာနက အောက်တိုဘာ ၃၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ပင်တဂွန်စစ်ဌာနချုပ်သည် ကွန်ဂရက်လွှတ်တော်ထံမှ အတည်ပြုချက်နှင့် နျူကလီးယားဗုံးတီထွင်ထုတ်လုပ်မှုအတွက် ရန်ပုံငွေရယူသွားမည်ဖြစ်ကြောင်း အောက်တိုဘာ ၂၇ ရက် သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ကြေညာချက်ပါ အချက်အလက်စာရွက်စာတမ်းများအရ B61-13 ဟုအမည်ပေးထားသည့် အဆိုပါဗုံးသည် အစားထိုးရန် ရည်ရွယ်ထားသည့် B61-7 ဗုံးနှင့် ပေါက်ကွဲမှုပြင်းအားတူညီမည်ဖြစ်သည်။

B61-7 နျူကလီးယားဗုံးသည် အမြင့်ဆုံးပေါက်ကွဲအား ၃၆၀ ကီလိုတန်ရှိပြီး ၎င်းသည် ဟီရိုရှီးမားမြို့ပေါ်ကြဲချခဲ့သော ၁၅ ကီလိုတန် "Little Boy" ဗုံးထက် ၂၄ ဆ ပိုမိုအားကောင်းမည်ဖြစ်သည်။

B61-7 ဗုံးသည် အမေရိကန်လက်နက်တိုက်တွင် အားအပြင်းဆုံး၊ ဖျက်စွမ်းအားအကောင်းဆုံး နျူကလီးယားလက်နက်တော့မဟုတ်ပေ။ TNT ပြင်းအား ၁ ဒသမ ၂ မဂ္ဂါတန်ရှိသော ကမ္ဘာ့ဆွဲငင်အားသုံးသာမိုနျူကလီးယားဗုံး (Thermonuclear Gravity)ဖြစ်သည့် B83 သည် အဖျက်စွမ်းအားအပြင်းဆုံး နျူကလီးယားလက်နက်ဖြစ်သည်။ B83 ဗုံးသည် ၉ မဂ္ဂါတန်ပြင်းအားရှိ ပိုမိုအားကောင်းသော B53 ဗုံးကိုအစားထိုးအသုံးပြုခဲ့ခြင်းဖြစ်ပြီး B53 ဗုံးကို ၂၀၁၁ ခုနှစ်တွင် တပ်ဖြန့်အသုံးပြုခြင်း ရပ်ဆိုင်းခဲ့သည်။

မည်သို့ပင်ဖြစ်စေကာမူ စမ်းသပ်ဖူးခဲ့သမျှ အပြင်းထန်ဆုံး၊ ဖျက်စွမ်းအားအကောင်းဆုံး နျူကလီးယားဗုံးကို ဆိုဗီယက်ယူနီယံက တည်ဆောက်နိုင်ခဲ့ခြင်းဖြစ်သည်။ ၁၉၆၁ ခုနှစ်တွင် ဖောက်ခွဲစမ်းသပ်ခဲ့သော "Tsar Bomba" သည် ဟီရိုရှီးမားမြို့တွင် ကြဲချခဲ့သောဗုံးအလုံးရေ ၁၅၀၀ ကျော်နှင့် ညီမျှသောပေါက်ကွဲမှုပြင်းအားခန့်မှန်းခြေ 58 မဂ္ဂါတန်ထိ ရောက်ရှိခဲ့သည်။

ယနေ့ကြေညာချက်သည် ပြောင်းလဲနေသော လုံခြုံရေးပတ်ဝန်းကျင်အခြေအနေနှင့် အလားအလာရှိသောရန်သူများထံမှ ခြိမ်းခြောက်မှုများတိုးပွားလာမှုအပေါ် ထင်ဟပ်ချက်တစ်ရပ်လည်းဖြစ်သည်ဟု အာကာသမူဝါဒဆိုင်ရာ လက်ထောက်ကာကွယ်ရေးဝန်ကြီး John Plumb က ထုတ်ပြန်ချက်တွင် ပြောကြားခဲ့ကြောင်း သိရသည်။

ကျွန်ုပ်တို့တွင် ယုံကြည်စိတ်ချရနိုင်မည့် လိုအပ်သောအဟန့်အတားစွမ်းရည်များကို ဆက်လက်အကဲဖြတ်ဆန်းစစ်ရန်နှင့် လိုအပ်ပါက မဟာဗျူဟာမြောက် တိုက်ခိုက်မှုများကိုတုံ့ပြန်ရန်နှင့် ကျွန်ုပ်တို့၏မဟာမိတ်များကို အာမခံချက်ပေးနိုင်ရန် အမေရိကန်နိုင်ငံတွင် တာဝန်ရှိပါသည်ဟု ၎င်းက ထည့်သွင်းပြောကြားခဲ့သည်။

၁၉၉၀ ပြည့်လွန်နှစ်များအစောပိုင်းကတည်းက ပထမဆုံးသောနျူကလီးယားစမ်းသပ်မှုလုပ်ဆောင်ချက်တစ်ခုဖြစ်သည့် အမေရိကန်နိုင်ငံ နီဗားဒါးပြည်နယ် စမ်းသပ်ရေးကွင်းတွင် မြေအောက်စမ်းသပ်ဖောက်ခွဲမှုတစ်ရပ် လုပ်ဆောင်ခဲ့ပြီး နှစ်ပတ်အကြာတွင် အဆိုပါကြေညာချက် ထွက်ပေါ်လာခြင်းဖြစ်သည်။ ၁၉၉၆ ခုနှစ် ဘက်စုံနျူကလီးယား စမ်းသပ်မှုတားမြစ်ရေးစာချုပ်(CTBT)အပေါ် ရုပ်သိမ်းမည့် ဥပဒေကြမ်းကို ရုရှားနိုင်ငံအောက်လွှတ်တော်က အတည်ပြုခဲ့ပြီး နာရီပိုင်းအကြာတွင် ဖောက်ခွဲစမ်းသပ်မှုသတင်းထွက်ပေါ်လာခြင်းလည်းဖြစ်သည်။

အဆိုပါ CTBT သဘောတူညီချက်ကို အမေရိကန်က မည်သည့်အခါမျှ အတည်ပြုခဲ့ခြင်းမရှိပေ။ အကယ်၍ အမေရိကန်နိုင်ငံသည် ၎င်း၏နျူကလီးယားလက်နက်တိုက်များ ခေတ်မီအဆင့်မြှင့်တင်ရေး တစ်စိတ်တစ်ပိုင်းအဖြစ် လုပ်ဆောင်လာနိုင်သည်ဟု ယုံကြည်ရသည့် နျူကလီးယားစမ်းသပ်မှုကို ပြန်လည်စတင်မည်ဆိုပါက ရုရှားဘက်ကလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရုရှားသမ္မတဗလာဒီမာပူတင်က မှတ်ချက်ပေးပြောကြားခဲ့သည်။

**US to develop nuclear weapon 24 times more powerful than Hiroshima bomb ကို ဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်းနိုင်ငံက လူသားများထက် လေးဆပိုမိုမြန်ဆန်စွာဆောင်ရွက်နိုင်သော မိုင်းရှာဖွေရေးဒရုန်း တီထွင်ထုတ်လုပ်

ယူကရိန်းနိုင်ငံသည် လူသားများထက် လေးဆပိုမိုမြန်ဆန်စွာ ဆောင်ရွက်နိုင်သော မိုင်းရှာဖွေရေးဒရုန်းကို တီထွင်ခဲ့ကြောင်း www.thedefensepost.com သတင်းဌာနက အောက်တိုဘာ ၃၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

BRAVE1 ကာကွယ်ရေးစက်မှုလုပ်ငန်းအဖွဲ့၏ ST1 ဒရုန်းသည် အနိမ့်ပျံသန်း၍ မိုင်းကိုရှာဖွေထောက်လှမ်းနိုင်ပြီး အချက်အလက်များကို ထိန်းချုပ်ရေးစနစ်များသို့ ပြန်လည်ပေးပို့နိုင်မည်ဖြစ်သည်။

"ခပ်နိမ့်နိမ့်အမြင့်မှာ အတားအဆီးတွေရှောင်ကွင်းပျံသန်းနိုင်အောင် Inductor Coil နဲ့ Sensors (အာရုံခံကိရိယာ) တွေတပ်ဆင်ပေးထားပါတယ်။ ဒရုန်းကိုယ်ထည်ပေါ်မှာ ဒေတာတွေကိုတွက်ချက်လုပ်ဆောင်ပြီး မိုင်းရှင်းလင်းရေးလုပ်မဲ့ တပ်ဖွဲ့ဝင်တွေထံကို အချိန်နဲ့တစ်ပြေးညီ အချက်အလက်တွေ ပေးပို့နိုင်စွမ်းရှိတဲ့ မိုက်ခရိုကွန်ပျူတာလဲ တပ်ဆင်ပေးထားပါတယ်"ဟု ဒစ်ဂျစ်တယ်အသွင်ပြောင်းရေးဝန်ကြီး တာဝန်ယူထားသူ ယူကရိန်းနိုင်ငံဒုတိယဝန်ကြီးချုပ် Mykhailo Fedorov က ပြောပြသည်။

မိုင်းရှာဖွေရေးဒရုန်း ရှေ့ပြေးပုံစံကို မြေပြင်လက်တွေ့စမ်းသပ်မှုများ စစ်ဆေးပြုလုပ်နေပြီး အများအပြားထုတ်လုပ်မှုမစတင်မီ တွေ့ရှိချက်အသစ်များကို ပေါင်းစပ်ထည့်သွင်းအသုံးပြုနိုင်ရန်အတွက် အချက်အလက်များ ထပ်မံစုဆောင်းလျက်ရှိကြောင်းလည်း သိရသည်။ လက်ရှိတွင် ယူကရိန်းနိုင်ငံရှိ ပိုင်နက်နယ်မြေ ၃၀ ရာခိုင်နှုန်းခန့်မှာ မိုင်းများခင်းထားလျက်ရှိသဖြင့် အရပ်သားများ၊ အထူးသဖြင့် ကလေးငယ်များ၏ အသက်အန္တရာယ်အပေါ် ခြိမ်းခြောက်မှုတစ်ရပ်ဖြစ်ပေါ်စေလျက်ရှိသည်။



မိုင်းရှာဖွေရေးဒရုန်းကို တီထွင်ထုတ်လုပ်အသုံးပြုလာနိုင်ခြင်းသည် ယူကရိန်းနယ်မြေများကို မိုင်းရှင်းလင်းရေးလုပ်ငန်းစဉ်များ သိသိသာသာ အရှိန်မြှင့်လုပ်ဆောင်နိုင်စေပြီး ပိုမိုလုံခြုံစေမည်ဖြစ်သည်။ ဥပမာအားဖြင့် နိုင်ငံရှိ အရေးပေါ်ဝန်ဆောင်မှုအဖွဲ့များ၊ လက်နက်ကိုင်တပ်ဖွဲ့များနှင့် ရဲတပ်ဖွဲ့ဝင်များသည် အဆိုပါ မိုင်းရှာဖွေရေးဒရုန်းကို ထိန်းချုပ်လုပ်ဆောင်နိုင်ပြီး ဘေးကင်းလုံခြုံသောနေရာမှ မိုင်းများကို ရှာဖွေတွေ့ရှိနိုင်လိမ့်မည်ဟု Mykhailo Fedorov က ပြောကြားသည်။

**Ukraine Developing Unmanned Mine Detector for Faster, Safer Demining ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ကသာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၃၈၄၉၄ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

**ကသာ နိုဝင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၃၈၄၉၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြ၍ သိရသည်။

ကသာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၃၈၅၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၈၄၉၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကသာမြို့နယ် ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီမှာ စပါးဧက ၃၈၅၀၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိအချိန်ထိ စပါး ၃၈၄၉၄ ဧက စိုက်ပျိုးပြီးပါပြီ။ မိုးစပါးစိုက်ပျိုးမှုကတော့ ပုံမှန်ပါပဲ။ အထွက်နှုန်းကောင်းမွန်ဖို့ အချိန်မီစိုက်ပျိုးကြဖို့ဆောင်ရွက်နေပါတယ်။ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့အတွက် ကာကွယ်ရေးနည်းစနစ်တွေ၊ စိုက်ပျိုးနည်းစနစ်တွေ ဆောင်ရွက်ပေးပါတယ်"ဟု ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြသည်။

ကသာမြို့နယ်တွင် ယခုနှစ် မိုးစပါးစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မိုးစပါးအထွက်နှုန်းတိုးတက်ရန်၊ မြေဩဇာကျွေးနည်းစနစ် မှန်ကန်ရန်၊ သဘာဝမြေဩဇာ အသုံးပြုရန်၊ ပေါင်းရှင်းရန်၊ ပိုးသတ်ဆေးသုံးရန် စသည့်အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# မိုင်းပန်မြို့နယ် မိုင်းဟောင်း-ကုန်းကတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**မိုင်းပန် နိုဝင်ဘာ ၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် မိုင်းပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မိုင်းပန်မြို့နယ် မိုင်းဟောင်း-ကုန်းကတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမျိုးအောင်၊ မိုင်းပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုင်းမြင့်နိုင်ထွန်း၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့နှင့်အတူ မိုင်းပန်မြို့နယ် မိုင်းဟောင်း-ကုန်းကတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းချေးငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် စာရင်းဇယားများ မှန်ကန်စွာရေးသွင်းထားမှုနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ထားမှုရှိ၊မရှိကိုလည်း



ကောင်း၊ စီမံကိန်းအတိုးရငွေ ၅၀ ရာခိုင်နှုန်းဖြင့် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာရေသန့်စက်တပ်ဆင်ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများသတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

မိုင်းပန်မြို့နယ် မိုင်းဟောင်း-ကုန်းကတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူစုစုပေါင်း ၇၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၁ ဒသမ ၂ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

# သရက်မြို့နယ် ငလှိုင်ခြံကျေးရွာ၌ စတုတ္ထအကြိမ် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သရက် နိုဝင်ဘာ ၁**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ငလှိုင်ခြံကျေးရွာ၌ စတုတ္ထအကြိမ် ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း (VRFP) ရန်ပုံငွေ ထုတ်ချေးခြင်းကို အောက်တိုဘာ ၃၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းဖြင့် ငလှိုင်ခြံကျေးရွာရှိ လုပ်ကွက်ငယ်တောင်သူများ၊ စိုက်ပျိုးမွေးမြူထုတ်လုပ်သူများနှင့် အသေးစား စီးပွားရေးလုပ်ငန်း လုပ်ကိုင်လိုသူများ လိုအပ်သည့်ငွေကြေးအရင်းအနှီးရရှိစေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများကိုရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းကော်မတီဝင်များထံ ရန်ပုံငွေကျပ် ၃၃၁ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များက ငလှိုင်ခြံကျေးရွာမှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၅၀ ကို ငွေကျပ် သိန်း ၂၀၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၃၀ ကို ငွေကျပ် ၁၃၁ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူဦးရေ ၈၀ ကို ငွေကျပ် ၃၃၁ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ခင်မာ**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၁-၁၁-၂၀၂၃**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၁၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၀၂၀၀၀/၁၀၄၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၅၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၈၀၀၀ |
| ဧည့်ဝိယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၉၀၀၀/၇၂၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၄၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၂၈၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၄၀၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၁၁၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၁၂၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၂၄၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြို့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# မြန်မာနိုင်ငံသွားဘက်ဆိုင်ရာဆေးပညာညီလာခံကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော်တွင် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများအား ခွဲစိတ်ကုသမှုပေး

**နေပြည်တော် နိုဝင်ဘာ ၁**

ကျန်းမာရေးဝန်ကြီးဌာနသည်နိုင်ငံသားများ၏ အခြေခံလူမှုစီးပွားဘဝများတိုးတက်စေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ရာတွင် ရောဂါကာကွယ်ခြင်း၊ရောဂါများကို ထိရောက်စွာကုသမှုပေးခြင်းတို့အပြင် လူမှုဘဝတိုးတက်စေရေးအတွက်မွေးရာပါ နှုတ်ခမ်းကွဲ၊အာခေါင်ကွဲလူနာနှင့်မျက်နှာကွဲလူနာများကို ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၃ ရက်မှ ၄ ရက်ထိ ကျန်းမာရေးဝန်ကြီးဌာနမှ ကြီးမှူးကျင်းပမည့် မြန်မာနိုင်ငံသွားဘက်ဆိုင်ရာဆေးပညာညီလာခံ (Myanmar Dental Health Science Conference) အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် ညီလာခံအကြိုလုပ်ရှားမှုအဖြစ် မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများကို နေပြည်တော်ပြည်သူ့ဆေးရုံကြီး ခုတင်-၁၀၀၀ နှင့် သွားနှင့်ခံတွင်းအထူးကုဆေးရုံ နေပြည်တော်တို့တွင် ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။



ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် သွားနှင့်ခံတွင်းအထူးကုဆေးရုံ နေပြည်တော်သို့ရောက်ရှိပြီး မြန်မာသွားနှင့်ခံတွင်းခွဲစိတ်အထူးကုဆရာဝန်ကြီးများနှင့် Korea University Medicine မှပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများ ပူးပေါင်းကာ ကလေးငယ်များ ခွဲစိတ်ကုသနေမှုများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ခွဲစိတ်ကုသမှုခံယူရန်စောင့်ဆိုင်းနေသော ကလေးလူနာများနှင့် မိဘများကို အားပေးစကားပြောကြားပြီး ကိုရီးယား-မြန်မာ ပူးပေါင်းခွဲစိတ်ကုသမှုဆောင်ရွက်နေမှုကိုကြည့်ရှုကာ ကိုရီးယားခွဲစိတ်ကုသရေးအဖွဲ့ကို ဂုဏ်ပြုလက်ဆောင်သစ်သီးခြင်းပေးအပ်သည်။

နေပြည်တော် ပြည်ထောင်စုနယ်မြေ၊ မန္တလေးတိုင်းဒေသကြီး၊ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်တို့မှ နှုတ်ခမ်းကွဲ၊အာခေါင်ကွဲ၊မျက်နှာကွဲကလေးလူနာ ၄၀ ကို စမ်းသပ်စစ်ဆေးခဲ့ပြီး ယနေ့တွင်နှုတ်ခမ်းကွဲလူနာ ၁၀ ဦး၊ အာခေါင်ကွဲလူနာ နှစ်ဦးစုစုပေါင်း ၁၂ ဦးကို သွားနှင့်ခံတွင်းအထူးကုဆေးရုံနေပြည်တော်တွင် ခွဲစိတ်ကုသမှုများဆောင်ရွက်ခြင်းဖြစ်ကြောင်းနှင့် ခွဲစိတ်ပြီးလူနာအားလုံး၏ ကျန်းမာရေးအခြေအနေ ကောင်းမွန်လျက်ရှိသည်။ နိုဝင်ဘာ ၂ ရက်တွင် နှုတ်ခမ်းကွဲလူနာ ၁၂ ဦး၊ အာခေါင်ကွဲလူနာ တစ်ဦး၊ မျက်နှာကွဲလူနာ တစ်ဦးစုစုပေါင်း ၁၄ ဦးတို့ကို နေပြည်တော်ပြည်သူ့ဆေးရုံကြီး ခုတင်-၁၀၀၀ တွင် ဆက်လက်၍ခွဲစိတ်ကုသမှုများ ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါ Korea University Medicine မှ Professor Deok- Woo Kim ဦးဆောင်သောအဖွဲ့သည် နိုဝင်ဘာ ၃ ရက်မှ ၄ ရက်ထိကျင်းပမည့် မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆေးပညာညီလာခံ (Myanmar Dental Health Science Conference)တွင်စာတမ်းဖတ်ကြားခြင်း၊ မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်များနှင့် အတွေ့အကြုံဖလှယ်ခြင်းများဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ(ဗဟိုအဆင့်)၌ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ဒုတိယအဆင့်ရရှိခဲ့သော မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု ပြိုင်ပွဲဝင်များကို ဂုဏ်ပြုချီးမြှင့်



**မန္တလေး နိုဝင်ဘာ ၁**

(၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ (ဗဟိုအဆင့်)၌ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ဒုတိယအဆင့်ရရှိခဲ့သော မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု ပြိုင်ပွဲဝင်များအား ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ညနေပိုင်းက ချမ်းအေးသာစံမြို့နယ် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမတွင်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်ခိုင်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ ပြိုင်ပွဲဝင်များ၊ နည်းပြ၊အုပ်ထိန်းသူများ၊ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားပြီး ပြိုင်ပွဲကျင်းပရေးကော်မတီ ဒုတိယဥက္ကဋ္ဌ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)ပါမောက္ခချုပ် ဦးအောင်ဆန်းဦးက ပြိုင်ပွဲယှဉ်ပြိုင်ခဲ့မှုအတွေ့အကြုံများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဂုဏ်ပြုငွေများချီးမြှင့်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ဗဟိုအဆင့်) အဆို၊ အက၊ အရေး ပြိုင်ပွဲတွင် အောင်ပွဲရရှိခဲ့သူများကိုယ်စား တာဝန်ရှိသူများထံသို့လည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကြည်ခိုင်က အတီး၊ အုပ်ချုပ်သူနှင့် ပံ့ပိုးကူညီသူများကိုယ်စား တာဝန်ရှိသူများထံသို့လည်းကောင်း ချီးမြှင့်ခဲ့ပြီး ဆုရရှိသူများကိုယ်စား တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**



# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့်တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင်ပြစ်မှုနှင့်သက်ဆိုင်သည့်ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရသိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း အောက်တိုဘာ ၃၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Lwin Moe Aung”Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် လက်ပံကုန်းကျေးရွာနေ လွင်မိုးအောင်ကို ညနေ ၅ နာရီတွင် ပြင်စာနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေးအသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ နဝမအကြိမ် မိတ်ဆုံနေ့လယ်စာစားပွဲကျင်းပ





**နေပြည်တော် နိုဝင်ဘာ ၁**

နိုင်ငံတော်အစိုးရ၏ ယန္တရား ကောင်းမွန်စွာ လည်ပတ်နိုင်ရေးအတွက် ကျရာကဏ္ဍက တာဝန်ကျေပွန်စွာ ထမ်းဆောင်နေကြသော ဝန်ထမ်းများအား မိသားစုသဖွယ် အသိအမှတ်ပြုသောအားဖြင့် မိတ်ဆုံနေ့လယ်စာစားပွဲများကို ကျင်းပပြုလုပ်ပေးလျက်ရှိရာ နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ နဝမအကြိမ် မိတ်ဆုံနေ့လယ်စာစားပွဲကို ယနေ့မွန်းတည့် ၁၂ နာရီတွင် အဆိုပါဝန်ကြီးဌာနတွင် ကျင်းပသည်။

အဆိုပါ မိတ်ဆုံနေ့လယ်စာစားပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ် ခွန်သန့်ဇော်ထူးနှင့် ဗိုလ်ချုပ်ဖြိုးသန့်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဌာနအကြီးအကဲများ၊ ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြပြီး ရင်းနှီးခင်မင်စွာ လက်ရည်တစ်ပြင်တည်း သုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်ကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ လာရောက်ပေးအပ်



မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်နိုင်ထံ လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။

**နေပြည်တော် နိုဝင်ဘာ ၁**

အရှေ့မြောက်တိုင်း စစ်ဌာနချုပ် နယ်မြေအတွင်း နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်ကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများ လာရောက်ဂုဏ်ပြုပေးအပ်လျက်ရှိသည်။

ထိုသို့ ပေးအပ်လျက်ရှိရာ ယနေ့တွင် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခြင်းကို ရန်ကုန်တိုင်းစစ်ဌာနချုပ်ရှိ အနော်ရထာခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများ၊ စေတနာရှင်အလှူရှင်များ တက်ရောက်ကြသည်။ ဦးစွာ စေတနာရှင်အလှူရှင်တစ်ဦးက ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် စေတနာရှင်အလှူရှင် ၁၈ ဦးက ဂုဏ်ပြုချီးမြှင့်ငွေ စုစုပေါင်းငွေကျပ် ၄၃၇၅ သိန်းကို ဂုဏ်ပြုပေးအပ်ရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

အလားတူ စေတနာရှင် အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခြင်းကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ ရန်အောင်မြင်ခန်းမ၌ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းမှူး ဗိုလ်ချုပ်ကြည်ခိုင်နှင့် တာဝန်ရှိသူများ၊ စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။

ထို့နောက် စေတနာရှင်အလှူရှင် ၄၂ ဦးက လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေ စုစုပေါင်းငွေကျပ် ၃၇၅၅ သိန်းကို ဂုဏ်ပြုပေးအပ်ရာ တိုင်းမှူးက လက်ခံရယူပြီး ကျေးဇူးတင်စကားပြန်လည် ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းထံ အလှူရှင်တစ်ဦးက လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်စဉ်။

# တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု) ညောင်တုန်းမြို့ မြို့ပေါ်ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ စတင်ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြစ်ဝကျွန်းပေါ်နေ မြို့နယ်ရှိ ရပ်ကွက်များနှင့် ပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ရောက်ရှိနေသော တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများ ပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များလိုက်ပါလာသည့် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့သည် ယနေ့နံနက်ပိုင်းတွင် ညောင်တုန်းမြို့နယ် ဆိပ်ကမ်းသို့ရောက်ရှိကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ ဆေးကုသရေးအဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် ညောင်တုန်းမြို့ အမှတ်(၁)ရပ်ကွက် သာသနာလင်္ကာရကျောင်းကြီးကျောင်းတိုက်ရှိ ကုဏ္ဍလာရာမသာသနာ့ဗိမာန်တော်၌အခြေပြု၍ မြို့ပေါ်ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၆၀၂ ဦးကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ စတင်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဆေးကုသမှုဆိုင်ရာရောဂါ ၂၇၄ ဦး၊ ခွဲစိတ်ရောဂါ ၅၃ ဦး၊ သားဖွားမီးယပ်ရောဂါ ၁၃ ဦး၊ ကလေးရောဂါ ၂၇ ဦး၊ အရိုးရောဂါ ၆၆ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၂၇ဦး၊ မျက်စိရောဂါ ၁၂၈ ဦးနှင့် သွားရောဂါ ၁၄ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင်ဓာတ်မှန်ရိုက်လူနာ ခုနစ်ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ် လူနာ ၃၇ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ရှစ်ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ပေးခြင်း များဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



တပ်မတော်နှင့်ကျန်းမာရေးဝန်ကြီးဌာနတို့မှ နယ်လှည့်အထူးကုဆေးအဖွဲ့များက ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

# အင်းလေးဒေသရှိ ဖောင်တော်ဦးမြတ်စွာဘုရား မူလစံကျောင်းတော်ဝင်ပွဲနှင့် အင်းသားရိုးရာလှေပြိုင်ပွဲပိတ်ပွဲနှင့် ဆုပေးပွဲပြုလုပ်



ဖောင်တော်ဦးဘုရားရုပ်ပွားတော်လေးဆူအား ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ တိုင်းမှူး ဗိုလ်ချုပ်လှမိုးတို့က စံကျောင်းတော်အတွင်းသို့ ပင့်ဆောင်ပူဇော်စဉ်။

**နေပြည်တော် နိုဝင်ဘာ ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် အင်းလေးဒေသ သာလေးကျေးရွာအုပ်စု နမ့်ဟူးကျေးရွာရှိ ဖောင်တော်ဦးမြတ်စွာဘုရားသည် အင်းလေးဒေသ ၂၀ ဌာနတွင် ဒေသစာရီကြွချီအပူဇော်ခံလျက်ရှိရာမှ ကိန်းဝပ်စံပယ်တော်မူသော မူလစံကျောင်းဆောင်သို့ ကျောင်းတော်ဝင်ပွဲကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါကျောင်းဆောင်၌ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမိုးနှင့်တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကရိဝိက်ဖောင်တော်ကြီးပေါ်မှတစ်ဆင့် ဖောင်တော်ဦးဘုရားရုပ်ပွားတော် လေးဆူကို စံကျောင်းတော်အတွင်းသို့ ပင့်ဆောင်ပူဇော်ပြီး ပန်း၊ ရေချမ်း၊ ဆီမီးနှင့် ရွှေသက်နှန်းများ ကပ်လှူပူဇော်ကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက နမ့်ဟူးကျောင်းဆောင်၌ နိုင်ငံတော်ဩဝါဒါစရိယ ညောင်ရွှေမြို့နယ် မိုင်းသောက်ကျေးရွာ မိုင်းသောက်ပထမစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသုမင်္ဂလာဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။ ယင်းနောက် တက်ရောက်လာကြသူများက သံဃာတော်များအား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကြပြီး သံဃာတော်များထံမှ အနုမောဒနာတရားနာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် အင်းသားရိုးရာလှေလှော်ပြိုင်ပွဲကို ဆက်လက်ကျင်းပပြုလုပ်ပြီး လှေလှော်ပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိကြသည့် ပြိုင်ပွဲဝင်အသင်းများကို ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

# တြိဂံဒေသတိုင်းစစ်ဌာနချုပ် ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ပိတ်ပွဲနှင့် ဆုပေးပွဲ ပြုလုပ်

**နေပြည်တော် နိုဝင်ဘာ ၁**

တြိဂံဒေသတိုင်းစစ်ဌာနချုပ် ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲပိတ်ပွဲနှင့်ဆုပေးပွဲကို ယနေ့ ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်းနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ အားကစားဝါသနာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပိတ်ပွဲ ပွဲစဉ်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိကြသူများ၊ ဒိုင်းဆုရရှိသည့်အသင်းနှင့် ဒိုင်အဖွဲ့ဝင်များကို တိုင်းမှူးနှင့်တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ လက်ဝှေ့ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း၊တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၁၀ သင်းတို့ဖြင့် အောက်တိုဘာ ၂၀ ရက်မှ ယနေ့ထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်း ဒိုင်းဆုရရှိသည့်အသင်းကို ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။

# ပြင်ဦးလွင်မြို့၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ယနေ့တွင် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ သွားရောက်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ဆေးကုသရေးအဖွဲ့က ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ ၃၅၆ ဦးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ECG၊ Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်ခြင်း၊ သွေးဖောက်၍ ဆီးချိုသွေးချိုစစ်ဆေးခြင်း၊ သွေးအုပ်စုစစ်ဆေးခြင်းနှင့် သွေးလွန်တုပ်ကွေးရောဂါအကြောင်း ကျန်းမာရေး အသိပညာပေးဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သူများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို ပြင်ဦးလွင်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

# မဟာသကျမာရဇိန် ကျောက်တော်ကြီးမြတ်စွာဘုရား (၁၃၅)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်သံဃာ့ဒါနဆွမ်းတော်ကြီးလောင်းလှူပွဲ ကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၁**

မန္တလေး ရတနာပုံမြို့တည်နန်းတည် ပဉ္စမသင်္ဂါယနာတင်ဘဝရှင်မင်းတုန်းမင်းတရားကြီး တည်ထားကိုးကွယ်တော်မူခဲ့သော မဟာသကျမာရဇိန်ကျောက်တော်ကြီးမြတ်စွာဘုရား(၁၃၅)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် မန္တလေးမြို့လေးပြင်လေးရပ်မှ ပင့်သံဃာ ၂၅၆၇ ပါးတို့ကို သံဃာ့ဒါနဆွမ်းတော်ကြီးလောင်းလှူပွဲကို အောင်မြေသာစံမြို့နယ် မဟာသကျမာရဇိန်ကျောက်တော်ကြီးမြတ်စွာဘုရားအာရုံခံတန်ဆောင်းကြီးအတွင်း ယနေ့ နံနက်ပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အလှူရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မဟာသကျမာရဇိန်ကျောက်တော်ကြီးမြတ်စွာဘုရားကို ဖူးမြော်ကြည်ညို၍ ဆွမ်း၊ ရေချမ်း၊ ဆီမီး၊ ပန်းများ ကပ်လှူပူဇော်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အလှူရှင်များနှင့်အတူ သံဃာတော်များကို ဆွမ်း၊ ဆွမ်းဟင်းသပိတ်၊ နဝကမ္မဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘုရားဖူးများစိတ်ချမ်းမြေ့စွာ ဖူးမြော်နိုင်ရန် ဘုရားပရိဝုဏ်အတွင်းအပြင် အမြင်တင့်တယ်အောင် ဆောင်ရွက်ထားမှုနှင့်စောင်းတန်းတစ်လျှောက်သစ်ပင်စိုက်ပျိုးထားမှုများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်းနှင့် ရေစက်ချမင်္ဂလာအခမ်းအနားကို ဂေါပကရုံးတွင် ဆက်လက်ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# မလေးရှားနိုင်ငံသို့ ပို့ဆောင်မည့်မူးယစ်ဆေးဝါးများ ကော့သောင်းမြို့၏အနောက်တောင်ဘက် ရေမိုင် ၁၅၇ မိုင်ခန့်အကွာ၌ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၁**

နိုင်ငံတော်အစိုးရအနေဖြင့် အနာဂတ်မျိုးဆက်သစ်လူငယ်များအပါအဝင် လူသားမျိုးနွယ်စုတစ်ခုလုံးကိုအန္တရာယ်ဖြစ်စေသည့် မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်မှုများအား ထိရောက်စွာတားဆီးကာကွယ် တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် မူးယစ်ဆေးဝါးသယ်ဆောင်လေ့ရှိသည့် လမ်းကြောင်းများ၌ စစ်ဆေးရှာဖွေဖော်ထုတ်ဖမ်းဆီးမှုများ တိုးမြှင့်လုပ်ဆောင်နေသကဲ့သို့ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်း၍ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးပူးတွဲစစ်ဆင်ရေးများကို ဆောင်ရွက်ခြင်းများကြောင့် နိုင်ငံဖြတ်ကျော်မူးယစ်ဂိုဏ်းများသည် ပင်လယ်ရေကြောင်း၏ အားသာချက်ကိုအသုံးချကာ ရေလမ်းကြောင်းများအားပြောင်းလဲအသုံးပြုလာသည်ကို တွေ့ရှိရသည်။

ယခုနှစ် အောက်တိုဘာ ၃၀ ရက်တွင် နိုင်ငံဖြတ်ကျော် မူးယစ်ဂိုဏ်းများသည် မူးယစ်ဆေးဝါးများကို ပင်လယ်ရေလမ်းကြောင်းကိုအသုံးပြုကာ မလေးရှားနိုင်ငံသို့ပို့ဆောင်မည်ဖြစ်ကြောင်း ကြိုတင်သတင်းများရရှိခဲ့သည်။ သို့ဖြစ်၍ မြန်မာ့တပ်မတော်(ရေ)မှ ကော့သောင်းမြို့၏ အနောက်တောင်ဘက်ရေမိုင် ၁၅၇ မိုင်ခန့်အကွာ၌ ပိတ်ဆို့ရှာဖွေစစ်ဆေးခဲ့ရာ မလေးရှားနိုင်ငံဘက်သို့ ဦးတည်ခုတ်မောင်းလာသည့် စက်လှေ တစ်စီးပေါ်မှ တရားခံ မင်းမင်းစိုး၊ အောင်မင်းသူ၊ သူရဦး(၁)၊ ရန်ပိုင်စိုး၊ မြင့်ထွန်း၊ ဝင်းလှိုင်ဦး၊ သူရဦး(၂) တို့ကို GUANYINWANG စာတန်းပါ အထုပ်များအတွင်းမှ ICE ကီလိုဂရမ် ၂၆၀၀ ကာလတန်ဖိုးငွေကျပ် ၁၀၄ ဘီလီယံခန့်ကို ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ တရားခံပြေး ညီညီသည် မလေးရှားနိုင်ငံရှိ မူးယစ်ဆေးဝါးဂိုဏ်းများဖြင့်ချိတ်ဆက်ကာ ပင်လယ်ရေလမ်းကြောင်းကို အသုံးပြု၍ မလေးရှားနိုင်ငံသို့ မူးယစ်ဆေးဝါးများပို့ဆောင်နေခြင်းဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးများကို မလေးရှားနိုင်ငံ ရေပိုင်နက်အတွင်းသို့ရောက်ရှိပါက တရားခံပြေး ညီညီ ချိတ်ဆက်ပေးမည့် မလေးရှားနိုင်ငံရှိ မူးယစ်ဆေးဝါးဝယ်ယူသူထံ လွှဲပြောင်းပေးရမည်ဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

သို့ဖြစ်၍ တရားခံများကို ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့်တရားခံပြေး ညီညီအပါအဝင် ဆက်စပ်တရားခံများကို ဖော်ထုတ်ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် မူးယစ်ဆေးဝါးသယ်ဆောင်သည့် သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာသတင်းပေးတိုင်ကြားနိုင်ကြောင်း၊ သတင်းပေးသူနှင့် ပူးပေါင်းပါဝင်ဖမ်းဆီးပေးသူများကို ထိုက်တန်စွာလျှို့ဝှက်၍ ဆုငွေများချီးမြှင့်ပေးမည်ဖြစ်ကြောင်း အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။



မင်းမင်းစိုး (၄၂)နှစ်



အောင်မင်းသူ(၂၉)နှစ်



ဝင်းလှိုင်ဦး(၄၄)နှစ်



သူရဦး-၂ (၂၃)နှစ်




သူရဦး-၁ (၂၉)နှစ်



ရန်ပိုင်စိုး(၂၀)နှစ်



မြင့်ထွန်း(၄၀)နှစ်

ကော့သောင်းမြို့၏ အနောက်တောင်ဘက် ရေမိုင် ၁၅၇ မိုင်ခန့်အကွာ၌ မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသည့် တရားခံ ခုနစ်ဦး၏မှတ်တမ်းဓာတ်ပုံ။



တရားခံများနှင့်အတူဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများမှတ်တမ်းဓာတ်ပုံ။



တရားခံများနှင့်အတူ ဖမ်းဆီးရမိသည့်စက်လှေ၏ မှတ်တမ်းဓာတ်ပုံ။



ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ၏ မှတ်တမ်းဓာတ်ပုံ။








မူးယစ်ဆေးဝါးများ ထုပ်ပိုးထားရှိမှုမှတ်တမ်းဓာတ်ပုံ။

## နိုဝင်ဘာ ၁ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

**နေပြည်တော် နိုဝင်ဘာ ၁**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၃၁ ရက် ည ၈ နာရီမှယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၃၄၃၉ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ပနားမားတူးမြောင်းတွင် ရေပမာဏကျဆင်းမှုကြောင့် ကုန်တင်သင်္ဘောကြီးများဖြတ်သန်းမောင်းနှင်မှု ယာယီပိတ်ထားမည်



**ပနားမားစီးတီး နိုဝင်ဘာ ၁**

ပနားမားနိုင်ငံတွင် အပူချိန်မြင့်တက်ကာ မိုးခေါင်မှုများဖြစ်ပေါ်နေပြီး ပနားမားတူးမြောင်းအတွင်း ရေပမာဏကျဆင်းမှုကြောင့် ကုန်တင်သင်္ဘောများ ဖြတ်သန်းမောင်းနှင်မှုကို ယာယီပိတ်ထားမည်ဖြစ်ကြောင်း ပနားမားအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မိုးခေါင်မှုကြောင့် ပနားမားတူးမြောင်းတွင် ရေပမာဏမှာ ကုန်တင်သင်္ဘောကြီးများ ဖြတ်သန်းမောင်းနှင်ရန်ခက်ခဲသည့် အခြေအနေဖြစ်ပြီး ပနားမားတူးမြောင်းအတွင်း ကုန်တင်သင်္ဘောကြီးများ ဖြတ်သန်းမောင်းနှင်ခွင့်ကို နိုဝင်ဘာ ၃ ရက်မှစ၍ ပိတ်ပင်သွားမည်ဖြစ်ကြောင်း ပနားမားတူးမြောင်း အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ပနားမားတူးမြောင်းမှာ ရေပမာဏ သိသိသာသာကျဆင်းနေပါတယ်။ ၁၉၅၀ ပြည့်နှစ်နောက်ပိုင်း ရေပမာဏအနိမ့်ဆုံး အခြေအနေနဲ့ ရင်ဆိုင်နေရတာ ဖြစ်ပါတယ်။ ၂၀၂၃ ခုနှစ်အတွင်း ဒုတိယအကြိမ်ရေပမာဏအနိမ့်ဆုံး ရောက်ရှိနေတာဖြစ်ပါတယ်။ ရေပမာဏကျဆင်းတာကြောင့် နိုဝင်ဘာ ၃ ရက်ကနေစပြီး ပနားမားတူးမြောင်းအတွင်း ကုန်တင်သင်္ဘောကြီးတွေဖြတ်သန်းမောင်းနှင်တာကို ပိတ်ပင်သွားမှာဖြစ်ပါတယ်။ ရေပမာဏပေါ်မူတည်ပြီး ပနားမားတူးမြောင်းအတွင်း ဖြတ်သန်းမောင်းနှင်မှုကို ပြန်လည်ခွင့်ပြုသွားမှာဖြစ်ပါတယ်" ဟု ပနားမားတူးမြောင်းအာဏာပိုင်အဖွဲ့အစည်း(ACP)မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ပနားမားတူးမြောင်းတွင် ရေပမာဏကျဆင်းခဲ့ရခြင်းမှာ အယ်နီညိုရာသီဥတုကြောင့် မိုးခေါင်ပြီး အပူချိန်မြင့်တက်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း၊ ပနားမားတူးမြောင်းသည် ကမ္ဘာ့ကုန်သွယ်ရေးကဏ္ဍတွင် အရေးအပါဆုံးတူးမြောင်းဖြစ်ပြီး ပနားမားတူးမြောင်းကို ကာလရှည်ပိတ်ပင်ထားပါက ရေကြောင်းကုန်သွယ်မှုများအတွက် အခက်တွေ့နိုင်ဖွယ်ရှိနေကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : Sai Sat**

# ကယ်လီဖိုးနီးယားပြည်နယ်တွင် တောမီးကြောင့် ဒေသခံတချို့ကို ဘေးလွတ်ရာရွှေ့ပြောင်းရန် သတိပေးချက်ထုတ်ပြန်

**ဝါရှင်တန် နိုဝင်ဘာ ၁**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် တောင်ဘက်ပိုင်းတွင် အောက်တိုဘာ ၃၁ ရက်က တောမီးကူးစက် လောင်ကျွမ်းမှုများကြောင့် ဒေသခံတချို့ကို ဘေးလွတ်ရာရွှေ့ပြောင်းရန် ကယ်လီဖိုးနီးယားပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက သတိပေးချက်ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

တောမီးလောင်ကျွမ်းမှုဖြစ်ပွားချိန် လေတိုက်နှုန်းမြင့်တက်လာခြင်းကြောင့် တောမီးကူးစက်လောင်ကျွမ်းမှုမှာ အရှိန်ပြင်းထန်လာခဲ့ခြင်းဖြစ်ပြီး သစ်တောမြေဧက ၂၂၀၀ ကျော်ထိ ပျက်စီးခဲ့ကြောင်း၊ ဒေသခံဦးရေ ၄၀၀၀ ကျော်ကို ဘေးလွတ်ရာရွှေ့ပြောင်းရန် ညွှန်ကြားခဲ့ရကြောင်း သိရသည်။

တောမီးအရှိန်ပြင်းထန်နေခြင်းကြောင့် လေကြောင်းအကူအညီကိုပါ ရယူထားပြီး လေကြောင်းနှင့် မြေပြင်ပေါင်းစပ်ကာ တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ရန် ကြိုးပမ်းနေကြောင်း၊ တောမီးကူးစက်လောင်ကျွမ်းမှုကြောင့် အခြေခံအဆောက်အအုံတချို့နှင့်နေအိမ်တချို့ကူးစက်လောင်ကျွမ်းနေပြီး ထိခိုက်ဒဏ်ရာရရှိသူမရှိကြောင်း ကယ်လီဖိုးနီးယားပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

တောမီးလောင်ကျွမ်းမှုကြောင့် ဘေးလွတ်ရာရွှေ့ပြောင်းရန် ညွှန်ကြားထားသည့် အန္တရာယ်အတွင်းနေထိုင်သူဦးရေ ၄၀၀၀ ကျော်ရှိပြီး အများစုမှာ ရေးဟားဆိုက်ကောင်တီမှဖြစ်ပြီး အဝွန်ဂါမြို့မှဒေသခံတချို့လည်း ဘေးလွတ်ရာရွှေ့ပြောင်းနေရကြောင်း၊ မီးသတ်တပ်ဖွဲ့ဝင်များက နေအိမ်များဆီသို့ တောမီးကူးစက်လောင်ကျွမ်းမှုမရှိစေရေးအတွက် ဦးစားပေး ငြိမ်းသတ်နေကြောင်း သိရသည်။

ကယ်လီဖိုးနီးယားပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ယာယီကယ်ဆယ်ရေးစခန်းနှစ်ခု ဖွင့်လှစ်ခဲ့ပြီး ကယ်ဆယ်ရေးစခန်းတစ်ခုမှာ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသော ဒေသခံများကို နေရာချပေးထားကာ ကျန်ကယ်ဆယ်ရေးစခန်းတစ်ခုမှာ တောမီးအန္တရာယ်ရှောင်တိမ်းလာသည့် တိရစ္ဆာန်များထားရှိရန်ဖြစ်ကြောင်း ကယ်လီဖိုးနီးယားပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

**Ref : Xinhua News**
**Trs : Sai Sat**

# တရုတ်နိုင်ငံမြောက်ပိုင်းတွင် မီးခိုးမြူများဖုံးလွှမ်းမှုကြောင့် သတိပေးချက်ထုတ်ပြန်

**ပေကျင်း နိုဝင်ဘာ ၁**

တရုတ်နိုင်ငံမြောက်ပိုင်းရှိ မြို့ကြီးများတွင် မီးခိုးမြူများဖုံးလွှမ်းနေမှုကြောင့် မြင်နိုင်စွမ်း မီတာ ၅၀ အောက်သို့ ကျဆင်းနိုင်သဖြင့် သက်ဆိုင်ရာအာဏာပိုင်များက အောက်တိုဘာ ၃၁ ရက်က သတိပေးချက်တစ်ရပ် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံ မြောက်ပိုင်းရှိ ဟီဘေးပြည်နယ်တွင် လေထုညစ်ညမ်းမှုကို ဆန့်ကျင်ရေးအတွက် အရေးပေါ်တုံ့ပြန်မှုတစ်ရပ် စတင်လုပ်ဆောင်နေပြီး လိုအပ်ပါက လေယာဉ် အတက်၊ အဆင်းများကို ရပ်ဆိုင်းထားခြင်း၊ အဝေးပြေးလမ်းများယာယီပိတ်ထားခြင်းနှင့် ကူးတို့သင်္ဘောများကို ဆိုင်းငံ့ထားခြင်း အပါအဝင် ယာဉ်အန္တရာယ်ကင်းရှင်းရေးထိန်းချုပ်မှုဆိုင်ရာလုပ်ငန်းများအတွက် စာရင်းပြုစု၍ အဆင်သင့်ပြင်ဆင်ထားကြောင်း သိရသည်။

ပြည်သူများအနေဖြင့် တတ်နိုင်သမျှ အိမ်အတွင်း၌သာနေထိုင်ကြရန်၊ ယာဉ်အသုံးပြုသွားလာရပါက သတ်မှတ်ထားသောနေရာများတွင်သာ ရပ်နားရန်နှင့် လေထုညစ်ညမ်းမှုအမြင့်ဆုံး သတိပေးချက်ကို စတင်အသုံးပြုပါက ယာဉ်ကြောထိန်းချုပ်မှု အစီအမံများကို အကောင်အထည်ဖော်မည်ဖြစ်ကြောင်း သက်ဆိုင်ရာအာဏာပိုင်များက သတင်းထုတ်ပြန်ထားသည်ဟု သိရသည်။



တရုတ်နိုင်ငံမြောက်ပိုင်းဒေသများတွင် ယခုရက်ပိုင်းအတွင်း ဆောင်းဦးရာသီသို့ ရောက်ရှိလာသော်လည်း နွေရာသီအစောပိုင်းကာလများကကဲ့သို့ ၃၀ ဒီဂရီစင်တီဂရိတ်ထိ အပူချိန်မြင့်တက်နေကာ မြောက်ဝင်ရိုးစွန်းမှ လေအေးများဝင်ရောက်မှု အားနည်းခြင်းသည်လည်း ပုံမှန်မဟုတ်သောရာသီဥတုအခြေအနေကို အဓိကဖြစ်ပေါ်စေသည်ဟု ပညာရှင်များက ပြောကြားထားကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : AZH**

# ချီလီနိုင်ငံတွင် ပြင်းအား ၆ ဒသမ ၆ မဂ္ဂနီကျူရှိ အင်အားပြင်းမြေငလျင် လှုပ်ခတ်မှုဖြစ်ပွား

**ဆန်တီယာဂို နိုဝင်ဘာ ၁**

ချီလီနိုင်ငံမြောက်ပိုင်း ကမ်းရိုးတန်းအနီးတွင် အောက်တိုဘာ ၃၁ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီ ၃၃ မိနစ်တွင် ပြင်းအား ၆ ဒသမ ၆ မဂ္ဂနီကျူရှိ အင်အားပြင်းငလျင်တစ်ခု လှုပ်ခတ်ခဲ့ကြောင်း အောက်တိုဘာ ၃၁ ရက် သတင်းများအရ သိရသည်။

ချီလီနိုင်ငံမြောက်ပိုင်း အင်တာကာမာသဲကန္တာရဒေသရှိ ဟွာစကိုမြို့၏ အနောက်တောင်ဘက် ၂၆ မိုင်အကွာ မြေအောက်အနက် ၂၂ မိုင်တွင် ဗဟိုပြု၍ ပြင်းအား ၆ ဒသမ ၆ မဂ္ဂနီကျူရှိ အင်အားပြင်းငလျင်တစ်ခုလှုပ်ခတ်ခဲ့ပြီး အဆိုပါငလျင်လှုပ်ခတ်မှုကို အိမ်နီးချင်း အာဂျင်တီးနားနိုင်ငံ၏ အနောက်မန်ဒိုဇာပြည်နယ်၊ ဆန်ဟွမ်ပြည်နယ်တို့သာမက နိုင်ငံအလယ်ပိုင်းရှိ ကော်ဒိုဘာပြည်နယ်နှင့် ပြည်နယ်အများအပြားကလည်း ငလျင်လှုပ်ခတ်မှုကို သိသိသာသာခံစားခဲ့ရကြောင်း ဒေသတွင်းမီဒီယာများက ဖော်ပြခဲ့ကြသည်။

အဆိုပါ ငလျင်လှုပ်ခတ်မှုကြောင့် အဆောက်အအုံမျက်နှာကြက်ပြိုကျခြင်း၊ မှန်များကွဲအက်ခြင်းတို့ကဲ့သို့ အသေးစားပျက်စီးမှုများသာဖြစ်ပေါ်ခဲ့ကြောင်း၊ ပျက်စီးဆုံးရှုံးမှုများနှင့်ပတ်သက်၍ နိုင်ငံ၏အမျိုးသားအရေးပေါ်ဌာနက ချက်ချင်းသတင်းထုတ်ပြန်ခြင်းမရှိသေးဘဲ ဆူနာမီဖြစ်ပေါ်နိုင်ခြေမရှိဟု ကြေညာချက်ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ချီလီနိုင်ငံသည် ပစိဖိတ်သမုဒ္ဒရာရှိ မီးကွင်းဒေသ၌တည်ရှိပြီး မကြာခဏ ငလျင်လှုပ်ခတ်မှုများ ဖြစ်ပွားလေ့ရှိရာ ၂၀၁၀ ပြည့်နှစ်ကလည်း ပြင်းအား ၈ ဒသမ ၈ မဂ္ဂနီကျူရှိ အင်အားပြင်းငလျင်တစ်ခုလှုပ်ခတ်ခဲ့ရာ နောက်ဆက်တွဲ ဆူနာမီလှိုင်းများ ဖြစ်ပေါ်မှုကြောင့် လူ ၅၂၆ ဦး သေဆုံးခဲ့သေးကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : AZH**

# အကာပူလ်ကိုနယ်မြေတွင် အိုတစ်ဟာရီကိန်းမုန်တိုင်းကြောင့် ပျောက်ဆုံးနေသူများကိုဆက်လက်ရှာဖွေနေ

**မက္ကဆီကိုစီးတီး နိုဝင်ဘာ ၁**

မက္ကဆီကိုနိုင်ငံ အကာပူလ်ကိုနယ်မြေတွင် အောက်တိုဘာလ တတိယပတ်မှစ၍ အိုတစ်ဟာရီကိန်းမုန်တိုင်းတိုက်ခတ်မှုဖြင့် ရင်ဆိုင်ခဲ့ရပြီး လူ ၄၅ ဦးထက်မနည်း သေဆုံးကာ ၄၇ ဦးထက်မနည်းပျောက်ဆုံးနေရာ ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်နေသူများက လူအင်အားသုံးကာ ရှာဖွေရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နေဆဲဖြစ်ကြောင်း မက္ကဆီကိုအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အိုတစ် ဟာရီကိန်းမုန်တိုင်းကြောင့် လေတိုက်နှုန်းမှာ တစ်နာရီလျှင် ၁၆၅ မိုင်နှုန်းထိ မြင့်တက်ခဲ့သည့်အတွက် ပျက်စီးဆုံးရှုံးမှုနှုန်းမြင့်မားခဲ့ခြင်းဖြစ်ကြောင်း၊ မုန်တိုင်းကြောင့် ပျက်စီးခဲ့ရသည့် တန်ဖိုးပမာဏမှာ အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံခန့်ရှိနိုင်ပြီး မက္ကဆီကိုနိုင်ငံသမိုင်းတစ်လျှောက် သဘာဝဘေးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုပမာဏအများဆုံးအဖြစ် မှတ်တမ်းဝင်ဖွယ်ရှိနေကြောင်း သိရသည်။


"အမှန်တကယ် လိုအပ်နေတာက အစားအသောက်နဲ့ အသုံးအဆောင်ပစ္စည်းတွေပါ။ သန့်ရှင်းတဲ့ သောက်သုံးရေနဲ့ အစားအသောက်တွေရမယ်ဆိုရင် အဆင်ပြေနိုင်ပါတယ်။ လောလောဆယ် ကယ်ဆယ်ရေးစခန်းက ပြည်သူတွေဟာ အစားအသောက်လုံလောက်စွာ မရကြတဲ့အတွက် ဒုက္ခရောက်နေပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှုတွေလဲ လိုအပ်နေပါတယ်"ဟု ကယ်ဆယ်ရေးစခန်းတွင် ရောက်ရှိနေသည့် ဒေသခံမာတီနက်ဇ်က ပြောကြားခဲ့သည်။

ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသော ဒေသခံများမှာလည်း အစားအသောက်နှင့် အသုံးအဆောင်ပစ္စည်းများ လိုအပ်နေပြီး အစိုးရက ကူညီပံ့ပိုးပေးမှုများ ပြုလုပ်ပေးနေကာ ပျောက်ဆုံးနေသူ ဒေသခံများကိုလည်း အမြန်ဆုံးရှာဖွေနိုင်ရေးအတွက် လူအင်အားထပ်မံတိုးမြှင့်ခဲ့ကြောင်း မက္ကဆီကိုအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

**Ref : Russia Today**
**Trs : Sai Sat**

# လေထုညစ်ညမ်းမှုနှင့်ရင်ဆိုင်နေရသော မြို့တော်ဂျကာတာ

ဝင်းဇင်(သုတေသန)



အင်ဒိုနီးရှားနိုင်ငံ၏ စည်ကားလျက်ရှိသော မြို့တော်ဂျကာတာသည် မတူကွဲပြားသောယဉ်ကျေးမှုနှင့် စီးပွားရေးအခွင့်အလမ်းများကြောင့် လူသိများထင်ရှားလျက်ရှိသည်။ သို့သော် အင်ဒိုနီးရှားနိုင်ငံ၏ မြို့တော်သည် မကြာသေးမီအချိန်အတွင်းကပင် ကမ္ဘာ့လေထုညစ်ညမ်းမှု အဖြစ်ပွားဆုံးမြို့တော်အဖြစ် စာရင်းသွင်းခံခဲ့ရပြီး မေလမှစ၍ ကမ္ဘာ့လေထုညစ်ညမ်းမှုအများဆုံးထိပ်တန်း ၁၀ နိုင်ငံစာရင်းတွင် ရပ်တည်လာခဲ့သည်။ မြို့တော်၏ဈေးဆိုင်တန်းများ၊ နေအိမ်များနှင့် မိုးမျှော်အဆောက်အအုံများတွင်ရှိသည့် လူဦးရေ ၁၀ သန်းကျော်သည် အဆိပ်ငွေ့များပါဝင်သော ညစ်ညမ်းသည့်လေကို နေ့စဉ်ရှူရှိုက်ရလျက်ရှိသည်။

သမ္မတဂျိုကိုဝီဒိုဒိုသည် လေထုညစ်ညမ်းမှုလျှော့ချရေးအတွက် တစ်ခုတည်းသောအဖြေမှာ မြို့တော်အသစ်တည်ဆောက်သွားရန်ဖြစ်ကြောင်း ပြောဆိုခဲ့သည်။ လက်ရှိအချိန်တွင် ကာလီမန်တန်ပြည်နယ်ရှိအလှမ်းကွာဝေးသောနေရာ၌ နူဆန်တရာ(Nusantara)မြို့တော်ကို တည်ဆောက်လျက်ရှိပြီး အဆိုပါမြို့တော်သို့ စစ်ဘက်နှင့်အရပ်ဘက်ဝန်ထမ်း ၁၆၀၀၀ ကျော်ကို ပြောင်းရွှေ့နေရာချထားသွားမည်ဖြစ်သည်။ မြို့တော်ပြန်လည်နေရာချထားတည်ဆောက်ရသည့်အကြောင်းရင်းများအနက် တစ်ချက်မှာ ဂျကာတာသည် တဖြည်းဖြည်း ပင်လယ်ကြမ်းပြင်အောက်သို့ စိမ့်ဝင်လျက်ရှိသောကြောင့်ဖြစ်သည့်အပြင် ယာဉ်ကြောပိတ်ဆို့မှုနှင့် လေထုညစ်ညမ်းမှုကိုလည်း ရင်ဆိုင်ရလျက်ရှိသည်။

ဂျကာတာမြို့တော်၏ကားလမ်းများတွင် ယာဉ်ကြောပိတ်ဆို့မှုများကို နေ့စဉ်ကြုံတွေ့ရလျက်ရှိသည်။ ဂျကာတာသည် ပိုမိုကြွယ်ဝချမ်းသာလာပြီး မြို့ပြဆန်လာသောကြောင့် မော်တော်ကားများနှင့်မော်တော်ဆိုင်ကယ်များသည် မြို့တော်လမ်းများနှင့်ဆင်ခြေဖုံးနေရာများတွင် နှစ်စဉ်အရေအတွက် ပိုမိုများပြားလာလျက်ရှိပြီး မော်တော်ယာဉ်များ၏ မီးခိုးထုတ်လွှတ်မှုသည် ဂျကာတာ၏လေထုညစ်ညမ်းမှုများတွင် အဓိကပါဝင်လျက်ရှိသည်။ ထို့ကြောင့် မြို့တော်တစ်ခုလုံးတွင် ကာဗွန်မိုနောက်ဆိုက်နှင့် အဆိပ်အတောက်အငွေ့များမြင့်တက်လာလျက်ရှိသဖြင့် လူဦးရေထူထပ်သည့်နေရာများတွင် လမ်းလျှောက်သူများ၊ စက်ဘီးစီးနင်းသူများပိုမိုများပြားလာခဲ့သည်။ ဆိုရလျှင် မော်တော်ယာဉ်များမှထုတ်လွှတ်သောမီးခိုးများ လျှော့ချသွားရေးသည် ကြီးမားသောပြဿနာတစ်ရပ်ဖြစ်လာခဲ့သည်။

ထို့ပြင် ဂျကာတာ၏ပတ်ဝန်းကျင်ရှိ စက်မှုဇုန်များသည်လည်း ဆာလဖာဒိုင်အောက်ဆိုက်နှင့်အခြားသော အဆိပ်အတောက်ဖြစ်စေသည့် အခိုးအငွေ့များကိုအတိုင်းအတာတစ်ခုထိ ထုတ်လွှတ်လျက်ရှိသောကြောင့် လေထုညစ်ညမ်းမှုများ ဖြစ်ပေါ်စေလျက်ရှိသည်။ မြို့ပြဒေသများအနီးရှိစက်ရုံ၊ အလုပ်ရုံများသည် လေထုညစ်ညမ်းမှုကိုသိသိသာသာဖြစ်ပေါ်စေလျက်ရှိသည်။ ဂျကာတာသည် လေထုညစ်ညမ်းမှုအများဆုံးဖြစ်ပွားသည့် ရုပ်ကြွင်းလောင်စာဖြစ်သောကျောက်မီးသွေးကိုလက်ရှိအချိန်ထိ အသုံးပြုလျက်ရှိသည်။ ကာဗွန်ထုတ်လွှတ်မှုထိန်းချုပ်ခြင်းနှင့်စောင့်ကြည့်ခြင်းလုပ်ငန်းများ လုပ်ဆောင်ရန်ပျက်ကွက်ခြင်းသည် စက်မှုလုပ်ငန်းဆိုင်ရာလေထုညစ်ညမ်းမှုများကိုဖြစ်ပေါ်စေလျက်ရှိပြီး လေထုအရည်အသွေး ပိုမိုကျဆင်းလာစေလျက်ရှိသည်။

ဆောက်လုပ်ရေးလုပ်ငန်းများနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများသည်လည်း ဖုန်မှုန့်များနှင့်လေထုညစ်ညမ်းမှုများကိုဖြစ်ပေါ်စေလျက်ရှိသည်။ စည်းမျဉ်းစည်းကမ်းနှင့်မညီညွတ်သော ဆောက်လုပ်ရေးအလေ့အထများသည် ဖုန်မှုန့်များကို ဖြစ်ပေါ်စေလျက်ရှိသည်။ အင်ဒိုနီးရှားနိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာစီးပွားရေးစင်မြင့်တွင် ပေါင်းစည်းချိတ်ဆက်လာလျက်ရှိသောကြောင့် မိုးမျှော်အဆောက်အအုံများနှင့် တာဝါတိုင်များကို တည်ဆောက်လျက်ရှိသည်။ အဆိုပါအဆောက်အအုံများဆောက်လုပ်ရာတွင် သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုဖြစ်လာသည့်အချိန်၌ ကိုင်တွယ်ဆောင်ရွက်ရန် အစီအမံများမရှိသလို လေထုညစ်ညမ်းမှုများကို လျှော့ချနိုင်ရေးအတွက်လည်း ထိန်းချုပ်ဆောင်ရွက်နိုင်ခြင်းမရှိပေ။

ကမ္ဘာတစ်ဝန်းလုံးအပြင် အင်ဒိုနီးရှားနိုင်ငံအတွက်လည်း ပုံမှန်ဆွေးနွေးရလျက်ရှိပြီး ကိုင်တွယ်ဖြေရှင်းနိုင်ခြင်းမရှိသည့် ရာသီဥတုပြောင်းလဲမှုဖြစ်ပေါ်စေလျက်ရှိသော ပြဿနာတစ်ရပ်မှာ သစ်တောများပြုန်းတီးခြင်းပင်ဖြစ်သည်။ အင်ဒိုနီးရှား၏အဆုတ်ကြီးများဖြစ်သည့် ကာလီမန်တန်နှင့် ဆူမတြားပြည်နယ်ရှိ မိုးသစ်တောကြီးများသည် ကြောက်မက်ဖွယ်ရာနှုန်းဖြင့် လျော့ကျလာလျက်ရှိသောကြောင့် ရာသီဥတုပြောင်းလဲမှုဆိုးကျိုးများကို ဖြစ်ပေါ်စေလျက်ရှိသည့်အပြင် ပူပြင်းခြောက်သွေ့သောရာသီဥတုများကို ဖြစ်ပေါ်စေလျက်ရှိသည်။ အင်ဒိုနီးရှား၏သစ်တောများကို မီးရှို့ခြင်းသည် ဂျကာတာမြို့ပေါ်တွင် မီးခိုးငွေ့များပိုမိုဖြစ်ပေါ်လာစေလျက်ရှိသည်။ ထို့ပြင် မြို့ပြတိုးချဲ့တည်ဆောက်မှုလုပ်ငန်းများ အလျင်အမြန်လုပ်ဆောင်ခြင်း၊ အစိမ်းရောင်မြက်ခင်းများနှင့် သစ်ပင်စိုက်ပျိုးသည့်မြေနေရာများလျော့နည်းလာခြင်းသည်လည်း သဘာဝနည်းလမ်းဖြင့် ကာဗွန်စုပ်ယူနိုင်မှုနှင့်လေထုသန့်စင်နိုင်မှုလုပ်ငန်းစဉ်များ ကျဆင်းလာစေလျက်ရှိသည်။

ဂျကာတာတွင် မြို့ပြသယ်ယူပို့ဆောင်ရေးလုပ်ငန်းအဆင့်မြှင့်တင်ခြင်းသည် တိုးတက်မှုကိုအထောက်အကူဖြစ်သလို လေထုညစ်ညမ်းမှုကိုလည်း လျှော့ချပေးနိုင်မည်ဖြစ်သည်။ ဂျကာတာ၏အိမ်နီးချင်းများဖြစ်သည့်ကွာလာလမ်ပူနှင့်စင်ကာပူတို့သည် လူထုပို့ဆောင်ရေးလုပ်ငန်းများကို ဆယ်စုနှစ်များစွာကတည်းက တိုးတက်အောင်လုပ်ဆောင်နိုင်သည့် သာဓကများရှိနေသည်။ စင်ကာပူနိုင်ငံသည် မြို့ပြလူထုပို့ဆောင်ရေးလုပ်ငန်း(MRT)ဖြင့် ကမ္ဘာ့အကောင်းဆုံးလူထုပို့ဆောင်ရေးစနစ်များအနက်မှတစ်ခုကို ဖော်ဆောင်လျက်ရှိသည်။ မကြာသေးမီအချိန်အတွင်းက အပြီးသတ်တည်ဆောက်နိုင်ခဲ့သော ဂျကာတာ၏မြို့ပြလူထုပို့ဆောင်ရေးလုပ်ငန်း(MRT) အနေဖြင့်လည်း မြို့တော်တစ်ခုလုံးကို လွှမ်းခြုံပြေးဆွဲနိုင်ခြင်းမရှိသေးပေ။

ဘတ်စကားများ၊ မိုးပျံရထားများနှင့်မြေအောက်ရထားများကဲ့သို့သော လူထုပို့ဆောင်ရေးစနစ်များ အဆင့်မြှင့်တင် တိုးချဲ့တည်ဆောက်ခြင်းသည် မြို့နေပြည်သူလူထုကို ၎င်းတို့၏ကားများ နေအိမ်တွင်ထားခဲ့ရန် ဆွဲဆောင်မှုဖြစ်စေနိုင်သည်။ လတ်တလောအချိန်တွင် မြို့တော်ဂျကာတာရှိ လူထုပို့ဆောင်ရေးစနစ်များသည် လွှမ်းခြုံဆောင်ရွက်နိုင်ခြင်းမရှိသေးသည့်အတွက် မြို့တော်နေပြည်သူများသည် ၎င်းတို့၏ယာဉ်များဖြင့်သာ သွားလာနေရဆဲဖြစ်သည်။ ဂျကာတာတွင် ဘတ်စကားပို့ဆောင်မှုလုပ်ငန်းများ တိုးတက်လာလျက်ရှိသော်လည်း လက်ရှိအချိန်ထိ ကန့်သတ်ချက်များရှိနေဆဲပင်ဖြစ်သည်။

အဆိုပါအချက်များက လူထုပို့ဆောင်ရေးသည် မြို့ကြီးများအတွက်အခြေခံကျလျက်ရှိကြောင်း ဖော်ပြလျက်ရှိသည်။ ဥရောပရှိမြို့ကြီးများတွင် လူထုပို့ဆောင်ရေးအဆင့်ပြေချောမွေ့လျက်ရှိသဖြင့် ပြည်သူများသည် ခရီးသွားလာရာတွင် ၎င်းတို့၏ကိုယ်ပိုင်မော်တော်ယာဉ်များကို ယူဆောင်သွားလိုသော ဆန္ဒမရှိတော့ပေ။ ထိုသို့ဖြစ်လာရန်အတွက် ဂျကာတာအနေဖြင့် ခရီးရှည်ကြီးကို လျှောက်လှမ်းရဦးမည်ဖြစ်သည်။ စက်ဘီးလမ်းများနှင့် လူသွားစင်္ကြံကဲ့သို့သော အခြေခံအဆောက်အအုံများ တိုးချဲ့တည်ဆောက်ခြင်းသည်လည်း လမ်းမများပေါ်ရှိ မော်တော်ယာဉ်အရေအတွက်ကို အတိုင်းအတာတစ်ခုထိ လျှော့ချသွားနိုင်မည်ဖြစ်သည်။ မည်သို့ပင်ဆိုစေ အခြေခံအကျဆုံးသောအချက်သည် မြို့နေပြည်သူများကို အဲကွန်းကားများထဲမှ ထွက်ပြီး လမ်းလျှောက်လိုသော ဆန္ဒရှိလာစေရန်ပင်ဖြစ်သည်။

❖ ဂျကာတာမြို့တော်၏ကားလမ်းများတွင် ယာဉ်ကြောပိတ်ဆို့မှုများကို နေ့စဉ်ကြုံတွေ့ရလျက်ရှိသည်။ ဂျကာတာသည် ပိုမိုကြွယ်ဝချမ်းသာလာပြီး မြို့ပြဆန်လာသောကြောင့် မော်တော်ကားများနှင့် မော်တော်ဆိုင်ကယ်များသည် မြို့တော်လမ်းများနှင့် ဆင်ခြေဖုံးနေရာများတွင် နှစ်စဉ်အရေအတွက် ပိုမိုများပြားလာလျက်ရှိပြီး မော်တော်ယာဉ်များ၏ မီးခိုးထုတ်လွှတ်မှုသည် ဂျကာတာ၏လေထုညစ်ညမ်းမှုများတွင် အဓိကပါဝင်လျက်ရှိသည်။ ❖

လူထုပို့ဆောင်ရေးလုပ်ငန်းအပြင် မြို့ပြစီမံကိန်းများနှင့် အစိမ်းရောင်နေရာများ ဖန်တီးသွားနိုင်ရေးအတွက် ကြိုးပမ်းမှုများစွာလိုအပ်လျက်ရှိသည်။ အစိမ်းရောင်နေရာများလွှမ်းခြုံလာစေရန်နှင့် လေထုညစ်ညမ်းမှုလျှော့ချနိုင်စေရန် မြို့တော်အတွင်းသစ်ပင်ပန်းမန်များ ပြန်လည်စိုက်ပျိုးခြင်းသည် ကိုးရိုးကားရားဖြစ်လာနိုင်သည့်မြို့တော်ကြီးအတွက် ချဉ်းကပ်ဆောင်ရွက်နိုင်မည့်နည်းလမ်းများအနက်မှ ခြေလှမ်းတစ်ရပ်ပင်ဖြစ်သည်။ ထို့ပြင် လေထုညစ်ညမ်းမှုလျှော့ချနိုင်ရန် မြို့ပြဖွံ့ဖြိုးတိုးတက်မှုတွင် အစိမ်းရောင်အဆောက်အအုံတည်ဆောက်ခြင်းအလေ့အထကို မြို့ပြအာဏာပိုင်များအတွက် ထိပ်တန်းဦးစားပေးလုပ်ငန်းတစ်ရပ်အဖြစ် လုပ်ဆောင်သွားသင့်သည်။

မော်တော်ကားပိုင်ရှင်များအပေါ် လျစ်လျူရှုရှောင်ကွင်းနိုင်သော စည်းမျဉ်းစည်းကမ်းများသတ်မှတ်ပြဋ္ဌာန်းပြီး ဒဏ်ကြေးဖြစ်ဒဏ်များ ချမှတ်သည်ထက် စီးပွားရေးလုပ်ငန်းရှင်များနှင့် အိမ်ထောင်စုများကို ပိုမိုသန့်ရှင်းသောနည်းပညာများ၊ စွမ်းအင်ချွေတာသောအလေ့အထများနှင့် လေထုညစ်ညမ်းမှုလျှော့ချသည့်အလေ့အထများဖြင့် စည်းရုံးသိမ်းသွင်းဆောင်ရွက်သွားသင့်သည်။ ပြစ်ဒဏ်ပေးသည်ထက်စည်းရုံးသိမ်းသွင်းဆောင်ရွက်ခြင်းသည် အပြုအမူနှင့်အလေ့အထများပြောင်းလဲရေးအတွက် ပိုမိုအလုပ်ဖြစ်သည်။ သာဓကအနေဖြင့် အမှိုက်များကိုမီးရှို့သည့်နေရာတွင် အစိုးရအနေဖြင့် အမှိုက်သရိုက်များအလွယ်တကူစွန့်ပစ်နိုင်ရန်ထောက်ပံ့ကူညီပေးခြင်းအားဖြင့် မီးမရှို့အောင် စည်းရုံးသိမ်းသွင်းဆောင်ရွက်သွားနိုင်သည်။

ထို့ပြင် အခြားသောနိုင်ငံများ၏လေထုညစ်ညမ်းမှုလျှော့ချရေးလုပ်ငန်းစဉ်များကိုလည်း လေ့လာသွားရန်လိုအပ်သည်။ သာဓကအနေဖြင့် တရုတ်သည် ဂျကာတာကဲ့သို့ပင် လေထုညစ်ညမ်းမှုပြဿနာကို ရင်ဆိုင်ခဲ့ရသော်လည်း စက်ရုံအလုပ်ရုံများကို စည်းကမ်းတင်းကျပ်ခြင်း၊ လေထုညစ်ညမ်းမှုအဆင့်သတ်မှတ်ချက်ဆိုင်ရာစည်းမျဉ်းစည်းကမ်းများ တင်းကျပ်ခြင်း၊ မြို့ပြနှင့် အလှမ်းဝေးသောနေရာများတွင် စက်မှုလုပ်ငန်းများ ပြန်လည်နေရာချထားခြင်းအားဖြင့် လေထုအရည်အသွေးတိုးတက်အောင် ဆောင်ရွက်လျက်ရှိသည်။

လွှမ်းခြုံဖော်ပြရလျှင် ဂျကာတာရှိလေထုညစ်ညမ်းမှုသည် မြို့နေပြည်သူများ၏ ကျန်းမာချမ်းသာမှုကို ခြိမ်းခြောက်လျက်ရှိသည့် ဖိအားတစ်ခုပင်ဖြစ်လာလျက်ရှိသည်။ အဆိုပါပြဿနာကို ကိုင်တွယ်ဖြေရှင်းရာတွင် စည်းမျဉ်းစည်းကမ်းများချမှတ်ခြင်း၊ ရေရှည်ခံသော မြို့ပြစီမံကိန်းနှင့် လူထုထိတွေ့ဆက်ဆံမှုတို့ပါဝင်သည့် ဘက်ပေါင်းစုံမှချဉ်းကပ်ဆောင်ရွက်မှုများလိုအပ်လျက်ရှိသည်။ မော်တော်ယာဉ်များမှ ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေး ထိရောက်သောအရေးယူဆောင်ရွက်မှုများလုပ်ဆောင်ခြင်း၊ သန့်ရှင်းသောစွမ်းအင်မြှင့်တင်ခြင်းနှင့် အစိမ်းရောင်နေရာများတိုးချဲ့ခြင်းအားဖြင့် ဂျကာတာသည် ၎င်း၏ကောင်းကင်ပြင်ကြီးသန့်ရှင်းသာယာလှပရေးအတွက် သိသာထင်ရှားသောကြိုးပမ်းမှုများ လုပ်ဆောင်လာနိုင်မည့်အပြင် မြို့တော်နေပြည်သူများကျန်းမာပြီး နေချင်စဖွယ်ကောင်းသော ဝန်းကျင်တစ်ရပ်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။ မည်သို့ပင်ဆိုစေ လက်ရှိပြည်သူများနှင့် အနာဂတ်မျိုးဆက်များ အကျိုးဖြစ်ထွန်းစေရေးအတွက် မြို့တော်ဂျကာတာတွင် လေထုညစ်ညမ်းမှုလျှော့ချသွားရမည့်အချိန်သည် လက်ရှိပစ္စုပ္ပန်အချိန်ပင်ဖြစ်ပေတော့သည်။

**ကိုးကား**


- **Clearing the Skies: Addressing Jakarta's Air Pollution Problem By The Diplomat.**

# အဖျက်ကင်းစင်သော

ကိုရွှေတောသား(ဆင်တူး)



(၁)

“တူမကြီး တကယ်ဆုံးဖြတ်ပြီးပြီလား”

ဦးလေးဖြစ်သူ၏ အမေးစကားကို မတင်ငွေ ခေါင်းညိတ်ပြီးဖြေလိုက်သည်။ မတင်ငွေ တကယ်ကိုပင် ခိုင်မာစွာ ဆုံးဖြတ်ပြီးချေပြီ။ ပြန်၍ပြင်စရာအကြောင်း မရှိတော့ဘူးဟု စိတ်ထဲက တွေးမိလိုက်သည်။

“အင်းလေ မင်းမောင်ကလဲ မင်းမောင်ပဲ။ တစ်နေ့တစ်နေ့ ဘာအလုပ်မှ မည်မည်ရရမလုပ်တတ်သလောက် အရက်ကိုပဲ လိုမ့်ပြီးသောက်နေမှတော့ ဘယ်မိန်းမမျိုးကမှ ကြာလာရင် သည်းခံနိုင်စွမ်းရှိတော့လေမလဲ”

လေးလေးငင်ငင်ကြီးပင် တီးတိုးရေရွတ်ကာ ပြောဆိုလိုက်သည့် ဦးလေးဖြစ်သူ၏စကားက မတင်ငွေ ရင်ထဲ ပိုပြီးခံစားရစေသည်။

“ဒါနဲ့ ကလေးအတွက်ကျတော့ကော မစဉ်းစားကြတော့ဘူးလား တူမကြီးရဲ့”

အမေဖြစ်သူ ရင်ခွင်ထဲကနေ နှိုစို့နေရင်းက မော့ကြည့်နေသည့်သားငယ်ကလေးကို တစ်ချက်ငုံ့ကြည့်လိုက်ကာ မတင်ငွေအဝေးကို ငေးမောနေပြန်၏။ ကလေးသုံးယောက်နှင့် ရှေ့ဆက်ရမည့်ဘဝအရေးကို တွေးရင်း မျက်ဝန်းအိမ်မှ မျက်ရည်များ စီးကျ၍လာသည်။ အံကိုတင်းတင်းကြိတ်ရင်း ဆုံးဖြတ်ရသည်။

“ဒီတစ်ခါတော့ အသေအချာပဲ ဦးလေး။ ဒါကလဲ ကျွန်မကလေးတွေရဲ့ ရှေ့ရေးအတွက်ပဲ။ ကျွန်မ သူနဲ့ လမ်းခွဲမှကိုဖြစ်တော့မယ် ဦးလေး။ ကျွန်မကို ကူညီပါ”

“အေးလေ ဘယ်တတ်နိုင်ပါ့မလဲ။ ဦးလေးတို့ကလဲ တာဝန်ရှိတဲ့အတိုင်း ဆောင်ရွက်ပေးဖို့ပဲ ကျန်တော့တာပေါ့”

လူမမည်ကလေးသုံးယောက်နှင့်အတူ ဘဝသစ်အတွက် လမ်းစရှာဖွေရန် မတင်ငွေ အစပျိုးလိုက်ပါတော့သည်။

(၂)

လူမမည် ကလေးသုံးယောက်နှင့် မတင်ငွေ တစ်ယောက် ဒုက္ခများအလိမ်းလိမ်းရှိလှသည်။ သို့သော် မတင်ငွေ မမှုပါပေ။ အိမ်ထောင်ကျပြီး နှစ်နှစ်၊ သုံးနှစ်ခန့် အလုပ်ပင်ပင်ပန်းပန်းမလုပ်ရဘဲ ယောကျ်ားလုပ်စာကို ထိုင်စားခဲ့ဖူးသည်။ အိမ်ထောင်သက်တမ်း သုံးနှစ်ကျော်ကတည်းကစပြီး ယောကျ်ားဖြစ်သူ မင်းမောင်က ပျက်စီးလာသည်။ အပေါင်းကြောင့် ဂုဏ်တက်၊ အပေါင်းကြောင့် ဂုဏ်ပျက်ဟူသော စကားပုံကို မင်းမောင်က မတင်ငွေအတွက် သာဓကဆောင်ခဲ့သည်။ အိမ်ထောင်ကျစက အနေအေးပြီး ရိုးသားသည့် ယောကျ်ားဖြစ်သူသည် အပေါင်းအသင်းများက သူတို့ကို ခင်လျှင်သောက်ရမည်ဆို၍ သောက်ခဲ့ရတာပါ မိန်းမရယ်ဟူသောစကားက အစပြုကာ တစ်စတစ်စနှင့် အရက်သမားလုံးလုံးဖြစ်ခဲ့တော့သည်။ ထိုမျှမက အရက်မူးလာလျှင် မိန်းမဖြစ်သူ မတင်ငွေ အပေါ်ကို ခြေပါလက်ပါဖြင့် ကိုယ်ထိလက်ရောက် ပြဿနာရှာလာတော့သည်။ နေ့တိုင်းလိုလို မတင်ငွေတို့လင်မယား ရန်ဖြစ်ကြရသည်။ ရန်ဖြစ်ကြတိုင်း အိုးခွက်၊ ပန်းကန်များ ကွဲကြေရသည်။ ယခု မတင်ငွေ ပင်ပန်းနေရသော်လည်း ထိုဝဋ်ကြွေးဆိုးက လွတ်ခဲ့လေပြီဟု တွေးလိုက်သည်။ နေရာသစ် ဘဝသစ်၌ ယောင်ချာချာဖြစ်နေသော်လည်း မတင်ငွေ ဇွဲမလျှော့။ မွေးထားသည့် သားသုံးယောက်အတွက် အားတင်းပြီး ကြိုးစားနေတော့သည်။

(၃)

မတင်ငွေ၏ ရိုးသားမှု၊ အနေအေး တည်ငြိမ်မှုများကြောင့် လာရောက်ကမ်းလှမ်းသူများပင် ရှိခဲ့သည်။ သို့သော် မတင်ငွေသည် နောက်အိမ်ထောင်ထပ်ပြုရန် နည်းနည်းလေးမျှမတွေးခဲ့။ သားသုံးယောက်၏ ဘဝရှေ့ရေးအတွက်ကိုသာ တွေးနေခဲ့သည်။ သားများကို လိမ္မာရေးခြားရှိအောင် ဆုံးမသွန်သင်သည်။ လူတော်လူကောင်းများဖြစ်အောင် ကြိုးစားကြရန် တရရတိုက်တွန်းသည်။

“ဟဲ့ စိုးငွေ။ အငယ်ကောင် ကျောင်းမှာဘာဖြစ်လို့ သူ့ဆရာမက သူ့ကို ရိုက်သလဲ အမေ့ကို ပြောပါအုံး”

“အင်္ဂလိပ်မီးနင်းတွေ အလွတ်ကျက်ခိုင်းလိုက်တာ မရခဲ့လို့တဲ့ မေမေ”

“ဟေ ရိုက်ပါစေ။ ဆရာမရိုက်တာ နည်းတောင်နည်းသေးတယ်။ စာမကျက်ချင်တဲ့ကလေး”

“ဒါနဲ့ သားတို့တွေကော စာရကြရဲ့လား”

“ရတယ်မေမေ ညီလေးလဲ မနေ့ကတစ်ခါတည်းပဲ ဆရာမအရိုက်ခံရသေးတာပါ။ အရင်နေ့တွေက သူလဲ စာရပါတယ်မေမေရဲ့”

“အေးအေး စာကြိုးစားကြ သားလေးတို့ရေ မင်းတို့အနာဂတ်အတွက် မင်းတို့ကြိုးစားကြ”

သားများသည် မတင်ငွေ၏ စကားကို နားထောင်ကြသည်။ လိမ္မာရေးခြားလည်းရှိကြ၏။ မတင်ငွေ တစ်ယောက် လိမ္မာလှသည့် သားများကိုကြည့်ရင်း ဝမ်းသာပီတိဖြစ်နေတော့သည်။

(၄)

“မေမေရေ မေမေ ဒီမှာ ဧည့်သည်ရောက်နေတယ်”

သားအငယ်ကောင်၏ အသံကြောင့် ဒေါ်တင်ငွေ အိမ်အောက်ထပ်သို့ ဆင်းလာခဲ့သည်။ အိမ်အောက်ထပ်တွင် ရောက်နေသော ဧည့်သည်ကို မြင်လိုက်ရသည့်အခါ ဒေါ်တင်ငွေ အံ့သြတုန်လှုပ်သွားသည်။

“ရှင် ရှင် ကိုမင်းမောင်”ဟု ပါးစပ်ကပင် တီးတိုးရေရွတ်လိုက်မိသည်။

“တင်ငွေ နေကောင်းတယ်နော်”

“ကောင်း ကောင်းပါတယ်။ ရှင်က ဘယ်ကနေ ဘယ်လို ဒီကိုရောက်”

ဒေါ်တင်ငွေ၏ စကားပင် အထစ်ထစ်အငေါ့ငေါ့ဖြစ်နေသည်။

“ငါ့ကိုထားခဲ့ပြီး ခြေရာဖျောက်သွားတာ ရက်စက်လွန်းပါတယ် တင်ငွေရယ်။ အင်းလေ ငါကလဲ ငါပါပဲ တာဝန်နဲ့ဝတ္တရားကို နည်းနည်းလေးမှ မကျေပွန်ခဲ့တဲ့ ယောကျ်ားတစ်ယောက်ကိုး။ နင့်နေရာမှာ အခြားမိန်းမတစ်ယောက်ဆိုရင်လဲ ဒီလိုပဲလုပ်မှာပါလေ။ ဒါပေမဲ့ ငါကဟိုးအရင်တုန်းက မင်းမောင်မဟုတ်တော့ပါဘူး တင်ငွေရာ။ ကိုယ့်ကိုယ်ကိုယ်ပြုပြင်နိုင်ခဲ့ပြီး တိုင်းပြည်နဲ့လူမျိုးအတွက် အကျိုးပြုနေတဲ့ စစ်သားတစ်ယောက်ဖြစ်နေခဲ့တာကြာပါပြီဟာ။ ငါအခု လူတော်လူကောင်းတစ်ယောက်ဖြစ်နေပါပြီ”

“အို ကိုမင်းမောင် ရှင်ပြောနေတာတွေက တကယ်ပဲလား”

ဦးမင်းမောင် ဝတ်ဆင်ထားသည့် ယူနီဖောင်းကို အကဲခတ်ရင်း ဒေါ်တင်ငွေ မေးလိုက်သည်။

“ဟုတ်ပါတယ် တင်ငွေရယ် ငါမညာပါဘူးဟာ။ နင်တို့သားအမိတွေ ငါ့ကိုထားခဲ့ပြီး တစ်လလောက်ကြာတော့ ငါနောင်တတွေရလိုက်တာမှ နင်တို့သားအမိကို ငါလိုက်ရှာခဲ့တယ်။ ငါဘယ်လိုမှရှာဖွေလို့ မရခဲ့ပါဘူးဟာ။ ငါ့ဘဝက အထီးကျန်ပြီး အမိုက်မဲ့စွာ ဖြစ်ခဲ့ရတာပေါ့။ အဲဒီအချိန်ကစပြီး အရက်ကို ငါမသောက်တော့ဘူးလို့ ဆုံးဖြတ်လိုက်တယ်။ ဒီအရက်ကြောင့် ငါ့မိသားစုကလေး ပြိုကွဲခဲ့ရတာလေ။ ရှိရှိသမျှ စည်းစိမ်ဥစ္စာတွေလဲ ကုန်ဆုံးခဲ့ရတာ မဟုတ်လား။ တကယ်တော့ အရက်ဆိုတာ လူတွေအတွက်ဆိုးကျိုးတွေပဲ ပေးတတ်တဲ့အရာပဲဆိုတာ ငါ့ဦးလေးနဲ့ ရွာထဲက လူကြီးတွေက ဝိုင်းဝန်းပြီး ဆုံးမကြတယ်လေ။ ကိုယ့်ကိုယ်ကိုယ်ပြုပြင်ဖို့ပြောကြတယ်။ စိတ်ဓာတ်မကျဖို့ ဖျောင်းဖျနားချကြတယ်။ ပြီးတော့ ငါ့ဘဝကို တန်ဖိုးရှိတဲ့ လူတစ်ယောက်ဖြစ်အောင်နေဖို့ တိုက်တွန်းကြတယ်”

“အဲဒီနောက်ပိုင်း ငါ တပ်မတော်ထဲဝင်ခဲ့တယ်။ ငါ့ရဲ့တာဝန်ကျေပွန်မှု၊ စွမ်းဆောင်ရည်မြင့်မားမှုတို့ကြောင့် တပ်ထဲမှာ အဆင့်မြင့်ရာထူးတွေ တစ်ခုပြီးတစ်ခု ငါရခဲ့တယ်။ အခုဆို ငါက တိုင်းပြည်နဲ့ လူမျိုးအတွက် တန်ဖိုးရှိတဲ့လူတစ်ယောက်ဖြစ်နေပါပြီ တင်ငွေရာ”

“ကျွန်မတို့ရှိတဲ့နေရာကို ရှင်ဘယ်လိုလုပ်ပြီး သိတာလဲ”

“ငါ အခု ဒီမြို့မှာ တာဝန်ကျနေတာကြာပြီ။ မနက်က ဈေးထဲမှာ နင့်ကိုတွေ့လိုက်ရလို့ နင် ဟုတ်၊ မဟုတ် စုံစမ်းပြီး ငါရောက်လာခဲ့တာပါပဲဟာ။ ငါ နင်တို့ သားအမိကို ဒုက္ခပေးချင်လို့ ရောက်လာတာ မဟုတ်ရပါဘူးဟာ။ ငါ့သားလေးတွေကို ငါအောက်မေ့သတိရနေခဲ့တာကြာပါပြီ။ ဖြစ်နိုင်ရင် ငါ့သားလေးတွေနဲ့ ငါအတူ ပြန်ပြီးနေချင်မိတယ်။ အဲဒါ ဒါပေမဲ့ မတင်ငွေ နင်သာခွင့်ပြုမယ်ဆိုရင်”

ဒေါ်တင်ငွေတစ်ယောက် ဆုံးဖြတ်ရခက်စွာ ရှိနေတော့သည်။ အမေဖြစ်သူကို လှမ်းကြည့်နေကြသည့် သားသုံးယောက်၏မျက်နှာကို တစ်ယောက်ပြီး တစ်ယောက် အကဲခတ်ကြည့်ရင်း ဒေါ်တင်ငွေ နှုတ်ဖျားက မည်သည့်စကားမျှထွက်မလာနိုင်ပေ။

“မေမေ ဒီဦးလေးကြီးက သားတို့ရဲ့ ဖေဖေလားဟင်။ ဟုတ်လား မေမေ။ သားတို့ကို အမှန်အတိုင်းပြောပါ။ မေမေ တကယ်လို့ ဒီဦးလေးကြီးက သားတို့ဖေဖေဆိုရင်လဲ သားတို့မိသားစုကလေး ဖေဖေရယ်၊ မေမေရယ်၊ သားတို့ရယ် အတူတူ ပျော်ပျော်ရွှင်ရွှင်နေသွားကြရအောင်လား မေမေရယ်”

“ဟုတ်ပါတယ် တင်ငွေရယ် နင်ငါ့ကို လင်ယောကျ်ားတစ်ယောက်လို မသတ်မှတ်နိုင်တော့ရင်တောင် သားတို့ရဲ့ အဖေတစ်ယောက်အဖြစ်နဲ့ သားတို့ရဲ့ ဘေးနားပြန်ပြီးနေခွင့်ပေးပါကွာ။ တင်ငွေရယ် ငါတစ်ချိန်က မိသားစုအပေါ် မကျေပွန်ခဲ့တဲ့တာဝန်တွေကို ငါပြန်ပြီး ပေးဆပ်ချင်လို့ပါဟာ”

❖ အမေဖြစ်သူကို လှမ်းကြည့်နေကြသည့် သားသုံးယောက်၏မျက်နှာကို တစ်ယောက်ပြီး တစ်ယောက်အကဲခတ်ကြည့်ရင်း ဒေါ်တင်ငွေ နှုတ်ဖျားက မည်သည့်စကားမျှထွက်မလာနိုင်ပေ။ “မေမေ ဒီဦးလေးကြီးက သားတို့ရဲ့ ဖေဖေလားဟင်။ ဟုတ်လား မေမေ။ သားတို့ကို အမှန်အတိုင်းပြောပါ။ မေမေတကယ်လို့ ဒီဦးလေးကြီးက သားတို့ဖေဖေဆိုရင်လဲ သားတို့မိသားစုကလေး ဖေဖေရယ်၊ မေမေရယ်၊ သားတို့ရယ် အတူတူပျော်ပျော်ရွှင်ရွှင် နေသွားကြရအောင်လား မေမေရယ်” ❖

ဒေါ်တင်ငွေ၏ ဆုံးဖြတ်ချက်သည် မိသားစုဘဝလေး၏ အနာဂတ်ပင်ဖြစ်နေပါတော့သည်။

“ဟေး . . . ဒါမှ တို့မေမေကွ”

ထို့နောက်တွင် ဒေါ်တင်ငွေတို့၏ မိသားစုကလေးသည် ချမ်းမြေ့သာယာလှသည့် ပျော်ရွှင်စရာ မိသားစုလေးဖြစ်၍လာပါတော့သည်။ ငါးနှစ်ခန့် ကွဲကွာနေသော မိသားစုကလေးသည် ယခုတော့ ပျော်ရွှင်ကြည်နူးလျက်ရှိနေပါတော့သည်။

# ကန့်ဘလူမြို့နယ်တွင် ဟင်းသီးဟင်းရွက် ၁၉၁၆ ဧက စိုက်ပျိုးပြီးစီး



**ကန့်ဘလူ နိုဝင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၉၁၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၈၉၅ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၉၁၆ ဧက စိုက်ပျိုးပြီးစီးပြီး လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့သည်။

"ဒီနှစ် ကန့်ဘလူမြို့နယ်မှာ ဟင်းသီးဟင်းရွက် ၁၈၉၅ ဧက စိုက်ပျိုးဖို့ လျာထားခဲ့ပါတယ်။ ဒီနေ့ထိ ၁၉၁၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်လို့ လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ သီးနှံတွေက မုန်ညင်း၊ ငရုတ်၊ ခရမ်းချဉ်၊ ခရမ်းသီး၊ ပန်းမုန်လာ၊ ရုံးပတီသီး စတာတွေ စိုက်ပျိုးကြတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP စနစ်နဲ့ စိုက်ပျိုးနိုင်အောင် တောင်သူတွေကို နည်းပညာပေးလျက်ရှိပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံး ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ တောင်သူတွေကို နည်းပညာတွေ ပေးနေပါတယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ယခုနှစ် ကန့်ဘလူမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်၊ စိုက်ခင်းများမှ ထွက်ရှိလာသည့်ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့် သီးနှံဖြစ်စေရန်၊ တောင်သူများဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန်အတွက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# မလှိုင်မြို့နယ် ရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)လုပ်ငန်းများဆောင်ရွက်ထားမှု စစ်ဆေး

**မလှိုင် နိုဝင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) လုပ်ငန်းများ ဆောင်ရွက်ထားမှုကို အောက်တိုဘာ ၃၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)ရန်ပုံငွေကျပ် သန်း ၃၀ ဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက လုပ်ငန်းများ စံချိန်စံညွှန်းပြည့်မီအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

မလှိုင်မြို့နယ် ရွာသစ်ကျေးရွာတွင် နေကြာအပါအဝင် ဆီထွက်သီးနှံစိုက်ပျိုးမည့် တောင်သူများ လိုအပ်လျက်ရှိသော မျိုးစေ့၊ သွင်းအားစုနှင့် စိုက်ပျိုးစရိတ်များသုံးစွဲနိုင်ရန်ရည်ရွယ်၍ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) လည်ပတ်ရန်ပုံငွေကျပ်သန်း ၃၀ ထုတ်ချေးပေးထားကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထံမှ သိရသည်။

**ဟိန်းထက်နိုး(မလှိုင်)**



# တောင်ကြီးမြို့နယ် ပင်ငိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တောင်ကြီး နိုဝင်ဘာ ၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နမ့်ဆီးကျေးရွာအုပ်စု ပင်ငိုကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို အောက်တိုဘာ ၃၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်နိုင်ဝင်းက ပင်ငိုကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ စီမံကိန်းရန်ပုံငွေများထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ကျေးရွာမြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၅၇၅ သိန်းလွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဦးအောင်နိုင်ဝင်း၊ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာမြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ နဝမအကြိမ်အဖြစ် ပင်ငိုကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ အသင်းသား၊ အသင်းသူ စုစုပေါင်း ၁၁၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၇၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်နိုင်ဝင်းထံမှ သိရသည်။

**မောင်နိုင်**

# မြန်မာ့ဝါချည် အမွေတည်

\- တို့လုပ်ခွင် ယာကြီးရဲ့
ဝါသီးက ရတဲ့ဝါ၊
ဝါကြိတ်ကာ ဝါဖတ်တော့
အထပ်လိုက် ဖြူဖြူလွှတဲ့
ဂွမ်းစဖြာဖြာ၊
ဂွမ်းစတဲ့ ဗိုင်းငင်ကာ
ချည်သာဖြစ် ရက်ကန်း၊
ရွှေဉာဏ်ရှင် ထောက်ဆလို့
ဖောက်ကြအကွက်ဆန်း။

\- တောရက်ထည် ဆင်မြန်းတော့
နန်းဆန်ပေ့ မြန်မာနွယ်၊
ရှုမြင်သူ ဘဝင်မြအောင်
ယဉ်လှပေတယ်၊
ကိုယ့်လက်ဖြစ် ရက်ကန်းထည်
ကြွယ်ပါပေ့ မြန်ဂုဏ်မျိုး၊
ကိုယ်ဝတ်ထည် ကိုယ်တိုင်လုပ်
ချုပ်တတ်တဲ့ရိုး။

\- ယဉ်ကျေးမွေ ခလေ့ဖြိုးတဲ့
မြန်မျိုးရိုး ဂုဏ်အရှိန်၊
မြန်မာချည် မြန်မာအဝတ်နဲ့
ခေတ်တိုင်းလင်းထိန်၊
မြန်အမျိုးတို့
တန်ခိုးတောက်မဲ့ ဝါချည်စိန်
အိမ်တိုင်းတွင် ဆင်ရက်ကန်း၊
လက်ခတ်သံ တချိုချိုနဲ့
မြန်တစ်ခို လုပ်အားပြတယ်
အိုကွယ်. . .
အားရဖွယ့်နန်း။ ။

**လွမ်းလေးကို(သရက်)**

# အောင်လံမြို့နယ် မင်းကန်ကျေးရွာ၌ ကတ္တရာထပ်ပိုးလွှာခင်းခြင်းဆောင်ရွက်နေမှု စစ်ဆေး

**အောင်လံ နိုဝင်ဘာ ၁**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် အောင်လံမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက အောင်လံ-ပြည်ကားလမ်းမကြီးမှ မင်းကန်ကျေးရွာအဝင်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အောင်လံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်နိုင်၊ အောင်လံမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ)ဦးဗိုလ်မင်းနှင့် တာဝန်ရှိသူများက အောင်လံမြို့နယ် မင်းကန်ကျေးရွာအဝင်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး အောင်လံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်နိုင်က သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

အဆိုပါမင်းကန်ကျေးရွာအဝင်လမ်း အရှည်တစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် လေးလက်မ ကတ္တရာထပ်ပိုးလွှာ ခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၇၉ ဒသမ ၉၅ သန်းဖြင့် နီလာရောကုမ္ပဏီက စက်တင်ဘာလ ဒုတိယပတ်မှ စတင်တာဝန်ယူဆောင်ရွက်လျက်ရှိရာ ယခုအခါ ၇၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးပါက မင်းကန်ကျေးရွာအပါအဝင် ကျေးရွာနှစ်ရွာရှိ အိမ်ခြေ ၃၈၀၊ လူဦးရေ ၁၆၀၀ အတွက် ရာသီမရွေး သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သူသူ**

# မိသားစုအဖြစ်ဆက်ခံခြင်းနှင့် အမွေကြောင်းအရဆက်ခံခြင်းမတူပါ

စိန်လှိုင်ပိုင်

ပြည်ထောင်စုတရားလွှတ်တော်ချုပ် ၂၀၂၁ ခုနှစ် တရားစီရင်ထုံးများစာအုပ်ကို ဖတ်ရှုလေ့လာရာ အမွေဆက်ခံခြင်းအက်ဥပဒေနှင့် ပတ်သက်သည့် လွန်စွာစိတ်ဝင်စားဖွယ်ကောင်းသော တရားမအထူးအယူခံခုံရုံး၏ စီရင်ထုံးတစ်ခုကို ဖတ်ရှုရပါသည်။ အမွေဆက်ခံခြင်းအက်ဥပဒေနှင့် ကာလစည်းကမ်းသတ်အက်ဥပဒေပြဋ္ဌာန်းချက်များအပေါ် သုံးသပ်ဆုံးဖြတ်ချက်များသည် တရားရုံးတရားခွင်တွင်လည်းကောင်း ပြည်သူအများကြားတွင်လည်းကောင်း သိသင့်သိထိုက်သည်ဖြစ်ပါ၍ ရည်ညွှန်းကိုးကားရေးသားတင်ပြပါဦးမည်။

တရားလို တရားပြိုင်နှစ်ဦးတို့ကြား အမွေဆက်ခံခြင်းအက်ဥပဒေအရ နှစ်ကြိမ်တရားစွဲဆိုခဲ့သောအမှုဖြစ်ပါသည်။ ပထမအကြိမ်မှာ အိမ်မဲမြို့နယ်တရားရုံး ၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၁၀ တွင် ဒေါ်ခင်ထားရီက ဦးဌေးအောင်အပေါ် ကွယ်လွန်သူ ခင်ပွန်း ဦးမြင့်သိန်းထံမှ ချေးယူခဲ့သော ငွေကျပ်သိန်း ၂၀ ရလိုကြောင်း စွဲဆိုရာ အနိုင်ဒီကရီ ရရှိခဲ့သည်။ မြောင်းမြခရိုင်တရားရုံး ၂၀၁၄ ခုနှစ် တရားမအယူခံမှု အမှတ်-၃၀ တွင် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၁၄ ကိုရည်ညွှန်းပြီး ဒေါ်ခင်ထားရီသည် အမွေဆက်ခံခွင့်လက်မှတ်မတင်ပြဘဲ တရားစွဲဆိုခြင်းအပေါ် မြို့နယ်တရားရုံးက ဒီကရီချမှတ်ပေးခဲ့ခြင်းမှာ မှားယွင်းကြောင်း အကြောင်းပြ၍ မြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကိုပယ်ဖျက်ပြီး ဒေါ်ခင်ထားရီ၏ စွဲဆိုမှုကို ပလပ်ခဲ့သည်။ ဧရာဝတီတိုင်းတရားလွှတ်တော် ၂၀၁၄ ခုနှစ်၊ တရားမဒုတိယအယူခံမှု-၆၄ တွင်လည်း ခရိုင်တရားရုံး၏စီရင်ချက်နှင့် ဒီကရီကို ဆက်လက်အတည်ပြုခဲ့ပါသည်။

အိမ်မဲမြို့နယ်တရားရုံးတွင် ဒေါ်ခင်ထားရီက ဦးဌေးအောင်အပေါ် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၁၄(၁)(ခ)(က)နှင့်အညီ မြောင်းမြခရိုင်တရားရုံးမှ အမွေဆက်ခံခွင့်လက်မှတ်ရရှိပြီးဖြစ်၍ တရားမကြီးမှုအမှတ်-၅၀/၂၀၁၅ ဖြင့် ငွေကျပ်သိန်း ၂၀ ဒီကရီချထားပေးစေလိုမှု ဒုတိယအကြိမ်စွဲဆိုရာ အမှုကို စရိတ်နှင့်တကွ ပလပ်ခဲ့ပါသည်။ အဆိုပါ ဒီကရီကို တရားလိုဒေါ်ခင်ထားရီက မြောင်းမြခရိုင်တရားရုံးသို့ အယူခံဝင်ရာ မြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကိုပယ်ဖျက်ပြီး ဦးဌေးအောင်သည် ငွေကျပ်သိန်း ၂၀ ကို တရားလိုသို့ အမှုစတင်စွဲဆိုသည့်နေ့မှ ငွေအကျေပေးဆပ်သည့်နေ့ထိ တရားရုံးအတိုးငွေ ၉ ရာခိုင်နှုန်းနှင့်တကွ ပြန်လည်ပေးဆပ်စေရန် ဒီကရီချမှတ်သည်။

တရားပြိုင် ဦးဌေးအောင်က ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်သို့ ၂၀၁၈ ခုနှစ် တရားမဒုတိယအယူခံမှုတင်သွင်းရာ အယူခံမှုကို တစ်စိတ်တစ်ဒေသခွင့်ပြုပြီး ခရိုင်တရားရုံး၏ ဒီကရီပါ "အမှုစတင်စွဲဆိုသည့်နေ့မှ ငွေအကျေပေးဆပ်သည့်နေ့ထိ တရားရုံးအတိုးငွေ ၉ ရာခိုင်နှုန်းနှင့်တကွ"ဟူသော စာသားကို ပယ်ဖျက်ပြီး တရားပြိုင်သည် ငွေကျပ်သိန်း ၂၀ ကို တရားလိုသို့ စရိတ်နှင့်တကွ ပြန်လည်ပေးဆပ်စေရန် ဒီကရီချမှတ်ခဲ့ပါသည်။

အဆိုပါဒီကရီအပေါ် ဦးဌေးအောင်က ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ပြင်ဆင်မှုတင်သွင်းလျှောက်ထားခဲ့သော်လည်း အောင်မြင်မှုမရသဖြင့် အထူးအယူခံဝင်ခွင့်ရရန် ၂၀၁၉ ခုနှစ်၊ တရားမအထွေထွေလျှောက်လွှာ(အထူး) အမှတ် (၁၅၃) တွင် လျှောက်ထားရာ-

"မြောင်းမြခရိုင်တရားရုံး၏ ဒီကရီကို အတည်ပြုခဲ့သည့် ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်၏ စီရင်ချက်၊ ဒီကရီနှင့် ၎င်းစီရင်ချက်ဒီကရီကို အတည်ပြုပြီး ဝင်ရောက်စွက်ဖက်ခြင်းမပြုသော ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စီရင်ချက်နှင့် ဒီကရီတို့သည် ဥပဒေအရမှန်ကန်ခြင်းရှိ၊ မရှိ ဟူသော ပြဿနာကို စိစစ်ကြားနာရန် အထူးအယူခံဝင်ခွင့်ပြုခဲ့ပါသည်။

**အထူးအယူခံခုံရုံး၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

အမှုတွင်ပေါ်ပေါက်သော သက်သေခံချက်များအရ တရားလို၏ခင်ပွန်း ကွယ်လွန်သူ ဦးမြင့်သိန်းထံမှ တရားပြိုင် ဦးဌေးအောင်သည် ၂၀၁၀ ပြည့်နှစ် မေ ၅ ရက်က ငွေကျပ်သိန်း ၂၀ ချေးယူခဲ့ပြီး ပြန်လည်ပေးဆပ်ခြင်းမရှိကြောင်း မြောင်းမြခရိုင်တရားရုံးက သုံးသပ်၍ အနိုင်ဒီကရီချမှတ်ခြင်းအပေါ် အတိုးငွေပါ ခွင့်ပြုခြင်းကို ပယ်ဖျက်သည်မှလွဲ၍ ငွေကျပ်သိန်း ၂၀ ကို တရားပြိုင်မှ တရားလိုသို့ ပြန်လည်ပေးဆပ်စေသည့် ဒီကရီကို တရားရုံးအဆင့်ဆင့်က အတည်ပြုခဲ့သည်။ ထိုသို့ ငွေကျပ်သိန်း ၂၀ ချေးယူပြီး ပြန်လည်ပေးဆပ်ခြင်းမရှိကြောင်း အကြောင်းခြင်းရာအပေါ် တစ်သဘောတည်း ကောက်ယူသုံးသပ်ဆုံးဖြတ်ခဲ့ခြင်းအတွက် ဤအထူးအယူခံခုံရုံးအနေဖြင့် ဝင်ရောက်စွက်ဖက်ရန် အကြောင်းမပေါ်ပေါက်ကြောင်း ဦးစွာဆင်ခြင်သုံးသပ်ခဲ့ပါသည်။



အယူခံတရားလိုက အထူးအယူခံအကြောင်းပြချက်ဖြင့် ငွေချေးစာချုပ်အရ ငွေပြန်ပေးဆပ်ရမည့်နေ့ ရက်စွဲမှာ ၁၃၇၃ ခုနှစ်၊ တန်ခူးလပြည့်နေ့ ခရစ်သက္ကရာဇ်အရ ၂၀၁၁ ခုနှစ် ဧပြီ ၁၈ ရက်ဖြစ်ကြောင်း၊ ယခုတရားမကြီးမှုကို ၂၀၁၅ ခုနှစ် မေ ၈ ရက်မှ စွဲဆိုခြင်းဖြစ်သောကြောင့် ကြွေးမြီအတွက် တောင်းဆိုခွင့်ကာလစည်းကမ်းသတ်ကာလ သုံးနှစ်ကျော်လွန်ပြီးမှ အမှုစွဲဆိုခြင်းဖြစ်ကြောင်း အကြောင်းပြတင်သွင်းလျှောက်ထားလာခြင်းအပေါ် ရုံးတော်က ဆက်လက်စိစစ်ခဲ့ပါသည်။

ကာလစည်းကမ်းသတ်အက်ဥပဒေပထမဇယား အမှတ်စဉ်-၆၆ ပြဋ္ဌာန်းချက်အရ ပေးဆပ်ရန်သတ်မှတ်ထားသည့်နေ့ရက်မှစတင်၍ သုံးနှစ်အတွင်း စွဲဆိုရမည်ဖြစ်ကြောင်း၊ တရားလိုက တရားပြိုင်အပေါ် ၂၀၁၀ ပြည့်နှစ် မေ ၅ ရက် ရက်စွဲပါ စာချုပ်အရ ငွေကျပ်သိန်း ၂၀ ရလိုကြောင်း ယခင်တရားမကြီးမှုအမှတ်-၁၀/၂၀၁၃ အမှုကိုစွဲဆိုခဲ့ရာ ကာလစည်းကမ်းသတ်နှင့်စပ်လျဉ်း၍ အငြင်းပွားမှုမပေါ်ပေါက်ခဲ့သည့်အပြင် မြို့နယ်တရားရုံးတွင် တရားလိုက အနိုင်ဒီကရီလည်း ရရှိခဲ့သည်။

ထို့နောက် အယူခံရုံးများဖြစ်သော မြောင်းမြခရိုင်တရားရုံးနှင့် ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်တို့၏ သုံးသပ်ဆုံးဖြတ်ချက်အရ **တရားလိုက အမွေဆက်ခံခွင့်လက်မှတ် လျှောက်ထားရယူပြီးနောက် ယခုတရားမကြီးမှုအမှတ်-၅၀/၂၀၁၅ အမှုစွဲဆိုခြင်းမှာ ကာလစည်းကမ်းသတ်သုံးနှစ်ကို ကျော်လွန်နေပြီဖြစ်ကြောင်း** တရားပြိုင်ဘက်မှ ကန့်ကွက်တင်ပြလာရာ စီရင်ပိုင်ခွင့်အာဏာမရှိသည့် တရားရုံးတွင် သဘောရိုးဖြင့် စွဲဆိုခဲ့သည့်အချိန်ကာလကို ထုတ်ပယ်ခွင့်ရခြင်းနှင့်စပ်လျဉ်း၍ ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ-၁၄ တွင် ပြဋ္ဌာန်းထားကြောင်း ဒုတိယအကြိမ် တရားလိုစွဲဆိုသော တရားမကြီးမှုအတွက် စည်းကမ်းသတ်ကာလသည် ဤပုဒ်မပြဋ္ဌာန်းချက်နှင့် အကျုံးဝင်သက်ဆိုင်ခြင်းရှိ၊ မရှိကို ဆက်လက်စိစစ်ခဲ့ပါသည်။

**ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ-၁၄(၁) အရ စီရင်ပိုင်ခွင့်အာဏာမရှိခြင်းကြောင့်ဖြစ်စေ၊ အခြားအလားတူသဘောရှိသော အကြောင်းကြောင့်ဖြစ်စေ၊ သဘောရိုးဖြင့် စွဲဆိုသည့်ကိစ္စ၌ ထိုတရားရုံးတွင် ကုန်လွန်ခဲ့သောအချိန်ကာလကို ထုတ်ပယ်ရမည်ဖြစ်ကြောင်း** အထူးအယူခံခုံရုံးက စိစစ်ဖော်ထုတ်သုံးသပ်ခဲ့ပါသည်။

မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ လင် သို့မဟုတ် မယားကွယ်လွန်သောအခါ ကျန်ရစ်သူသည် လင်မယားပိုင်ပစ္စည်းတွင် ကွယ်လွန်သူ၏ အကျိုးသက်ဆိုင်ခွင့်ကို မိသားစုအဖြစ်ဆက်ခံခြင်း (by survivorship) မဟုတ်ဘဲ အမွေကြောင်းအရဆက်ခံသည်။ သို့ဖြစ်ရာ မုဆိုးမဖြစ်သူ ဒေါ်ခင်ထားရီက ကွယ်လွန်သူ ခင်ပွန်းရရန်ရှိသော ကြွေးမြီကိုရလိုကြောင်း စွဲဆိုသောအခါ၌ ဒီကရီမချမီ အမွေဆက်ခံခွင့်လက်မှတ်လျှောက်ထားတောင်းယူရမည်ဖြစ်ကြောင်း မောင်ဖိုးထွားနှင့် မငွေဇင်အမှု ၁၉၃၇ ခုနှစ်၊ ရန်ကုန်စီရင်ထုံး စာ-၃၉၆ ကို အထူးအယူခံခုံရုံးက ရည်ညွှန်းခဲ့ပါသည်။

တရားရုံးသည် တရားလိုက အမွေဆက်ခံခွင့် လက်မှတ်တင်ပြရန် သင့်တင့်သောအချိန် ခွင့်ပြုရမည်။ **တရားလိုစွဲဆိုသောအမှုတွင် အမွေဆက်ခံခွင့် လက်မှတ်မပါသည့်အကြောင်းကြောင့် အမှုကို ပလပ်ခြင်းမပြုနိုင်၊ အယူခံရုံးသည် အမွေဆက်ခံခွင့် လက်မှတ်တင်ပြရန် စည်းကမ်းချက်သတ်မှတ်၍ ယာယီဒီကရီချမှတ်နိုင်သည်။ သို့တည်းမဟုတ် ဒီကရီကို ရပ်ဆိုင်းထားနိုင်သည့်အပြင် တရားလိုအား သင့်တော်သောအချိန် ခွင့်ပြုကာ အမွေဆက်ခံခွင့် လက်မှတ်တင်ပြလာသောအခါ ကြွေးမြီအတွက် ဒီကရီ ချမှတ်ပေးရန် မူလရုံးကို ဆင့်ခေါ်နိုင်ကြောင်း အထက်ပါ မောင်ဖိုးထွားနှင့် မငွေဇင်အမှုကို အထူးအယူခံခုံရုံးက ညွှန်းဆိုခဲ့ပါသည်။**

အယူခံရုံးသည် တရားလိုပထမအကြိမ်စွဲဆိုသော အိမ်မဲမြို့နယ်တရားရုံး တရားမကြီးမှုအမှတ်-၁၀/၂၀၁၃ အမှုကို ပလပ်ခြင်းမပြုဘဲ တရားလိုက အမွေဆက်ခံခွင့်လက်မှတ်ကိုတင်ပြရန် အချိန်ပေးစောင့်ဆိုင်းပြီး လက်မှတ်တင်ပြမှ ဥပဒေနှင့်အညီ ဒီကရီချမှတ်ပေးရန် မူလမြို့နယ်တရားရုံးကို ညွှန်ကြားသည့်အမိန့်ချမှတ်ခဲ့ပါက တရားလိုသည် ယခုကဲ့သို့ အမှုသစ်ထပ်မံစွဲဆိုရမှုမရှိသောကြောင့် ကာလစည်းကမ်းသတ်ပြဿနာပေါ်ပေါက်ရန်လည်း အကြောင်းရှိမည်မဟုတ်ကြောင်း အထူးအယူခံခုံရုံးက စိစစ်သုံးသပ်ဝေဖန်ခဲ့ပါသည်။

တရားလို၏ပေါ့လျော့မှုကြောင့်မဟုတ်ဘဲ တရားရုံး၏ အမှတ်မှဲ့ဆောင်ရွက်မှုကြောင့် တရားလိုသည် ယခုအမှုကို ထပ်မံစွဲဆိုရခြင်းဖြစ်ရာ တရားရုံး၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့် အမှုသည်ကို ထိခိုက်နစ်နာစေသင့်သည်မဟုတ်ကြောင်း အထူးအယူခံခုံရုံး၏ ဝေဖန်သုံးသပ်ချက်သည် လွန်စွာတန်ဖိုးကြီးမားလှပါသည်။

တရားလို ပထမအကြိမ် တရားမကြီးမှုစတင်စွဲဆိုသည့်အချိန်မှ ထိုအမှုနှင့်စပ်လျဉ်းသည့် အယူခံမှုကို အယူခံတရားရုံးမှ အမိန့်ချသည့်ကာလထိ ကုန်လွန်ခဲ့သောအချိန်ကာလကို တရားလိုက ထပ်မံစွဲဆိုသည့် တရားမကြီးမှုအတွက် စည်းကမ်းသတ်ကာလရေတွက်ရာတွင် ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ-၁၄ (၁) အရ ထုတ်ပယ်ရမည်ဖြစ်ကြောင်း၊ တရားလိုက ပထမအကြိမ်စွဲဆိုသော အိမ်မဲမြို့နယ်တရားရုံး တရားမကြီးမှုအမှတ်-၁၀/၂၀၁၃ အမှုကို ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁၄ ရက်တွင် စွဲဆိုခဲ့ခြင်းဖြစ်ကြောင်း၊ တရားလိုက မူလမြို့နယ်တရားရုံးတွင် အနိုင်ဒီကရီရရှိကြောင်း၊ တရားပြိုင်ဘက်က ခရိုင်တရားရုံးသို့ တင်သွင်းသောအယူခံမှုကို ၂၀၁၄ ခုနှစ် ဇူလိုင် ၁၈ ရက်တွင် ဒီကရီချမှတ်ပြီး တရားလိုက ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်သို့ တင်သွင်းသော ဒုတိယအယူခံမှုကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်တွင် ဒီကရီချမှတ်ကြောင်း သက်သေခံ(ဃ) နှင့် (ခ) စီရင်ချက်ဒီကရီတို့ကို အထူးအယူခံခုံရုံးက ဖော်ထုတ်စိစစ်ခဲ့ပါသည်။

မူလမြို့နယ်တရားရုံးတွင် တရားမကြီးမှုအမှတ်-၁၀/၂၀၁၃ ကို စတင်စွဲဆိုသည့် ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁၄ ရက်မှ ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်က အယူခံမှုကို ဒီကရီချမှတ်သည့် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်ထိ ကုန်လွန်ခဲ့သည့်ကာလကို တွက်ချက်ပါက နှစ်နှစ်နှင့် တစ်လဖြစ်ကြောင်း ရုံးတော်က စိစစ်ဖော်ထုတ်ခဲ့ပါသည်။

စာချုပ်အရ ပေးဆပ်ရန်သတ်မှတ်သည့်နေ့ရက်မှာ ၁၃၇၃ ခုနှစ် တန်ခူးလပြည့်နေ့ ခရစ်သက္ကရာဇ်အရ ၂၀၁၁ ခုနှစ် ဧပြီ ၁၈ ရက်ဖြစ်သောကြောင့် ဒုတိယအကြိမ် တရားမကြီးမှုကို ၂၀၁၅ ခုနှစ် မေ ၈ ရက်တွင် စွဲဆိုခြင်းသည် သတ်မှတ်ရက်မှ လေးနှစ်နှင့် ၂၀ ရက်တွင် စွဲဆိုခြင်းဖြစ်ရာ ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ-၁၄(၁) အရ ထုတ်ပယ်ရမည့်ကာလဖြစ်သော နှစ်နှစ်နှင့် တစ်လကို ထုတ်ပယ်လိုက်ပါက သတ်မှတ်ရက်မှ သုံးနှစ်အတွင်း စွဲဆိုမှုဖြစ်ကြောင်း၊ သို့ဖြစ်ရာ ၂၀၁၅ ခုနှစ် မေ ၈ ရက်တွင် တရားလိုက ဒုတိယအမှုကိုစတင်စွဲဆိုခြင်းသည် စည်းကမ်းသတ်ကာလသုံးနှစ်ကို ကျော်လွန်ခြင်းမရှိကြောင်း အထူးအယူခံရုံးတော်က စေ့စပ်သေချာစွာ တိတိကျကျ စိစစ်ဖော်ထုတ်ခဲ့ပါသည်။

တရားလိုစွဲဆိုသောအမှုကို ပလပ်ခဲ့သည့် အိမ်မဲမြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ပြီး တရားလိုကို အနိုင်ဒီကရီချမှတ်သည့် မြောင်းမြခရိုင်တရားရုံး၏ ဒီကရီအပေါ် ပြင်ဆင်ချက်ဖြင့် ဆက်လက်အတည်ပြုသော ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်၏ စီရင်ချက်နှင့် ဒီကရီသည် မှားယွင်းကြောင်း မတွေ့ရှိရသဖြင့် အဆိုပါဒီကရီကို အတည်ပြုသည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဒီကရီသည်လည်း ဥပဒေအရမှန်ကန်ကြောင်း အထူးအယူခံခုံရုံးက ဝေဖန်ဆန်းစစ်သုံးသပ်ခဲ့ပါသည်။

အထက်ပါအကြောင်းများကြောင့် ကြားနာခဲ့သည့်ပြဿနာကို မြောင်းမြခရိုင်တရားရုံး၏ ဒီကရီကို အတည်ပြုခဲ့သည့် ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်၏ စီရင်ချက်၊ ဒီကရီနှင့် ၎င်းစီရင်ချက်ဒီကရီကို အတည်ပြုပြီး ဝင်ရောက်စွက်ဖက်ခြင်းမပြုသော ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စီရင်ချက်နှင့် ဒီကရီတို့သည် ဥပဒေအရမှန်ကန်ခြင်းရှိကြောင်းဖြေဆိုပြီးနောက် ဤတရားမအထူးအယူခံမှုကို စရိတ်နှင့်တကွ ပလပ်လိုက်ပါသည်။

ဦးဌေးအောင်နှင့် ဒေါ်ခင်ထားရီ ၂၀၂၀ ပြည့်နှစ် တရားမအထူးအယူခံမှုအမှတ်-၅ အမှုကို ရည်ညွှန်းကိုးကားရေးသားတင်ပြလိုက်ရပါသည်။

# ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၄၉၈၃ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

**ဘုတလင် နိုဝင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၄၉၈၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြ၍ သိရသည်။

ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၅၇၈၂ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၄၉၈၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

“ဘုတလင်မြို့နယ်မှာ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီက မြေပဲဧက ၃၅၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လက်ရှိအချိန်ထိ ၃၄၉၈၃ ဧက စိုက်ပျိုးပြီးပါပြီ။ မြေပဲစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့၊ တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ သီးထပ်သီးညှပ်စိုက်ပျိုးကြဖို့အတွက် ဆောင်ရွက်နေပါတယ်”ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြသည်။

ဘုတလင်မြို့နယ်တွင် ယခုနှစ် မြေပဲစိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ GAP နည်းစနစ်ဖြင့်စိုက်ပျိုးရေး စသည့် စိုက်ပျိုးရေးနည်းပညာများ အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ယခုနှစ် လာမည့် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဘုတလင်မြို့နယ်တွင် မြေပဲ ၄၉၇၈ ဧက စိုက်ပျိုးရန် လျာထားကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# တောင်သာမြို့နယ် ဒဟတ္တန်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တောင်သာ နိုဝင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဒဟတ္တန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို အောက်တိုဘာ ၃၁ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လင်းလင်းနွယ်က မြစိမ်းရောင်ကျေးရွာ စီမံကိန်းသည် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ မိသားစု ဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် မြို့ပြနှင့်ကျေးလက်လူနေမှုအဆင့်အတန်းကွာဟမှုကို လျော့ချနိုင်စေရန်ရည်ရွယ်၍ ရန်ပုံငွေများကို ထုတ်ပေးခြင်းဖြစ်ကြောင်း၊ အသင်းသားများအနေဖြင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များနှင့်အညီ ချေးငွေရယူသည့်လုပ်ငန်းများကို အမှန်တကယ် အကောင်အထည်ဖော်ဆောင်ရွက်ကြရန် ရှင်းလင်းပြောကြားပြီး ကျေးရွာမြစိမ်းရောင်ကြီးကြပ်မှုကော်မတီဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၄၈ ဒသမ ၆ သန်း လွှဲပြောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်စီမံကိန်းတာဝန်ခံ ဒေါ်စန်းစန်းမြင့်က ကျေးရွာမြစိမ်းရောင်ကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ ဒဟတ္တန်းကျေးရွာမှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၈ ဦးကိုငွေကျပ် ၁၉ ဒသမ ၂ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၇၈ ဦးကို ငွေကျပ် ၂၉ ဒသမ ၄ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၆ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၄၈ ဒသမ ၆ သန်းထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချစ်ဦးကို**

# မလှိုင်မြို့နယ် ဝါးကျွန်းကံ(နောက်) ကျေးရွာတွင် VDP စီမံကိန်းဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**မလှိုင် နိုဝင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် ရုံးပင်ဇောက်ကျေးရွာအုပ်စု ဝါးကျွန်းကံ(နောက်) ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ဖြင့် ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ရုံးပင်ဇောက်ကျေးရွာအုပ်စု ဝါးကျွန်းကံ (နောက်)ကျေးရွာတွင် ကျေးရွာတွင်းလမ်း အရှည် ပေ ၈၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်စုစုက လုပ်ငန်းများ အရည်အသွေးပြည့်မီအောင်နှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။



ဝါးကျွန်းကံ(နောက်)ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင် ငွေကျပ် ၅၃၉၇၀၀၀ ဖြင့် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ နည်းပညာပံ့ပိုးကူညီကာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ ဦးဆောင်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဩဂုတ်လ တတိယပတ်မှစ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါလုပ်ငန်းများ ၈၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်စုစုထံမှ သိရသည်။

**ဟိန်းထက်ရိုး(မလှိုင်)**

# မိုးနဲမြို့နယ် ခဲတောင်ကြီးကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မိုးနဲ နိုဝင်ဘာ ၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်ခရိုင် မိုးနဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စိုက်ပျိုးမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများနှင့် အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများအတွက် လိုအပ်သောငွေကြေးအရင်းအနှီးများ ရရှိစေရန်ရည်ရွယ်၍ ခဲတောင်ကြီးကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF) လုပ်ငန်းများ ဆောင်ရွက်နေမှုကို အောက်တိုဘာ ၃၁ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုးနဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအာကာဖြိုးနှင့်စီမံကိန်းတာဝန်ခံဝန်ထမ်းများက ခဲတောင်ကြီးကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်းဖြင့် ဝက်မွေးမြူရေးဆောင်ရွက်နေမှုများ၊ ဖြည့်သွင်းရမည့်ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊မရှိ ကြည့်ရှုစစ်ဆေးပြီး မိုးနဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးက ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း အသင်းသူ၊ အသင်းသားများနှင့် တွေ့ဆုံကာ စီမံကိန်းလုပ်ငန်းများ ရေရှည်တည်တံ့ရေး ဝိုင်းဝန်းဆောင်ရွက်ကြရန် မှာကြားသည်။

မိုးနဲမြို့နယ် ခဲတောင်ကြီးကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၀၀ နှင့် အသင်းဝင်များက ထည့်ဝင်ငွေကျပ် သိန်း ၃၀ စုစုပေါင်းငွေကျပ် သိန်း ၁၃၀ ဖြင့် ဒေသဝက်မွေးမြူခြင်းလုပ်ငန်းလုပ်ကိုင်မည့် အသင်းဝင် ငါးဦးပါ အစုအဖွဲ့တစ်ဖွဲ့ကို ထုတ်ချေးပေးထားကြောင်း သိရသည်။

**သံသာ**

# မင်းတုန်းမြို့နယ် ကူဖြူကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းတုန်း နိုဝင်ဘာ ၁**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းတုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူဖြူကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို အောက်တိုဘာ ၃၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းတုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လှမျိုးသူက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးပေးရခြင်း၏ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ အရင်းဆပ်ကာလ၊ အတိုးဆပ်ကာလ၊ စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းထားသတ်မှတ်ချက်များ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့်ခံစားပိုင်ခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မင်းတုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ စီမံကိန်းတာဝန်ခံက ချေးငွေထုတ်ပေးရာတွင် လိုက်နာရမည့် သတ်မှတ်စည်းမျဉ်းစည်းကမ်းများကိုရှင်းလင်းပြောကြားပြီး မြို့နယ် ဦးစီးမှူး ဒေါ်လှမျိုးသူက ကူဖြူကျေးရွာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၅၃ ဒသမ ၄ သန်း လွှဲပြောင်းပေးအပ်သည်။

မင်းတုန်းမြို့နယ် ကူဖြူကျေးရွာမှ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ၂၆ ဦးကို ငွေကျပ် ၁၇ ဒသမ ၂ သန်း၊ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ ၄၅ ဦးကို ငွေကျပ် ၂၆ ဒသမ ၈ သန်း၊ ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် ၁ ဒသမ ၁ သန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦးကို ငွေကျပ် ၈ ဒသမ ၃ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၈၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၅၃ ဒသမ ၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုနိုင်**

ကိုဗစ် - ၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

# တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ် သင်တန်းသားများ အလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို) ဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ၁-၁-၂၀၂၄ ရက်နေ့တွင် အသက် ၁၆ နှစ် အောက်မငယ်ရ၊ ၁၉ နှစ် ၆ လ ထက်မကြီးရ။

(ဂ) တက္ကသိုလ်ဝင်စာမေးပွဲကို ရူပဗေဒ၊ ဓာတုဗေဒ နှင့် ဇီဝဗေဒဘာသာတွဲများဖြင့် အောင်မြင်ပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံးအရပ် (၅)ပေ (၃)လက်မ၊ ကိုယ်အလေးချိန် ပေါင် (၁၀၀) ထက်မနည်းရ၊ ပေါင် (၁၄၀) ထက်မကျော်ရ။

(င) မျက်မှန်တပ်ဆင်ထားသူ မဖြစ်စေရ။

၂။ လျှောက်လွှာများအား နီးစပ်ရာ တပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal (www. myawady.net. mm/nurse(male)) တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၈-၁၀-၂၀၂၃ ရက်နေ့မှစ၍ ၁၈-၁၁-၂၀၂၃ ရက်နေ့အတွင်း နီးစပ်ရာ တပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်း ရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ။

(င) အိမ်ထောင်စုလူဦးရေစာရင်း(ပုံစံ-၆၆/၆)မိတ္တူ။

(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ နေပြည်တော်၌ ၂-၁၂-၂၀၂၃ ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။

၄။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် ၁၂-၁၂-၂၀၂၃ ရက်နေ့မှ ၁၈-၁၂-၂၀၂၃ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့မှ စစ်ဆေးအောင်မြင်သူများကို စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၆၈၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၇၄၀၀၀)ကျပ်၊ တတိယနှစ်(၁၈၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၈၆၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များ အပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့ (ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ)
B.Med.Tech(Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့ (ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ)
B.Med.Tech(Physiotherapy)

(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့ (ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ)
B.Med.Tech(Medical Imaging Technology)

(စ) ခြေတုလက်တုနှင့်အားပြုကိရိယာနည်းပညာသိပ္ပံဘွဲ့
B.Med.Tech(Prosthetics and Orthotics)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု (Nurse) နှင့် ဆေးဘက်ကျွမ်းကျင်သူများအဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် မဟာသိပ္ပံဘွဲ့ (Master of Science) နှင့် ပါရဂူဘွဲ့ (Ph.D)သင်တန်းများတက်ရောက်ခွင့်ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု (Nurse)/ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း)အမှုထမ်းသက်(၁)နှစ်၊အထက်တန်းသူနာပြု/ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း)အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း ၃ နှစ်ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် ဒုတိယဗိုလ်(အထက်တန်းသူနာပြု/ကျွမ်းကျင်သူ(ဒုတိယတန်း))အဖြစ် စတင်ခန့်အပ်ပေးမည်။

မှတ်ချက်။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

# တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ် သင်တန်းသူအမျိုးသမီးများ အလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို) ဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ၁-၁-၂၀၂၄ ရက်နေ့တွင် အသက် ၁၆ နှစ် အောက်မငယ်ရ၊ ၁၉ နှစ် ၆ လ ထက်မကြီးရ။

(ဂ) တက္ကသိုလ်ဝင်စာမေးပွဲကို ရူပဗေဒ၊ ဓာတုဗေဒ နှင့် ဇီဝဗေဒဘာသာတွဲများဖြင့် အောင်မြင်ပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံးအရပ် (၅)ပေ (၃)လက်မ၊ ကိုယ်အလေးချိန် ပေါင် (၁၀၀) ထက်မနည်းရ၊ ပေါင် (၁၃၀) ထက်မကျော်ရ။ (အထက်ပါအတိုင်း ကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)

(င) မျက်မှန်တပ်ဆင်ထားသူ မဖြစ်စေရ။

၂။ လျှောက်လွှာများအား နီးစပ်ရာ တပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal (www. myawady.net.mm/nurse(male)) တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၈-၁၀-၂၀၂၃ ရက်နေ့မှစ၍ ၁၈-၁၁-၂၀၂၃ ရက်နေ့အတွင်း နီးစပ်ရာ တပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်း ရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ။

(င) အိမ်ထောင်စုလူဦးရေစာရင်း(ပုံစံ-၆၆/၆)မိတ္တူ။

(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ နေပြည်တော်၌ ၂-၁၂-၂၀၂၃ ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။

၄။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် ၁၂-၁၂-၂၀၂၃ ရက်နေ့မှ ၁၈-၁၂-၂၀၂၃ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့မှ စစ်ဆေးအောင်မြင်သူများကို စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၆၈၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၇၄၀၀၀)ကျပ်၊ တတိယနှစ်(၁၈၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၈၆၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များ အပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့ (ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ)
B.Med.Tech(Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့ (ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ)
B.Med.Tech(Physiotherapy)

(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့ (ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ)
B.Med.Tech(Medical Imaging Technology)

(စ) ခြေတုလက်တုနှင့်အားပြုကိရိယာနည်းပညာသိပ္ပံဘွဲ့
B.Med.Tech(Prosthetics and Orthotics)


၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု (Nurse) နှင့် ဆေးဘက်ကျွမ်းကျင်သူများအဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် မဟာသိပ္ပံဘွဲ့ (Master of Science) နှင့် ပါရဂူဘွဲ့ (Ph.D)သင်တန်းများတက်ရောက်ခွင့်ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု (Nurse)/ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း)အမှုထမ်းသက်(၁)နှစ်၊အထက်တန်းသူနာပြု/ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း)အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း ၃ နှစ်ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် ဒုတိယဗိုလ်(အထက်တန်းသူနာပြု/ကျွမ်းကျင်သူ(ဒုတိယတန်း))အဖြစ် စတင်ခန့်အပ်ပေးမည်။

မှတ်ချက်။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

ပြင်ဦးလွင်
# နန်းမြိုင်ကော်ဖီ

PURE ARABICA COFFEE






ပင်ရင်းအရောင်းဌာန -ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

## Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။



အငြိမ်းစား လစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ဝန်ထမ်းလစာ / ပင်စင်လစာ ထုတ်ပေးခြင်း ၊ ငွေသွင်း ငွေထုတ်ခြင်း/ ငွေလွှဲခြင်း ၊ ဈေးဝယ်ခြင်း
Skynet Bill Payment ပေးသွင်းခြင်း ၊ Gift Card Bill ပေးခြင်း ၊
Internet Bill ပေးဆောင်ခြင်း ၊ E - Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊
လျှပ်စစ်မီတာ Bill များ ပေးဆောင်ခြင်း ၊ ပြည်ပ ငွေလွှဲ (ထိုင်း)

ပြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်းအတွက် Customs Duty ပေးဆောင်မှုများအား MMM Service အသုံးပြုပြီး လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ပါပြီ ။

ရုံးချုပ် -အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း-၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း-၀၉ ၃၁၀၀ ၁၅၃၆

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။
၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။
၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။
၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။
၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ
ကျန်းမာရေးဦးစီးဌာန

## ဆေးလိပ်ဖြတ်ရင် ဘာအကျိုးကျေးဇူးတွေရမလဲ



- ဆေးလိပ်/ဆေးရွက်ကြီးသုံးစွဲမှုကြောင့် အသက်ရှူလမ်းကြောင်းရောဂါ၊ နှလုံးရောဂါ၊ လေဖြတ်ရောဂါ၊ ခြေပုပ်လက်ပုပ်ရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိကွယ်ခြင်းတို့ ဖြစ်ပွားနိုင်သည့်အပြင် ကင်ဆာရောဂါ အမျိုးမျိုးတို့ဖြစ်ပွား၍ လူ့သက်တမ်းစေ့မနေရဘဲ စောစီးစွာ သေဆုံးနိုင်ပါသည်၊
- ကိုယ်တိုင်ဆေးလိပ်မသောက်သော်လည်း တစ်ဆင့်ခံဆေးလိပ်ငွေ့ကို ရှူရှိုက်ရခြင်းသည် ဆေးလိပ်လောင်ကျွမ်းရာမှ ထွက်လာသောအဆိပ်ငွေ့များနှင့် ဆေးလိပ်သောက်သုံးသူမှ ရှူထုတ်လိုက်သော အငွေ့များကို ပါအစီခံ (Filter) မပါဘဲတိုက်ရိုက်ရှူရှိုက်မိသောကြောင့် ဆေးလိပ်သောက်သူနှင့် အတူနေသူများတွင် ပို၍အန္တရာယ်ကြီးမားပါသည်၊







- တစ်ဆင့်ခံဆေးလိပ်ငွေ့ကြောင့် ကိုယ်ဝန်ဆောင် အမျိုးသမီးများတွင် အထက်ဖော်ပြပါ ရောဂါအမျိုးမျိုးတို့အပြင် ကိုယ်ဝန်ပျက်ကျခြင်း၊ ကိုယ်အလေးချိန်မပြည့်သောကလေး မွေးဖွားခြင်းတို့ ဖြစ်နိုင်ပြီး ကလေးများတွင် မွေးကင်းစကလေး ရုတ်တရက်သေဆုံးခြင်း၊ နားရောဂါဖြစ်ပွားခြင်း၊ မကြာခဏ နေမကောင်းဖြစ်ခြင်း၊ အဆုတ်ကြီးထွားဖွံ့ဖြိုးမှုကို ထိခိုက်ခြင်းနှင့် ပန်းနာရင်ကျပ်ရောဂါခံစားရခြင်း စသည်တို့ကို ဖြစ်ပွားစေပါသည်၊

- ဆေးလိပ်သောက်တာကို ရပ်လိုက်ပြီဆိုရင် မိနစ်(၂၀)အတွင်း နှလုံးခုန်နှုန်းမြန်တာတွေ၊ သွေးပေါင်ချိန် တက်နေတာတွေ လျော့ကျသွားပါမယ်၊
- နောက်ထပ်(၁၂)နာရီအကြာမှာတော့ အဆိပ်ငွေ့တွေဖြစ်တဲ့ ကာဗွန်မိုနောက်ဆိုဒ် (Carbon monoxide) တွေ သွေးတွင်းမှာပါဝင်မှုလျော့ကျပြီး အောက်ဆီဂျင်ပမာဏ ပြန်တက်လာပါမယ်၊
- နောက်ထပ်(၂)ပတ်ကနေ (၁၂)ပတ်အတွင်းမှာ နှောကိုယ်တွင်းသွေးလှည့်ပတ်မှုစနစ်နဲ့ အသက်ရှူလမ်း ကြောင်းစနစ်တို့ သိသိသာသာ ကောင်းမွန်လာပါမယ်၊
- ဆေးလိပ်သောက်သူတွေဟာ မသောက်သူတွေထက် အဆုတ်ကင်ဆာဖြစ်ပွားနိုင်ခြေ (၂၂) ဆပိုများ ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ထုတ်ပြန်ထားပါတယ်၊



❖ တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော်လုံခြုံရေး၊ ကာကွယ်ရေး၊ နိုင်ငံသူ၊ နိုင်ငံသားတို့၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာကို ကာကွယ်စောင့်ရှောက်ရေးပင်ဖြစ်သည့်အတွက် မိမိတို့တာဝန်များကို မှန်မှန်ကန်ကန်ဖြင့် ကျေပွန်စွာထမ်းဆောင်နိုင်ရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ် မတ် ၆ ရက်တွင် ပြုလုပ်သော ကလောတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တပ်နယ်ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မထွက်ကျိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။



## နိုင်ငံတော်အစိုးရအစီအစဉ်ဖြင့် အစ္စရေးနိုင်ငံရောက် မြန်မာနိုင်ငံသားများ မြန်မာနိုင်ငံသို့ ဒုတိယအသုတ်အဖြစ် ထပ်မံရောက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၁**

အစ္စရေးနိုင်ငံတွင် ဖြစ်ပွားနေသောစစ်ပွဲအခြေအနေကြောင့် အခက်အခဲများနှင့် ကြုံတွေ့နေရသော မြန်မာနိုင်ငံသားများကို ကယ်ထုတ်ရေးစီမံချက်အရ နိုင်ငံတော်အစိုးရ အစီအစဉ်ဖြင့် ယနေ့တွင် ဒုတိယအသုတ်အဖြစ် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးနိုင်ခဲ့သည်။

အဆိုပါအစ္စရေးနိုင်ငံရောက် မြန်မာနိုင်ငံသားများသည် အောက်တိုဘာ ၃၁ ရက်တွင် တဲလ်အဗစ်မှ လေကြောင်းခရီးစဉ် **LY083 (ELAL)**ဖြင့် ထွက်ခွာခဲ့ပြီး ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှတစ်ဆင့် ယနေ့ညနေပိုင်းတွင် မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်းအမှတ် **8M334** ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

မြန်မာနိုင်ငံသို့ ဒုတိယအသုတ်အဖြစ် ထပ်မံရောက်ရှိလာသည့် မြန်မာနိုင်ငံသားများကို နိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ **စာမျက်နှာ ၁၇ ကော်လံ ၁☆**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ မြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**မလေးရှားနိုင်ငံသို့ ပို့ဆောင်မည့် မူးယစ်ဆေးဝါးများ ကော့သောင်းမြို့၏ အနောက်တောင်ဘက် ရေမိုင် ၁၅၇ မိုင်ခန့်အကွာ၌ ဖမ်းဆီးရမိ** **စာမျက်နှာ - ၂၁**

